# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၄ ခုနှစ် ၊ သီတင်းကျွတ်လပြည့်ကျော် (၈) ရက် ၊ တနင်္လာနေ့ ၊ (17-10-2022) ၊ အတွဲ (၃၁) ၊ အမှတ် (၁၇၀)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့်စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# စုစည်းညီညွတ်သည့်အားဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို အောင်မြင်စွာထမ်းဆောင်နိုင်ရမည်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် မော်လမြိုင်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၆**

မည်သည့်အလုပ်ကို လုပ်ကိုင်သည်ဖြစ်စေ ခွန်အားစိုက်ထုတ်ဆောင်ရွက်ပါက အောင်မြင်မှုကို ရရှိမည်ဖြစ်သဖြင့် **အားပြည့်အင်ပြည့်ဖြင့် အားထည့်ဆောင်ရွက်တတ်သည့် အလေ့အကျင့်ကို မွေးမြူဆောင်ရွက်ကြရန်လို**ကြောင်း၊ **တစ်ဦးချင်း အားထည့်ဆောင်ရွက်ခြင်းနှင့် စုစည်းညီညွတ်သည့် အားဖြင့် ဆောင်ရွက်ခြင်းသည် တပ်တွင်းစည်းလုံးညီညွတ်မှုကို ပိုမိုအောင်မြင်စေမည်ဖြစ်**ကြောင်းနှင့် **နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရာတွင်လည်း စုစည်းညီညွတ်သည့်အားကို ရရှိစေမည်ဖြစ်**ကြောင်းဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ယနေ့မွန်းလွဲပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် မော်လမြိုင်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြားစဉ် ထည့်သွင်းပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်နှင့်ဇနီး၊ **စာမျက်နှာ ၁၆ ကော်လံ ၁ ➾**

**မွန်ပြည်သစ်ပါတီ(NMSP)မှ ဒုတိယဥက္ကဋ္ဌ နိုင်အောင်မင်း ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်မှ ပြန်လည်ထွက်ခွာ** စာမျက်နှာ - ၂၃

**(၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ယှဉ်ပြိုင်မှုများ အောင်မြင်စွာပြီးစီး** စာမျက်နှာ - ၂၂

**ကျောက်ဆည်မြို့နယ်တွင် ဆင်အကအလှပြိုင်ပွဲကို အောက်တိုဘာ ၂၂ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်** စာမျက်နှာ - ၁၁




ရတနာပုံ
၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၇ ရက်
အယ်ဒီတာ့အာဘော်

# ဆန်စပါးတင်ပို့မှုကဏ္ဍမြှင့်တင်ရေး

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသောနိုင်ငံဖြစ်သည်။ ထို့ကြောင့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပုံစံအမျိုးမျိုး၊ နည်းအဖုံဖုံဖြင့် ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် နိုင်ငံတော်က စိုက်ပျိုးရေးလုပ်ငန်းများတွင် လုပ်ကိုင်နေကြသော တောင်သူများကို စိုက်ပျိုးရေးနည်းစနစ်များ၊ အခြားလိုအပ်သောနည်းစနစ်များ၊ သွင်းအားစုများ ဖြည့်ဆည်းပေးခြင်း၊ ထွက်ရှိလာသောသီးနှံများကို ပြန်လည်ရောင်းချရာတွင် အကျိုးအမြတ်ရရှိစေရေးတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသများတွင် နေထိုင်ကြပြီး စိုက်ပျိုးရေးကို အခြေခံသည့် စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ကြသည်။ စိုက်ပျိုးရေးတွင် စပါးကို အဓိကစိုက်ပျိုးကြသည်။ ထွက်ရှိလာသည့်စပါးကို ဆန်အဖြစ်ကြိတ်ခွဲပြီး ပြည်တွင်းစားသုံးမှုဖူလုံစေရန် ဖြန့်ဖြူးပေးသည်။ ပိုလျှံသည့်ဆန်ကို ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချပြီး ပြည်ပဝင်ငွေရရှိအောင် ဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် ဆန်စပါးသည် နိုင်ငံတော်၏ အဓိကစားနပ်ရိက္ခာဖြစ်သကဲ့သို့ ပြည်ပပို့ကုန်အဖြစ်ဖြင့် ဝင်ငွေရှာနေရသောသီးနှံလည်းဖြစ်သည်။ ဆန်စပါးသည် ပြည်တွင်းစားသုံးမှုဖူလုံစေရုံသာမက ပြည်ပပို့ကုန်အဖြစ် ထုတ်လုပ်ရသောသီးနှံဖြစ်သောကြောင့် တစ်နှစ်လျှင် မိုးစပါး၊ နွေစပါးစိုက်ပျိုးကာ အထွက်နှုန်းကောင်းစေရန်အတွက်လည်း ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ပို့ကုန်မြှင့်တင်ရေးကို အဓိကဦးစားပေးဆောင်ရွက်လျက်ရှိသည်။ ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးအတွက် နိုင်ငံ၏ရေ၊ မြေ၊ ရာသီဥတုနှင့်ကိုက်ညီပြီး ပြည်ပဈေးကွက်ကို ပိုမိုတင်ပို့နိုင်မည့် အလားအလာများရှိသည့် ပို့ကုန်များကို ပိုမိုတိုးချဲ့ထုတ်လုပ်တင်ပို့နိုင်ရန်အတွက် ဆောင်ရွက်လျက်ရှိရာတွင် ဆန်စပါးကဏ္ဍကို မြှင့်တင်ဆောင်ရွက်ခြင်းသည် အချိန်တိုအတွင်း ရလဒ်ကောင်းများရစေနိုင်သည့် **(Quick Win)** အစီအစဉ်တစ်ခုလည်းဖြစ်သည်။

ပြည်ပပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရန်အတွက် ရေးဆွဲအကောင်အထည်ဖော်လျက်ရှိသည့် "အမျိုးသားပို့ကုန်မဟာဗျူဟာ"၏ ဦးစားပေးပို့ကုန်များထဲတွင် ဆန်နှင့်ဆန်ထွက်ပစ္စည်းကဏ္ဍသည် ဦးစားပေးကဏ္ဍတစ်ရပ်အဖြစ် ပါဝင်သည်။ ဆန်စပါးတင်ပို့မှုမြှင့်တင်ရေးမဟာဗျူဟာ၏ မျှော်မှန်းချက်သည် "ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဝင်ငွေတိုးပွားလာစေရေးအတွက် အရည်အသွေးမြင့်မားပြီး သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်မည့် ရေရှည်ဖွံ့ဖြိုးတိုးတက်သည့် ဆန်စပါးထုတ်လုပ်ရေးနှင့် တင်ပို့ရေး"ဖြစ်သည်။

ယခု ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ခြောက်လတာကာလအတွင်း ဆန်တန်ချိန်ငါးသိန်းကျော်နှင့် ဆန်ကွဲတန်ချိန် ၃ ဒသမ ၆ သိန်း စုစုပေါင်းတန်ချိန် ၈ ဒသမ ၆ သိန်းကျော်ကို ပြည်ပနိုင်ငံ ၃၈ နိုင်ငံသို့ တင်ပို့နိုင်ခဲ့သည်။ ဆန်တင်ပို့မှုတန်ချိန် ၈ ဒသမ ၆ သိန်းကျော်အနက် ပေါင်းဆန် ၅ ရာခိုင်နှုန်း၊ ဆန်ကွဲ ၄၂ ရာခိုင်နှုန်း၊ ပုံမှန်ဆန်တင်ပို့မှု ၅၃ ရာခိုင်နှုန်းဖြစ်နေသည့်အတွက် ပြည်ပပို့ကုန်အလားအလာကောင်းမွန်နေသည်ကို တွေ့ရသည်။

သို့ဖြစ်ရာ နိုင်ငံတော်အနေဖြင့် စပါးအထွက်တိုးစေရေးအတွက် တောင်သူတို့၏လိုအပ်ချက်ဖြစ်သော သွင်းအားစုများ၊ စိုက်ပျိုးရေးနည်းစနစ်များ၊ စိုက်ပျိုးရေးစရိတ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနေသကဲ့သို့ တောင်သူများကလည်း နိုင်ငံအတွက် စားနပ်ရိက္ခာဖူလုံစေရုံသာမက ပြည်ပတင်ပို့မှု ပိုမိုမြှင့်တင်နိုင်စေရန် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး အောက်တိုဘာ ၁၆**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့်ဝေဘာရစနကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူးရဟန်းသံဃာတော်များနှင့်ပြည်သူ စုစုပေါင်း ၁၁၃၉၁၇ ဦးလာရောက်ဖူးမြော်ကြကြောင်း သိရသည်။

"ဒီနေ့ဟာဆိုရင် ရုံးပိတ်ရက်ဖြစ်တာကြောင့် ဝေဘာရစနကျောက်စိမ်းစေတီတော်ကို အနယ်နယ်အရပ်ရပ်ကနေ လာရောက်ဖူးမြော်ကြပါတယ်။ နားနေဆောင်မှာလဲ ဝင်ရောက်နားခိုကြပါတယ်။ သနပ်ခါးကျောက်ပျဉ်ကြီးတွေမှာလဲ ဝင်ရောက်လိမ်းခြယ်ကြတာကို တွေ့ရပါတယ်။ ဆိုင်ခန်းတွေလဲ ဖွင့်လှစ်ရောင်းချနေပါတယ်။ ဘုရားဖူးတွေကလဲ အိမ်ပြန်လက်ဆောင်အဖြစ် ဝယ်ယူတာတွေနဲ့ စည်ကားနေပါတယ်။ လိုဏ်ဂူအတွင်းကိုလဲ ဝင်ရောက် လေ့လာကြပါတယ်"ဟု ဝေဘာရစနကျောက်စိမ်းစေတီတော်ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြသည်။

ဝေဘာရစနကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ ညနေထိ ဘုရားဖူးဦးရေ ၂၆၃၀ လာရောက် ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ ညနေထိ ဘုရားဖူး ၁၀၉၉၅၉ ဦး လာရောက်ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီ မိနစ် ၃၀ မှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း မဟာမုနိရုပ်ရှင်တော် ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

ထို့အတူ မန္တလေးတောင်တော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ ညနေထိ ဘုရားဖူး ၁၃၂၈ ဦး လာရောက်ဖူးမြော်ကြောင်း မန္တလေးတောင်တော်ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြ၍ သိရသည်။

(၁၈၅)

# မန္တလေးဈေးကွက်အတွင်း သကြားအရောင်းအဝယ်ကောင်းလာ၍ တစ်ပိဿာလျှင် ငွေကျပ် ၂၄၀၀ ဖြင့် ဈေးကောင်းရရှိ

**မန္တလေး အောက်တိုဘာ ၁၆**

မန္တလေး ဈေးကွက်အတွင်း သကြားအရောင်းအဝယ် ကောင်းလာ၍ သကြားတစ်ပိဿာလျှင် ငွေကျပ် ၂၄၀၀ ဖြင့် ဈေးကောင်းရရှိနေကြောင်း မြန်မာနိုင်ငံသကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း(မန္တလေး) ဒုတိယဥက္ကဋ္ဌ ဦးဝင်းဌေးက ပြောပြ၍ သိရသည်။

ပြည်တွင်းမှ ထွက်ရှိသည့် သကြားများကို မန္တလေး၊ ရန်ကုန်၊ ပြင်ဦးလွင် စသည့်မြို့ကြီးများမှ ကုန်သည်များက ဝယ်ယူမှုများပြားလာပြီး အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း၊ ထိုသို့ အရောင်းအဝယ် ကောင်းလာခြင်းကြောင့် သကြားဈေးမှာလည်း ဈေးကောင်းရရှိလာကြောင်း သိရသည်။

"သကြားဈေးတွေက အခုနှစ်ထဲမှာ တဖြည်းဖြည်းတက်လာတယ်။ အခုလက်ရှိက သကြားအရောင်းအဝယ်ကလဲ ကောင်းတာကြောင့် ကုန်စည်လက်ကျန်ကလဲ ဈေးကွက်ထဲ တဖြည်းဖြည်းနည်းပါးလာပြီးတော့ ဈေးကောင်းပြန်ရနေပါတယ်" ဟု ဦးဝင်းဌေးက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း အောက်တိုဘာလ ပထမပတ်က သကြားတစ်ပိဿာလျှင် ငွေကျပ် ၂၂၀၀ ခန့်သာ ပေါက်ဈေးရှိခဲ့သော်လည်း ယနေ့ပေါက်ဈေးအရ သကြားတစ်ပိဿာလျှင် ငွေကျပ် ၂၄၀၀ ပေါက်ဈေးရှိနေကြောင်း သိရသည်။

"မန္တလေး ဈေးကွက်ထဲမှာ သကြားအရောင်းအဝယ် ကောင်းနေပေမဲ့ ဈေးနှုန်းကတော့ တအားထိုးတက်သွားတာမရှိဘူး။ အခု သကြားလက်ကျန် ရှားပါးတာကြောင့် မန္တလေးဈေးကွက်ထဲမှာ သကြား အရောင်းအဝယ်လုပ်တဲ့ ကုန်သည်တွေ ဈေးကောင်းရနေပါတယ်"ဟု ဦးဝင်းဌေးက ပြောပြ၍ သိရသည်။

(၁၈၄)

# ယခုတစ်ပတ်အတွင်း ပြည်တွင်းရွှေဈေးနှုန်း ပြန်လည်ကျဆင်းလာ

**မန္တလေး အောက်တိုဘာ ၁၆**

ယခုတစ်ပတ်အတွင်း ပြည်တွင်းရွှေဈေးနှုန်းများ ပြန်လည်ကျဆင်းလာပြီး ကမ္ဘာ့ရွှေဈေးနှုန်းများလည်း တည်ငြိမ်မှုမရှိဘဲ ဆက်တိုက်ကျဆင်းခဲ့ကာ အပြောင်းအလဲရှိနေဆဲဖြစ်ကြောင်း မန္တလေးရွှေဈေးကွက်အတွင်းမှ သိရသည်။

ပြည်တွင်းရွှေဈေးနှုန်းများ ပြန်လည် ကျဆင်းလာသော်လည်း အရောင်းအဝယ်အနေဖြင့် ပုံမှန်အခြေအနေတွင်သာ ရှိနေပြီး အရောင်းအဝယ် တည်ငြိမ်နေကြောင်း သိရသည်။

"အခုတစ်ပတ်ထဲ ကမ္ဘာ့ရွှေဈေးနဲ့အတူ မြန်မာ့ရွှေဈေးလဲ အနည်းငယ်လိုက်ကျလာပါတယ်။ ပြည်တွင်းရွှေဈေးက အတက်အကျရှိလဲ နည်းနည်းပဲဆိုတော့ အရောင်းအဝယ်က ငြိမ်တယ်"ဟု မန္တလေးမြို့မှ ရွှေကုန်သည် ဦးအောင်နိုင်မင်းက ပြောပြသည်။

ယခုတစ်ပတ်တွင် ကမ္ဘာ့ရွှေဈေး တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၆၉၄ ဒေါ်လာဖြင့် ဈေးတန်းဖွင့်ခဲ့ပြီး ၁၆၇၃ ဒေါ်လာထိ အမြင့်ဆုံးတက်ခဲ့ကြောင်း၊ ထို့နောက် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၆၄၈ ဒေါ်လာထိ အနိမ့်ဆုံးကျဆင်း၍ ၁၆၄၄ ဒေါ်လာဖြင့် ဈေးတန်းပိတ်ခဲ့ကြောင်း သိရသည်။

အောက်တိုဘာ ၉ ရက်တွင် ကမ္ဘာ့ရွှေဈေး တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၇၁၅ ဒေါ်လာ၊ ပြည်တွင်း အခေါက်ရွှေ ၁၆ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၆၂၀၀၀၀၊ ၁၅ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၄၆၀၀၀၀၊ ငွေလဲလှယ်နှုန်းမှာ အမေရိကန်ဒေါ်လာ တစ်ဒေါ်လာလျှင် ငွေကျပ် ၂၁၀၀ ရှိကြောင်း သိရသည်။

အောက်တိုဘာ ၁၅ ရက်တွင် ကမ္ဘာ့ရွှေဈေး တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၆၄၈ ဒေါ်လာ၊ ပြည်တွင်း အခေါက်ရွှေ ၁၆ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၅၂၀၀၀၀၊ ၁၅ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၄၁၀၀၀၀၊ ငွေလဲလှယ်နှုန်းမှာ အမေရိကန်ဒေါ်လာ တစ်ဒေါ်လာလျှင် ငွေကျပ် ၂၁၀၀ ရှိကြောင်း သိရသည်။

ယနေ့တွင် ကမ္ဘာ့ရွှေဈေး တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၆၄၈ ဒေါ်လာ၊ ပြည်တွင်းအခေါက်ရွှေ ၁၆ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၅၂၃၀၀၀၊ ၁၅ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၄၁၂၀၀၀၊ ငွေလဲလှယ်နှုန်းမှာ အမေရိကန်ဒေါ်လာ တစ်ဒေါ်လာလျှင် ငွေကျပ် ၂၁၀၀ ရှိကြောင်း သိရသည်။

(၁၇၃)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဖောင်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# လားရှိုးခရိုင် မြို့နယ်လေးမြို့နယ်တွင် မိုးမြေပဲ ၆၈၄၄ ဧက ရိတ်သိမ်းပြီးစီး

**လားရှိုး အောက်တိုဘာ ၁၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် မြို့နယ်လေးမြို့နယ်၌ မိုးရာသီ ဆီထွက်သီးနှံ မြေပဲ ၆၈၄၄ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး ၄၂၂၉၅၁ တင်း ထွက်ရှိကြောင်း ရှမ်းပြည်နယ်(မြောက်ပိုင်း) စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

လားရှိုးခရိုင် လားရှိုးမြို့နယ်၊ သိန္နီမြို့နယ်၊ တန့်ယန်းမြို့နယ်၊ မိုင်းရယ်မြို့နယ်တို့တွင် မိုးရာသီ ဆီထွက်သီးနှံမြေပဲ လျာထား ၁၀၀၃၃ ဧက စိုက်ပျိုးရာ ၁၀၄၆၄ ဧက စိုက်ပျိုးနိုင်ခဲ့၍ လျာထားချက် စိုက်ဧကထက် ကျော်လွန်အောင် စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အစောဆုံး စိုက်ပျိုးခဲ့သော မိုးမြေပဲများကို စက်တင်ဘာလ ပထမပတ်မှစတင် ရိတ်သိမ်းလျက်ရှိရာ လက်ရှိတွင် ရိတ်သိမ်းပြီး ၆၈၄၄ ဧက၌ ၄၂၂၉၅၁ တင်း ထွက်ရှိကြောင်း သိရသည်။

"လားရှိုးခရိုင်ထဲက မြို့နယ်လေးမြို့နယ်မှာ မိုးမြေပဲတွေကို စတင်ရိတ်သိမ်းနေပါပြီ။ လာမဲ့ ဆောင်းရာသီမှာ ဆီထွက်သီးနှံ မြေပဲစတင်စိုက်ပျိုးနိုင်ဖို့ လိုအပ်တဲ့ မျိုးတွေ၊ သွင်းအားစုတွေ အချိန်မီ ရရှိအောင် သက်ဆိုင်ရာဌာနတွေနဲ့ ချိတ်ဆက် ဆောင်ရွက်ပေးနေပါတယ်။ ဒေသတွင်း စားသုံးဆီဖူလုံမှု ရှိစေဖို့အတွက် လျာထားချက် ပြည့်မီအောင် စိုက်ပျိုးသွားမှာပါ။ ဆောင်းမြေပဲစံပြစိုက်ကွက်တွေကို လဲ မြို့နယ်အလိုက်ဖော်ဆောင်စိုက်ပျိုးပေးသွားမှာဖြစ်ပါတယ်"ဟု ရှမ်းပြည်နယ်(မြောက်ပိုင်း) စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နွယ်နွယ်ဝင်းက ပြောပြသည်။

လားရှိုးခရိုင် မြို့နယ်လေးမြို့နယ်၌ မိုးမြေပဲရိတ်သိမ်းပြီးစီးမှု အနေဖြင့် လားရှိုးမြို့နယ်တွင် မိုးမြေပဲဧက ၁၀၅၀၊ ထွက်ရှိမှုမှာ ၆၃၅၃၈ တင်း၊ သိန္နီမြို့နယ်တွင် မိုးမြေပဲ ကိုးဧက၊ ထွက်ရှိမှုမှာ ၅၆၇ တင်း၊ တန့်ယန်းမြို့နယ်တွင် မိုးမြေပဲဧက ၂၈၀၀၊ ထွက်ရှိမှုမှာ တင်း ၁၇၅၀၃၀၊ မိုင်းရယ်မြို့နယ်တွင် မိုးမြေပဲ ၂၉၈၅ ဧက၊ ရိတ်သိမ်းပြီးစီးမှုမှာ ၁၈၃၈၀၆ တင်းဖြစ်ကြောင်း ရှမ်းပြည်နယ်(မြောက်ပိုင်း) စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# ကံမမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ လွှဲပြောင်းပေးအပ်

**ကံမ အောက်တိုဘာ ၁၆**

မကွေးတိုင်းဒေသကြီး ကံမမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာလေးရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ရန်ပုံငွေလွှဲပြောင်းပေးအပ်ခြင်းကို အောက်တိုဘာ ၁၅ ရက် နံနက် ၁၀ နာရီက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြသီတာထွေးက နေကြာအပါအဝင် အခြားဆီထွက်သီးနှံစိုက်ပျိုးသော တောင်သူများ လိုအပ်လျက်ရှိသည့် မျိုးစေ့နှင့် သွင်းအားစုများ ဝယ်ယူသုံးစွဲနိုင်ရန်၊ စိုက်ပျိုးရေးစရိတ်များအတွက် အတိုးနှုန်းသက်သာသော ချေးငွေများ ထုတ်ချေးပေးနိုင်ရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြသီတာထွေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ဆောင်ရွက်မည့် ထန်းလေးပင်ကျေးရွာ၊ ခြောက်ပင်ကျေးရွာ၊ ရေနံ့သာကျေးရွာနှင့် ခြောက်ဒေါင့်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ်သိန်း ၇၀၀ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**အထွေး**

# ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးအထူးဇုန်ကို ရေရှည်တည်တံ့ခိုင်မြဲသောဇုန်အဖြစ် ဆောင်ရွက်မည်



**ရန်ကုန် အောက်တိုဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးအထူးဇုန်ကို ရေရှည်တည်တံ့ခိုင်မြဲသော ဇုန်အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေး အထူးဇုန်ကြီးကြပ်မှုကော်မတီ၏ သတင်းများအရ သိရသည်။

ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေး အထူးဇုန်ကို ၂၀၀၀ ပြည့်နှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၁၄ ခုနှစ်က ဓာတုကင်းလွတ် စိုက်ခင်းများကို တောင်သူ ၁၄ ဦးဖြင့် မြေ ၁၀ ဧကတွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ် နိုဝင်ဘာလထိ မြေဧက ၁၀၀ တွင် တောင်သူဦးရေ ၂၁၀ ဖြင့် ဓာတုကင်းလွတ် ဟင်းသီးဟင်းရွက် စိုက်ခင်းများ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ယခုအခါ အဆိုပါစိုက်ခင်းများတွင် ဓာတုကင်းလွတ် ဟင်းသီးဟင်းရွက် ၁၅ မျိုး စိုက်ပျိုးနေပြီး နေ့စဉ် ဓာတုကင်းလွတ်ဟင်းသီးဟင်းရွက် ၁၂ တန်မှ ၁၅ တန်ထိ ထွက်ရှိနေပြီဖြစ်ကြောင်း၊ ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေးအထူးဇုန်တွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ဓာတုကင်းလွတ်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေကြောင်း သိရသည်။

ထို့ကြောင့် အဆိုပါညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေး အထူးဇုန်ကို ရေရှည်တည်တံ့ခိုင်မြဲသောဇုန်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရေးအတွက် အောက်တိုဘာ ၁၅ ရက်က ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေးအထူးဇုန်ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးအထူးဇုန်ကို ရေရှည်တည်တံ့ခိုင်မြဲသော ဇုန်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရေးအတွက် ဇုန်အတွင်းမြေလွတ်မထားဘဲ စိုက်ပျိုးဆောင်ရွက်သွားရန်၊ ခြစည်းရိုးတစ်လျှောက် ချုံနွယ်များ ရှင်းလင်းဆောင်ရွက်သွားရန်၊ ဇုန်အတွင်းလမ်းများကို ရာသီမရွေး သွားနိုင်သည့်လမ်းများအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်သွားရန်၊ ညောင်နှစ်ပင် အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် ဇုန်ကြီးကို ရေရှည်တည်တံ့ခိုင်မြဲသောစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်နေသည့်ဇုန်အဖြစ် ဖော်ဆောင်သွားရန် စသည့်ကိစ္စရပ်များနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(၃၃၆)

# ဒိုက်ဦးမြို့နယ် လယ်ကြားမြောင်ကျေးရွာ၌ ရွာအဝင်လမ်းမြေသားခင်းခြင်းပြီးစီးမှု စစ်ဆေး

**ဒိုက်ဦး အောက်တိုဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် Cash For Work စီမံကိန်း ရန်ပုံငွေဖြင့် လယ်ကြားမြောင်ကျေးရွာ၌ ရွာအဝင်လမ်း မြေသားခင်းခြင်းပြီးစီးမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းနှင့် ဝန်ထမ်းများက လယ်ကြားမြောင်ကျေးရွာ၌ ရွာအဝင်လမ်း မြေသားခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတွင်းလမ်းဖြစ်မြောက်ရေးကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံပြီး ကျေးရွာအဝင်လမ်း ရေရှည်အသုံးပြုနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားခဲ့ကြောင်း သိရသည်။

ဒိုက်ဦးမြို့နယ် လယ်ကြားမြောင်ကျေးရွာ၌ လမ်းအရှည်ပေ ၉၇၀၊ အကျယ် ၁၂ ပေ၊ အမြင့်တစ်ပေရှိ ရွာအဝင်လမ်း မြေသားခင်းခြင်းလုပ်ငန်းကို ဇူလိုင် ၉ ရက်မှစတင်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**ကိုညို**

# ဆိပ်ဖြူမြို့နယ် ထန်းချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဆိပ်ဖြူ အောက်တိုဘာ ၁၆**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ် ထန်းချောင်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေသတ္တမအကြိမ် ထုတ်ချေးခြင်းကို အောက်တိုဘာ ၁၅ ရက် ညနေပိုင်းက အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲမင်းအောင်က ကျေးလက်နေပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေးအခက်အခဲများကို ကုစားပေးနိုင်ရန်၊ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများကို ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဦးရဲမင်းအောင်၊ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ထန်းချောင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၃ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၈ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ လေးဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ လေးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ စုစုပေါင်း ၈၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံ ငွေကျပ် ၃၈၈ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲမင်းအောင်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများ၊ ထန်းချောင်းကျေးရွာမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် အသင်းသား၊ အသင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ခြင်းကြောင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းအပြင် အခြား အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် ကျေးလက်နေပြည်သူများဆင်းရဲမှုလျော့ချရေးနှင့် မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**နွံ့ယဉ်**



# လူငယ်နဲ့အောင်မြင်မှု

## ချစ်နိုင်( စိတ်ပညာ)




**"ကျွန်ုပ်တို့မျိုးဆက်၏ အကြီးကျယ်ဆုံးသော တွေ့ရှိချက်တစ်ရပ်ကား လူသည် မိမိစိတ်သဘောထားကို မိမိပြောင်းလဲလိုက်ခြင်းအားဖြင့် ဘဝတစ်ခုလုံးကို အမှန်တကယ်ပြောင်းလဲနိုင်သည်ဟူသော အချက်ပေတည်း"**

**ဝီလျှမ်ဂျိမ်း(စ်)(၁၈၄၂-၁၉၁၀)**
**အမေရိကန်စိတ်ပညာပါမောက္ခ**

အနာဂတ်ကို အမှန်တကယ်ပိုင်စိုးကြသူများမှာ ယနေ့လူငယ်များဖြစ်ကြ၏။ အနာဂတ်ကို ဖန်တီးစီမံကြမည့်သူမှာလည်း သူတို့ပင်ဖြစ်၏။ လူငယ်ကိုပျိုးထောင်ဖို့ရာကိစ္စသည် ကျွန်ုပ်တို့အားလုံး၏ အနာဂတ်ကို တည်ဆောက်ထူထောင်ကြခြင်းပင်ဖြစ်၏။ ဒါကို သိမြင်လက်ခံပါရဲ့လား။

ယနေ့ မိဘများတွင်လည်း တာဝန်ရှိကြသည်။

ဆရာ၊ ဆရာမများတွင်လည်း တာဝန်ရှိကြသည်။

ပြည်သူ့ကိုယ်စားလှယ်အမတ်များ၊ အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများအားလုံးသည် လူငယ်များကို မည်သို့သင်ကြားလေ့ကျင့်ပြီး ပြုစုပျိုးထောင်နေကြပါသနည်း။ အလေးထားကြပါရဲ့လား။

အခြေခံအကျဆုံးက လူငယ်များ၏ စိတ်သဘောထားကို ပြောင်းလဲအောင် အားပေးကြရမည်။ ဘာကဘယ်လိုပြောင်းလဲစေရမှာလဲ။ ငါတို့ဘဝကို သာယာလှပသော အနာဂတ်လူ့ဘောင်တစ်ရပ်အဖြစ် ထူထောင်နိုင်သောသူများ၊ အရည်အချင်းမြင့်မားသောသူများအဖြစ် သူတို့ကိုသူတို့ ယုံကြည်အောင် မြေတောင်မြှောက်ပေးကြရမည်။ "အသုံးမကျတဲ့သူ"၊ "အတဲ့သူ"၊ "မိုက်ကန်းတဲ့ကောင်မ"၊ "အလကားကောင်" စသည်ဖြင့် အညွန့်ကျိုးအောင် ချိုးနှိမ်သောစကားမျိုးကို လုံးဝမကြားဖူးစေရ။ "သားတို့က အားကိုးရတယ်"၊ "သမီးတို့ခေတ်မှာ တကယ်ပဲပျော်ရွှင်စရာ ခေတ်ကောင်းကြီးကို ထူထောင်နိုင်ကြမယ်" စသည်ဖြင့် နားဝင်အောင် ပြုပြင်ကြရမည်။ သူတို့ကိုသူတို့ ယုံကြည်ကြရမည်။

တကယ်လည်းမှန်သည်။ လူမျိုးချင်း မူလဘာမှမကွာ။

သူ့ကို ခြသေ့်စိတ်သွင်းပေးပါက ရဲရင့်သွားမည်။

သူ့ကို ယုန်ကလေးလို ပွတ်ပေးနေပါက မျက်လုံးလေး ကလယ်ကလယ်နှင့် ကြောက်ရွံ့လွယ်သော ယုန်သူငယ်သတ္တဝါမျိုးပဲ ရှိနေလိမ့်မည်။ ချစ်ရုံမျှနှင့် မပြီးကြ။

အောင်မြင်မှုဆိုသည်က အောင်ပွဲတစ်ခုမဟုတ်။

အောင်မြင်မှုသည် ဘဝတစ်လျှောက်လုံးပင် လောကကောင်းကျိုးကို စွမ်းစွမ်းတမံသယ်ပိုးဆောင်ရွက်နိုင်စွမ်းရှိအောင် နိုင်ငံ၊ လူမျိုး၊ ဆွေမျိုးမိဘတို့၏ ကောင်းကျိုးကို တာဝန်သိစွာ ထမ်းဆောင်တတ်အောင်၊ မိမိကိုယ်ကိုတန်ဖိုးရှိသူဖြစ်အောင် ပျိုးထောင်ဖြည့်ဆည်းပြီး မြှင့်တင်တတ်အောင် လမ်းဖြောင့်ပြုခြင်းဖြစ်၏။

ဘယ်လိုအခက်အခဲရှိရှိ ဖြတ်သန်း၏။

ဘယ်ပုံအတားအဆီးတွေ့တွေ့ ကျော်လွှား၏။

သူ့မှာအမှန်တကယ်ကြီးမားသော စွမ်းအားအရင်းအမြစ်ရှိနေကြောင်း သိရှိပြီး လူငယ်များကိုယ်တိုင် ဖော်ထုတ်အသုံးချစေရမည်။ သူ့ကို အသိအမြင်ခံယူချက် သဘောထားသာ မျှဝေပေးရမည်။

အမေရိကန်ပြည်ထောင်စုသည် ၁၈ ရာစုတွင် လွတ်လပ်ရေးရပြီး ၂၀ ရာစုအတွင်းမှ သိသိသာသာ ဖွံ့ဖြိုးကြီးထွားသွားခဲ့သည်။ လူမျိုးနှင့် ဓလေ့ထုံးစံ၊ ယဉ်ကျေးမှုများ ကွဲပြားကြစေကာမူ လူသားအချင်းချင်း အတူတကွ ပူးပေါင်းကူညီခဲ့ခြင်းဖြင့် နိုင်ငံကို ထူထောင်သည်။ လွတ်လပ်စက ငွေဝယ်ကျွန်စနစ်အောက်တွင် လူဖြစ်ခဲ့ကြရသော နီဂရိုးလူမျိုးများသည် ၂၁ ရာစုသို့ရောက်သောအခါ ဗိုလ်ချုပ်ကြီး၊ ဝန်ကြီးမှသည်၊ သမ္မတကြီးထိ လူရာဝင်လာခဲ့သည်။ လူဖြူ လူမည်း ခွဲခြားဆက်ဆံသော ဓလေ့ထုံးစံသည် ပြောင်းလဲလျော့နည်းသွားသည်။ ဗိုလ်ချုပ်ကြီး ကော်လင်းပါဝဲ၊ ဝန်ကြီး ငွန်ဒာလီရိုက်(စ်)၊ သမ္မတ ဟူစိန်ဘရက်အိုဘားမား။


အမေရိကန်လူမည်းများ၏ ရပ်တည်ရေး၊ ရုန်းကန်ကြိုးစားရမှုသည် သမိုင်းနှင့်ချီ၍ ကြမ်းတမ်းခက်ခဲခဲ့ပါသည်။

မြန်မာနိုင်ငံတွင် လူဖြစ်လာကြသော မည်သည့်လူမျိုးမှ ထိုကဲ့သို့ ဆိုးရွားကြမ်းတမ်းသောဖိနှိပ်မှုမျိုး၊ မောက်မာရက်စက်သော ခွဲခြားဆက်ဆံခြင်းမျိုးကို မခံရပါ။ မခံစားရဖူးပါ။

လူငယ်များသည် အခက်အခဲ အတားအဆီးအမျိုးမျိုးကို ဖြတ်သန်းကျော်လွှားရဲရမည်။ ဘဝကိုအောင်မြင်စွာတည်ဆောက်နိုင်ရမည်။

မြန်မာ့ရေခံ မြေခံမှာ လူငယ်များ၏ စိတ်သဘောထားကောင်းလျှင် ကောင်းသလောက်၊ ပြောင်းလျှင် ပြောင်းသလောက် ကမ္ဘာ့ထိပ်တန်းနိုင်ငံ တစ်နိုင်ငံဘဝ ဖြစ်လာပါလိမ့်မည်။ နိုင်ငံကိုထူထောင်ရာတွင် မိသားစုအတွင်းက လူငယ်တစ်ဦးချင်းစီ၏ စိတ်ကိုပြုပြင်ခြင်းက အရင်းအမြစ်အကျဆုံးနှင့် နည်းလမ်းအမှန်ဆုံးဖြစ်ကြောင်း စာဖတ်သူနားလည်လောက်ပေပြီ။

စင်စစ်ဘဝဟူသည်မှာ မေးခွန်းထုတ်စရာနှစ်ခုသာ



ရှိပါသည်-

၁။ သင့်ဘဝသည် လူအများအပေါ် မည်မျှကောင်းကျိုးပြုပါသနည်း။

၂။ သင့်ဘဝသည် မည်မျှ ပျော်စရာကောင်းသနည်း။

အမှန်ကတော့ ဘဝကို ပျော်စရာအကောင်းဆုံးဖြတ်သန်းရှင်သန်လိုပါလျှင် လူအများအပေါ် ကောင်းကျိုးပြုခြင်းမှတစ်ပါး အခြားမရှိပေ။

ငြိမ်းချမ်းရေး နိုဗယ်ဆုရှင် ခရစ်ယာန်သီလရှင်မာသာထရီဇာ Mother Teresa (၁၉၁၀-၁၉၉၇)၏ "လူ့ဘဝ"ဟူသော စာကြောင်းရေ ၂၀ မျှပါဝင်သည့် စာတစ်ပုဒ်ကိုဖော်ပြ၍ အမှာစာကို နိဂုံးချုပ်ပါမည်-

LIFE လူ့ဘဝ

၁။ Life is an opportunity, benifit from it.
လူ့ဘဝသည် အခွင့်အလမ်းဖြစ်သည်။ အကျိုးရှိအောင် အသုံးချပါ။

၂။ Life is beauty, admire it.
ဘဝသည် အလှတရားဖြစ်သည်။ ချီးမွမ်းထောပနာပြုပါ။

၃။ Life is bliss, taste it.
ဘဝသည် သုခဖြစ်သည်။ မြည်းစမ်းကြည့်ပါ။

၄။ Life is a dream, realise it.
ဘဝသည် အိပ်မက်ဖြစ်သည်။ အကောင်အထည်ဖော်ပါ။

၅။ Life is a challenge, meet it.
ဘဝသည် စိန်ခေါ် စမ်းသပ်မှုဖြစ်သည်။ ရင်ဆိုင်ပါ။

၆။ Life is a duty, complete it.
ဘဝသည် တာဝန်ဖြစ်သည်။ တာဝန်ကျေဖို့ဖြည့်ဆည်းပါ။

၇။ Life is a game, play it.
ဘဝသည် ကစားပွဲဖြစ်သည်။ ကစားပါ။

၈။ Life is costly, care for it.
ဘဝသည် တန်ဖိုးကြီးသည်။ သတိဖြင့်စောင့်ရှောက်ပါ။

၉။ Life is wealth, keep it.
ဘဝသည် ဓနဖြစ်သည်။ သိမ်းဆည်းပါ။

၁၀။ Life is love, enjoy it.
ဘဝသည် အချစ်ဖြစ်သည်။ နှစ်သက်ခံစားပါ။

၁၁။ Life is mystery, know it.
ဘဝသည် လျှို့ဝှက်ဆန်းကြယ်သောအရာဖြစ်သည်။ သဘောပေါက်ပါ။

၁၂။ Life is a promise, fulfil it.
ဘဝသည် ကတိဖြစ်သည်။ ဖြည့်ဆည်းပါ။

၁၃။ Life is sorrow, overcome it.
ဘဝသည် ဝမ်းနည်းမှုဖြစ်သည်။ ကျော်လွှားပါ။

၁၄။ Life is a song, sing it.
ဘဝသည် သီချင်းဖြစ်သည်။ သီဆိုပါ။

၁၅။ Life is struggle, accept it.
ဘဝသည် ရုန်းကန်မှုဖြစ်သည်။ လက်ခံပါ။

၁၆။ Life is tragedy, confront it.
ဘဝသည် ကြေကွဲဖွယ်ဖြစ်သည်။ ရင်ဆိုင်ပါ။

၁၇။ Life is an adventure, dare it.
ဘဝသည် စွန့်စားမှုဖြစ်သည်။ ရဲဝံ့ပါ။

၁၈။ Life is luck, make it.
ဘဝသည် ကံတရားဖြစ်သည်။ ကံကောင်းအောင်လုပ်ပါ။

၁၉။ Life is too precious, do not destroy it.
ဘဝသည် အလွန်တန်ဖိုးရှိသည်။ ဖျက်ဆီးမပစ်ပါနှင့်။

၂၀။ Life is life, fight for it.
ဘဝသည် အသက်ဖြစ်သည်။ တိုက်ပွဲဝင်ပါ။

**❖ လူငယ်များသည် အခက်အခဲအတားအဆီးအမျိုးမျိုးကို ဖြတ်သန်းကျော်လွှားရဲရမည်။ ဘဝကိုအောင်မြင်စွာတည်ဆောက်နိုင်ရမည်။ မြန်မာ့ရေခံမြေခံမှာ လူငယ်များ၏ စိတ်သဘောထားကောင်းလျှင် ကောင်းသလောက်၊ ပြောင်းလျှင် ပြောင်းသလောက် ကမ္ဘာ့ထိပ်တန်းနိုင်ငံ တစ်နိုင်ငံဘဝ ဖြစ်လာပါလိမ့်မည်။ နိုင်ငံကိုထူထောင်ရာတွင် မိသားစုအတွင်းက လူငယ်တစ်ဦးချင်းစီ၏ စိတ်ကိုပြုပြင်ခြင်းက အရင်းအမြစ်အကျဆုံးနှင့် နည်းလမ်းအမှန်ဆုံးဖြစ်ကြောင်း စာဖတ်သူနားလည်လောက်ပေပြီ။ ❖**

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ် ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

## မေတ္တာပေးလို့ ချစ်ကြစို့

- ချစ်မိတ်ဆွေ အချင်းချင်း
ရိုင်းပင်းမရှိ ကွဲကြသည်၊
ညီအစ်ကို မောင်နှမတွေလည်း
မုန်းကြလေပြီ၊
မိသားစု စုံအညီ
မယုံမကြည် အမုန်းပွား၊
ဆရာ့အပေါ် မှာ တပည့်လှလည်း
မောဟစည်းခြား။

- အတ္တကို ဦးထိပ်ထားတော့
မှောက်မှားကြပေါ့ ချစ်အဆွေ၊
အရင်လို သူပြုံးပြဖို့
နှလုံးလှကြွေ၊
ခေါင်းလှည့်လို့ ရှောင်ကာလေ
ပြုပ့ါမသွေ တွေ့မြင်တိုင်း၊
မျက်အကြည်မှာ တိမ်ငယ်လွှမ်းတော့
လမ်းမတူတိုင်း အပြစ်မြင်
အချစ်မဝင် မုန်းမာန်ခပါလို့
သူရယ်လေ . . .
စိတ်လှက ရိုင်း။

- တစ်ဖက်စွဲကာ ထင်ရာမစိုင်းနဲ့
မြင်တိုင်းရယ်က မမှန်ပေ၊
ရွှေဉာဏ်တော် ဆင်ခြင်တွေးလို့
ရွေးချယ်လျှောက်လေ၊
အမုန်းတရား ကင်းရာမြေ
အချင်းသဟာဆွေ ဆုံတွေ့ဖို့၊
တစ်မူသစ်စွာ
ဖြူမေတ္တာ ပြန်လှန်ပေးလျက်
အဆွေတို့ရေ . . .
မနှေးချီစို့။ ။

**စိုင်းနေဝန်း(ဟုမ္မလင်း)**

# ယင်းမာပင်ခရိုင်၌ မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါးဧက ၁၀၁၉၃၅ ဧက စိုက်ပျိုးပြီးစီး

**ယင်းမာပင် အောက်တိုဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါးဧက ၁၀၁၉၃၅ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ယင်းမာပင်ခရိုင်တွင် မိုးစပါး ၁၀၃၃၈၅ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၀၁၉၃၅ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးကာလ ယင်းမာပင်ခရိုင်မှာ မိုးစပါးဧက ၁၀၃၃၈၅ ဧကစိုက်ဖို့ လျာထားတယ်။ ဒီနေ့ထိ ၁၀၁၉၃၅ ဧကစိုက်ပြီးပါပြီ။ တစ်နှစ်နဲ့တစ်နှစ် မိုးစပါးစိုက်ပျိုးမှုတိုးချဲ့စိုက်ပျိုးနိုင်တဲ့ အနေအထားမှာရှိပါတယ်။ ဒီနှစ်ဆိုရင်ရာသီဥတုကောင်းမွန်တော့ မိုးစပါးဧက လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်" ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမြတ်မိုးဝင်းက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ယင်းမာပင်ခရိုင် မိုးစပါးဧကစိုက်ပျိုးပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ဧက ၂၈၇၁၀၊ ကနီမြို့နယ်တွင် ၂၄၀၅၅ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ၄၄၀၁ ဧက၊ ပုလဲမြို့နယ်တွင် ၄၄၇၆၉ ဧက စုစုပေါင်း ၁၀၁၉၃၅ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ယခုနှစ် ယင်းမာပင်ခရိုင်တွင် မိုးစပါးစိုက်ပျိုး တောင်သူများအတွက် သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်အတွက် ပညာပေးခြင်း၊ သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲနည်းပညာများ၊ မိုးသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်အတွက် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)



# ကော့ကရိတ်မြို့နယ် ညီညာသာလင်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းနှင့် ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**ကော့ကရိတ် အောက်တိုဘာ ၁၆**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကော့ကရိတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ရေပူကြီးကျေးရွာအုပ်စု ညီညာသာလင်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် ရေနုတ်မြောင်း တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကော့ကရိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဆားဒေါက်ဖော့နှင့်အင်ဂျင်နီယာဝန်ထမ်းများက Cash For Work (CFW) စီမံကိန်းကော်မတီဝင်များနှင့်အတူ ညီညာသာလင်းကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းနှင့် လမ်းဘေးဝဲ၊ ယာ ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးစောဆားဒေါက်ဖော့က လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

ညီညာသာလင်းကျေးရွာတွင် ကွန်ကရစ်လမ်းအရှည်ပေ ၃၀၀၊ အကျယ် ၁၀ ပေ၊ အမြင့် ခြောက်လက်မခင်းခြင်းလုပ်ငန်းနှင့် ရေနုတ်မြောင်းအရှည်ပေ ၁၅၇၀၊ အကျယ် နှစ်ပေ၊ အနက် နှစ်ပေ တူးဖော်ခြင်းလုပ်ငန်းကို Cash For Work (CFW) စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀ ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာပံ့ပိုး၍ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ဇူလိုင်လ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ ဝင်ငွေရရှိစေရန်နှင့် ကျေးရွာအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးလာစေရန်ရည်ရွယ်၍ အဆိုပါစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ကော့ကရိတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဆားဒေါက်ဖော့က ပြောပြ၍ သိရသည်။

**အေးမြတ်**

# ပင်လောင်းမြို့နယ် ကရားကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ပင်လောင်း အောက်တိုဘာ ၁၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေဖြင့် ထပ်တိုး အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့ နံနက်ပိုင်းက ကရားကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပင်လောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဝင်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များနှင့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဦးစီးအရာရှိ ဒေါ်မြင့်သီတာဟန်နှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီများ ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးခဲ့ကြသည်။

ကရားကျေးရွာတွင် VDP စီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၀၀၊ ကျေးရွာလူထုထည့်ဝင်ငွေများဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ရှိုသန်းညွန့်**

## နိုင်ငံတကာ သတင်းများ

# တရုတ်ကွန်မြူနစ်ပါတီ၏ အကြိမ် (၂၀)မြောက် ပါတီညီလာခံကို ပေကျင်းမြို့၌ စတင်ကျင်းပ



**ပေကျင်း အောက်တိုဘာ ၁၆**

တရုတ်ကွန်မြူနစ် ပါတီ၏ အကြိမ်(၂၀) မြောက်ပါတီ ညီလာခံကို ပေကျင်းမြို့ရှိ ပြည်သူ့မဟာခန်းမဆောင်၌ ယနေ့တွင် စတင်ကျင်းပနေပြီဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ကွန်မြူနစ်ပါတီ အကြိမ် (၂၀) မြောက်ညီလာခံဖွင့်ပွဲသို့ တရုတ်သမ္မတ ရှီကျင့်ဖျင်ကိုယ်တိုင် တက်ရောက်၍ ညီလာခံအဖွင့်မိန့်ခွန်း ပြောကြားခဲ့သည်။

တရုတ်နိုင်ငံအနေဖြင့် တရုတ်(တိုင်ပေ)ပြဿနာနှင့်ပတ်သက်၍ စစ်အင်အား သုံးစွဲဖြေရှင်းပိုင်ခွင့်ကို မည်သည့်အခါတွင်မျှ စွန့်လွှတ်လိမ့်မည်မဟုတ်ကြောင်း သမ္မတ ရှီကျင့်ဖျင်က ညီလာခံအဖွင့်မိန့်ခွန်း၌ ထပ်လောင်းအတည်ပြုခဲ့သည်။

သို့သော် မိမိတို့အနေဖြင့် ပြည်မကြီးနှင့် တရုတ်(တိုင်ပေ)ကို ငြိမ်းချမ်းစွာ ပြန်လည်ပေါင်းစည်းရေးအတွက် ဆက်လက်ကြိုးပမ်းမည်ဖြစ်ကြောင်း သမ္မတ ရှီကျင့်ဖျင်က ပြောကြားခဲ့သည်။

ထို့ပြင် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (ပီအယ်လ်အေ)ကို ကမ္ဘာ့အဆင့်တပ်မတော်တစ်ခုအဖြစ် တည်ဆောက်မှုကို အရှိန်မြှင့်တင်ရန်လည်း သမ္မတ ရှီကျင့်ဖျင်က ပါတီညီလာခံအဖွင့်မိန့်ခွန်း၌ ပြောကြားခဲ့သည်။

တရုတ်ကွန်မြူနစ်ပါတီညီလာခံကို ယနေ့မှစ၍ ရက်သတ္တပတ်ကြာ ကျင်းပမည်ဖြစ်ပြီး တရုတ်နိုင်ငံတစ်ဝန်းမှ ပြည်သူ့ကိုယ်စားလှယ် ဦးရေ ၂၃၀၀ ခန့် တက်ရောက်လျက်ရှိကြောင်း သိရသည်။

KKO

# ဟေတီရဲတပ်ဖွဲ့အတွက် သံချပ်ကာယာဉ်များ အမေရိကန်နှင့်ကနေဒါ လေကြောင်းမှပို့ဆောင်

**ဝါရှင်တန် အောက်တိုဘာ ၁၆**

ဒုစရိုက်ဂိုဏ်းများကို ရင်ဆိုင်ရာတွင် ဟေတီအမျိုးသားရဲတပ်ဖွဲ့ကို ကူညီသည့်အနေဖြင့် သံချပ်ကာယာဉ်များနှင့် အခြားအထောက်အပံ့များကို အမေရိကန်နှင့် ကနေဒါနိုင်ငံတို့က အောက်တိုဘာ ၁၅ ရက်တွင် လေကြောင်းခရီးဖြင့် ဟေတီသို့ပေးပို့ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါ စစ်ရေးအထောက်အပံ့များသည် အကြမ်းဖက်မှုများဖန်တီးနေသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ စီးဆင်းမှုကို ဟန့်တားနေသော ဒုစရိုက်ဂိုဏ်းများအား ရင်ဆိုင်ရာတွင် ဟေတီရဲတပ်ဖွဲ့ကို အထောက်အကူပြုလိမ့်မည်ဖြစ်ကြောင်း အမေရိကန်နှင့် ကနေဒါပူးတွဲကြေညာချက်၌ ဖော်ပြထားသည်။

ဒုစရိုက်ဂိုဏ်းများက ရေနံဆိပ်ကမ်းတစ်ခုကို ပိတ်ဆို့ထားခြင်းကြောင့် ဟေတီနိုင်ငံသားများမှာ စားနပ်ရိက္ခာနှင့်လောင်စာ ရှားပါးမှုပြဿနာများနှင့် ရင်ဆိုင်နေရသည်။

ဟေတီအစိုးရ၏ လောင်စာဆီတင်သွင်းမှု စိုက်ထုတ်ငွေဖြတ်တောက်ရေးအစီအစဉ်ကို ကန့်ကွက်သည့်အနေဖြင့် ဟေတီဒုစရိုက်ဂိုဏ်းများသည် ညွန့်ပေါင်းအုပ်စုဖွဲ့၍ အဆိုပါဆိပ်ကမ်းမှ တစ်ဆင့် လောင်စာဆီများဖြန့်ဝေမှုကို တစ်လကျော်ကြာပိတ်ပင်ထားသည်။

ဟေတီ ဒုစရိုက်ဂိုဏ်းများကို အရေးယူအပြစ်ပေးမည့် ဆုံးဖြတ်ချက်မူကြမ်းတစ်ရပ်ကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီကလည်း စဉ်းစားသုံးသပ်လျက်ရှိသည်။

အမေရိကန်နှင့်မက္ကဆီကိုနိုင်ငံတို့ပူးတွဲတင်သွင်းထားသောအဆိုပါဆုံးဖြတ်ချက်မူကြမ်းကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ယနေ့တွင် မဲခွဲအတည်ပြုဖွယ် ရှိကြောင်း သိရသည်။

KKO

# အီရန်နိုင်ငံ အက်ဗင်းအကျဉ်းထောင်၌ မီးလောင်မှုဖြစ်ပွား အကျဉ်းသားလေးဦးသေဆုံး၍ ၆၁ ဦး ဒဏ်ရာရရှိ

**တီဟီရန် အောက်တိုဘာ ၁၆**

အီရန်နိုင်ငံ တီဟီရန်မြို့ရှိ အက်ဗင်းအကျဉ်းထောင်၌ အောက်တိုဘာ ၁၅ ရက်က မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ အကျဉ်းသား လေးဦးသေဆုံး၍ ၆၁ ဦး ဒဏ်ရာများရရှိခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။



အက်ဗင်းအကျဉ်းထောင်မီးလောင်မှုအတွင်း ဒဏ်ရာရခဲ့သူများအနက် လေးဦးမှာ အခြေအနေ စိုးရိမ်ရကြောင်း၊ သေဆုံးသူများမှာ မီးခိုးမွန်မှုကြောင့် သေဆုံးခဲ့ရသူများဖြစ်ကြကြောင်း အီရန်အစိုးရမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

မာဆာအမီနီအမည်ရှိ အသက် ၂၂ နှစ်အရွယ် အမျိုးသမီးတစ်ဦး ရဲတပ်ဖွဲ့ဖမ်းဆီးခံထားရစဉ်အတွင်း သေဆုံးခဲ့ရပြီးနောက် ဆန္ဒပြပွဲများ အီရန်နိုင်ငံတစ်ဝန်း ဖြစ်ပွားနေစဉ် အက်ဗင်းအကျဉ်းထောင်၌ မီးလောင်မှုဖြစ်ပွားခဲ့ရခြင်းဖြစ်သည်။

ဘဏ္ဍာရေး ပြစ်မှုများနှင့် ထိန်းသိမ်းခံထားရသည့် အကျဉ်းသားများကြား ရန်ပွဲဖြစ်ပွားခဲ့ပြီးနောက် အကျဉ်းထောင်အလုပ်ရုံ တစ်ခုမီးရှို့ခံခဲ့ရကြောင်း သိရသည်။

အကျဉ်းထောင်ဆူပူမှုဖြစ်ပွားပြီးနောက် လက်ရှိအချိန်တွင် အက်ဗင်းအကျဉ်းထောင်မှာ ပုံမှန်အခြေအနေ ပြန်ရောက်နေပြီဖြစ်ကြောင်း အီရန်တာဝန်ရှိသူများက ပြောကြားထားသည်။

အက်ဗင်းအကျဉ်းထောင်ကို လူ့အခွင့်အရေးချိုးဖောက်မှု စွဲချက်ဖြင့် အမေရိကန်အစိုးရက ၂၀၁၈ ခုနှစ်တွင် နာမည်ပျက်စာရင်းသွင်းထားကြောင်း သိရသည်။

KKO

# စူးအက်တူးမြောင်းဖြတ်သင်္ဘောများအတွက် ဝန်ဆောင်မှုအသစ်များ အီဂျစ်စတင်ပေးအပ်မည်

**ကိုင်ရို အောက်တိုဘာ ၁၆**

အီဂျစ်နိုင်ငံ၏ စူးအက်တူးမြောင်းစီးပွားရေးဇုန်သည် ၂၀၂၃ ခုနှစ် ပထမသုံးလပတ်မှစ၍ လောင်စာဆီဖြည့်တင်းမှုနှင့် စားနပ်ရိက္ခာဖြည့်ဆည်းမှုအပါအဝင် ဝန်ဆောင်မှုအသစ်များကို တူးမြောင်းဖြတ်သင်္ဘောများအတွက် စတင်ပေးအပ်မည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက အောက်တိုဘာ ၁၅ ရက်တွင် ဖော်ပြခဲ့သည်။

အဆိုပါရေကြောင်းဝန်ဆောင်မှုလုပ်ငန်းသစ်များကို စူးအက်တူးမြောင်း၏ မြောက်ဘက်၌ ပို့ဆက်ဆိပ်ကမ်းတွင်လည်းကောင်း၊ တူးမြောင်းတောင်ဘက်၌ စူးအက်ဆိပ်ကမ်းတွင်လည်း စပေးမည်ဖြစ်ကြောင်း အီဂျစ်တာဝန်ရှိသူများက ကြေညာချက်ထုတ်ပြန်ထားသည်။

ထို့ပြင် ဆေးကုသရေးအတွက် အရေးပေါ် ပို့ဆောင်ရေးနှင့် ရေကြောင်းအထောက်အပံ့လုပ်ငန်းများအပါအဝင် ဝန်ဆောင်မှုပေါင်း ၂၀ မှ ၂၅ မျိုးထိကို ဆော့ခ်နာဆိပ်ကမ်း၌ ရယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

စူးအက်တူးမြောင်းသည် အီဂျစ်နိုင်ငံအတွက် အဓိကနိုင်ငံခြားငွေအရင်းအမြစ်တစ်ခုဖြစ်ပြီး ရေနံတင်သင်္ဘောများအပါအဝင် သင်္ဘောများ၏ စူးအက်တူးမြောင်းဖြတ်သန်းခကို မြှင့်တင်မည်ဖြစ်ကြောင်းလည်း အီဂျစ်အစိုးရက ပြီးခဲ့သည့်လအတွင်း ကြေညာထားသည်။

စူးအက်တူးမြောင်းသည် ကမ္ဘာ့ကုန်သွယ်မှုပမာဏ စုစုပေါင်း၏ ၁၀ ရာခိုင်နှုန်းနှင့်ညီမျှသော ကုန်စည်များစီးဆင်းရာ ရေလမ်းကြောင်းဖြစ်ကြောင်း သိရသည်။

KKO



# သမ္မတ ဂျိုးဘိုင်ဒင်၏ နျူကလီးယားမှတ်ချက်အတွက် ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီး အမေရိကန်သံအမတ်ကြီးကို ဆင့်ခေါ်ကန့်ကွက်

**အစ္စလာမ်မာဘတ် အောက်တိုဘာ ၁၆**

ပါကစ္စတန်နျူကလီးယားလုံခြုံရေးကို သမ္မတ ဂျိုးဘိုင်ဒင်က မေးခွန်းထုတ်ခဲ့ပြီးနောက် ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပါကစ္စတန်နိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးကို ဆင့်ခေါ် ကန့်ကွက်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက အောက်တိုဘာ ၁၅ ရက်တွင် ဖော်ပြခဲ့ကြောင်း သိရသည်။

နျူကလီးယား လက်နက်များကို စုစုစည်းစည်း ထိန်းချုပ်ထားနိုင်မှု မရှိသည့် ပါကစ္စတန်နိုင်ငံသည် ကမ္ဘာပေါ်၌ အန္တရာယ်အကြီးမားဆုံးနိုင်ငံတစ်နိုင်ငံ ဖြစ်နေနိုင်ကြောင်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က အောက်တိုဘာ ၁၃ ရက်တွင် ပြောကြားခဲ့သည်။

မိမိအနေဖြင့် အမေရိကန်သမ္မတဂျိုးဘိုင်ဒင်၏ အဆိုပါမှတ်ချက်ကြောင့် လွန်စွာအံ့သြခဲ့ရကြောင်း၊ ပါကစ္စတန်နျူကလီးယားလက်နက်များ၏ လုံခြုံရေးကို နိုင်ငံတကာအဏုမြူ စွမ်းအင်အေဂျင်စီစည်းမျဉ်းများ အားလုံးနှင့်အညီ စုစည်းထိန်းချုပ်ထားကြောင်း ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီး ဘီလာဝဲလ်ဘူတိုဇာဒါရီက အောက်တိုဘာ ၁၅ ရက် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

သို့သော် မိမိအနေဖြင့် အမေရိကန်သမ္မတဂျိုးဘိုင်ဒင်၏မှတ်ချက်နှင့်ပတ်သက်၍ အမေရိကန်သံအမတ်ကြီးကို ဆင့်ခေါ် ကန့်ကွက်ခဲ့ကြောင်း ဘီလာဝဲလ်ဘူတိုဇာဒါရီက သတင်းထောက်များကို ပြောကြားခဲ့သည်။

သို့သော် အမေရိကန်သံအမတ်ကြီးကို ဆင့်ခေါ်မှုကြောင့် ပါကစ္စတန်-အမေရိကန် နှစ်နိုင်ငံဆက်ဆံရေးအပေါ် ဆိုးကျိုးသက်ရောက်နိုင်ဖွယ်မရှိဟု ဘီလာဝဲလ်ဘူတိုဇာဒါရီက သုံးသပ်ခဲ့ကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## နာဆာက အားတီးမစ်-၁ မစ်ရှင်ကို လာမည့်နိုဝင်ဘာ ၁၄ ရက်တွင် လွှတ်တင်ရန်စီစဉ်ထား



**ဝါရှင်တန် အောက်တိုဘာ ၁၆**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)သည် အားတီးမစ်-၁ မစ်ရှင်ကို လာမည့်နိုဝင်ဘာ ၁၄ ရက်တွင် လွှတ်တင်ရန် စီစဉ်ထားကြောင်း The Daily Mail သတင်းစာက အောက်တိုဘာ ၁၅ ရက်က ရေးသား တင်ပြထားသည်။

နာဆာအဖွဲ့သည် အားတီးမစ်-၁ မစ်ရှင် လွှတ်တင်ရေးအစီအစဉ်ကို သုံးကြိမ်တိုင်တိုင်ရွှေ့ဆိုင်းခဲ့ရပြီးနောက် စတုတ္ထအကြိမ် ကြိုးစားမှုအဖြစ် နိုဝင်ဘာ ၁၄ ရက်တွင် လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

အားတီးမစ်-၁ မစ်ရှင်သည် နာဆာ၏ လကမ္ဘာပေါ်သို့ လူသားများ ပြန်လည်စေလွှတ်ရေးစီမံကိန်း၏ ပထမခြေလှမ်းဖြစ်သည်။

အားတီးမစ်-၁ မစ်ရှင်အရ နာဆာအဖွဲ့သည် အာကာသယာဉ်မှူးများ လိုက်ပါမှုမရှိသည့် အိုရီယွန်အာကာသယာဉ်ကို လကမ္ဘာအနီးသို့ ပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

အိုရီယွန် အာကာသလူသယ်ယာဉ်သည် လကမ္ဘာအနီး၌ ရက်ပေါင်း ၂၅ ရက်နှင့် နေ့တစ်ဝက် ပျံသန်းပြီးနောက် ဒီဇင်ဘာ ၉ ရက်တွင် ပစိဖိတ်သမုဒ္ဒရာဒေသသို့ ပြန်လည်ဆင်းသက်မည်ဖြစ်ကြောင်း သိရသည်။

အားတီးမစ်-၁ မစ်ရှင် အောင်မြင်ခဲ့ပါက နာဆာအဖွဲ့သည် အားတီးမစ်-၂ နှင့် အားတီးမစ်-၃ မစ်ရှင်တို့ကို ဆက်လက်အကောင်အထည်ဖော်မည် ဖြစ်ကြောင်း သိရသည်။

KKO

## နာဆာ၏ တက်စ်ဂြိုဟ်သစ်ရှာဖွေရေးဂြိုဟ်တု ကွန်ပျူတာစနစ်ပြဿနာတစ်ရပ်ကြောင့် လုံခြုံရေးအရ စူးစမ်းလေ့လာရေးစနစ်များ ပိတ်ထားရ

**ဝါရှင်တန် အောက်တိုဘာ ၁၆**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ တက်စ် ဂြိုဟ်သစ်ရှာဖွေရေးဂြိုဟ်တုသည် ကွန်ပျူတာစနစ် ပြဿနာတစ်ရပ်ကြောင့် လုံခြုံရေးအရ စူးစမ်းလေ့လာရေးစနစ်များ ပိတ်ထားရကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၁၅ ရက်က ရေးသားတင်ပြထားသည်။

တက်စ် ဂြိုဟ်သစ်ရှာဖွေရေးဂြိုဟ်တု၏ စူးစမ်းလေ့လာရေးစနစ်များသည် အောက်တိုဘာ ၁၀ ရက်တွင် အလိုအလျောက်ရပ်တန့်ခဲ့ခြင်းဖြစ်သည်။

တက်စ်ဂြိုဟ်တုတွင် တပ်ဆင်ထားသည့် ပျံသန်းမှုထိန်းချုပ်ရေး ကွန်ပျူတာစနစ် ပုံစံပြန်ချမှုကို တုံ့ပြန်သည့်အနေဖြင့် တက်စ်ဂြိုဟ်တု၏ စူးစမ်းလေ့လာရေးစနစ်များ အလိုအလျောက်ရပ်တန့်သွားခြင်းဖြစ်နိုင်ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားထားသည်။



လက်ရှိအချိန်တွင် နာဆာမြေပြင်ကျွမ်းကျင်ဝန်ထမ်းများသည် တက်စ်ဂြိုဟ်တု၏စနစ်များ ပုံမှန်အခြေအနေ ပြန်ရောက်ရေးအတွက် ကြိုးစားလျက်ရှိကြောင်း သိရသည်။

နာဆာအဖွဲ့သည် တက်စ်ဂြိုဟ်တုကို နေအဖွဲ့အစည်းပြင်ပဂြိုဟ်သစ်များ ရှာဖွေရေးမစ်ရှင်အတွက် ၂၀၁၈ ခုနှစ်က လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီးနောက်ပိုင်း တက်စ်ဂြိုဟ်တုသည် နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်သစ်ပေါင်း ၂၅၀ ကျော်ကို ရှာဖွေပေးနိုင်ခဲ့ကြောင်း သိရသည်။

KKO

## နေအဖွဲ့အစည်းပြင်ပ ဓာတ်ငွေ့ဂြိုဟ်ပူနှစ်စင်း၏ လေထုလွှာအတွင်း၌ အက်တမ်အလေးချိန်အစီးဆုံး ဘာရီယမ်ဒြပ်စင်ကို ရှာဖွေတွေ့ရှိ

**လန်ဒန် အောက်တိုဘာ ၁၆**

နေအဖွဲ့အစည်းပြင်ပဓာတ်ငွေ့ဂြိုဟ်ပူနှစ်စင်း၏ လေထုလွှာအတွင်း၌ အက်တမ်အလေးချိန်အစီးဆုံး ဘာရီယမ်ဒြပ်စင်ကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၁၅ ရက်က ရေးသားတင်ပြထားသည်။

အဆိုပါ ဘာရီယမ်ဒြပ်စင်များကို WASP - 76 b နှင့် WASP - 121 b အမည်ရှိ နေအဖွဲ့အစည်းပြင်ပ ဓာတ်ငွေ့ဂြိုဟ်နှစ်စင်း၏ လေထုလွှာအတွင်း တွေ့ရှိခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

နေမဟုတ်သည့် အခြားကြယ်တစ်စင်းကို လှည့်ပတ်နေသောဂြိုဟ်များ၏ လေထုလွှာအတွင်း၌ ဘာရီယမ်ဒြပ်စင်ကို ပထမဆုံးအကြိမ်အဖြစ် တွေ့ရှိခဲ့ရခြင်းဖြစ်ကြောင်း ပေါ်တူဂီ သိပ္ပံပညာရှင်များက ပြောကြားသည်။

WASP - 76 b နှင့် WASP - 121 b ဂြိုဟ်များသည် အပူချိန်လွန်စွာပြင်းထန်သည့် ဂြိုဟ်များဖြစ်ကြရာ အဆိုပါဂြိုဟ်များ၏ လေထုလွှာအတွင်း ဘာရီယမ်ဒြပ်စင်ကို တွေ့ရှိရန် မမျှော်လင့်ထားသော်လည်း အဆိုပါဂြိုဟ်နှစ်စင်းလုံး၏ လေထုလွှာအတွင်း ဘာရီယမ်ဒြပ်စင်များကို အံ့အားသင့်ဖွယ်တွေ့ရှိခဲ့ရသည်ဟု သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

ဘာရီယမ်ဒြပ်စင်များသည် သံဒြပ်စင်များထက် အက်တမ်အလေးချိန်အရ ၂ ဒသမ ၅ ဆ ပိုများသော ဒြပ်စင်များဖြစ်ကြကြောင်း သိရသည်။

ပေါ်တူဂီ သိပ္ပံပညာရှင်များသည် ချီလီနိုင်ငံအခြေစိုက် ဗွီအယ်လ်တီ ရေဒီယိုတယ်လီစကုပ်ကို အသုံးပြု၍ WASP - 76 b နှင့် WASP - 121 b တို့၏ လေထုလွှာအတွင်းရှိ ဘာရီယမ်ဒြပ်စင်များကို တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

KKO

# HEALTH

## သွေးတိုးနှင့်ကိုလက်စထရောကုသဆေးများ ပေါင်းစပ်သုံးပါက နှလုံးသွေးကြောဆိုင်ရာရောဂါများကို ကာကွယ်ပေးနိုင်

**အော့တဝါ အောက်တိုဘာ ၁၆**

သွေးတိုးရောဂါနှင့် သွေးအတွင်း ကိုလက်စထရောပါဝင်နှုန်း မြင့်မားမှုတို့ကို ကုသရာတွင် အသုံးပြုသည့်ဆေးများကို ပေါင်းစပ်အသုံးပြုပါက နှလုံးသွေးကြောဆိုင်ရာရောဂါများကို ကာကွယ်ပေးနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ The Daily Mail သတင်းစာက အောက်တိုဘာ ၁၅ ရက်က ရေးသား တင်ပြထားသည်။

ကနေဒါနိုင်ငံ မက်မာစတာ တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ အဆိုအရ တန်ဖိုးချိုသည့် သွေးဖိအား လျှော့ချရေးဆေးများဖြစ်ကြသည့် စတာတင်နှင့်အက်စပရင်ဆေးများကို တစ်မျိုးတည်းသော ဆေးပုံစံအဖြစ် အသုံးပြုမည်ဆိုပါက ကမ္ဘာ့ပြည်သူများကြား နှလုံးသွေးကြောဆိုင်ရာရောဂါများ ဖြစ်နိုင်ခြေ မြင့်တက်လာမှုကို ကာကွယ်ပေးနိုင်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် သွေးတိုးနှင့်ကိုလက်စထရော လျှော့ချရေးဆေးများ ပေါင်းစပ်ထားသော Polypill ဆေးများကို ကမ္ဘာ့နိုင်ငံအနည်းငယ်တွင်သာ ရရှိနိုင်ပြီး သုံးစွဲသူဦးရေလည်း နည်းပါးနေဆဲဖြစ်ကြောင်း ကနေဒါသုတေသနပညာရှင်များက ပြောကြားသည်။

ယခုအခါ တစ်ကမ္ဘာလုံးအတိုင်းအတာအရ နှလုံးသွေးကြောဆိုင်ရာ ရောဂါများကြောင့် နှစ်စဉ်လူပေါင်း ၁၈ သန်းမျှ သေဆုံးနေရကြောင်း သုတေသနပညာရှင်များက ခန့်မှန်းထားသည်။

သို့ဖြစ်ရာ ဈေးနှုန်းသက်သာ၍ ကမ္ဘာတစ်ဝန်း အလွယ်ရယူနိုင်မည့် သွေးတိုးနှင့် ကိုလက်စထရော လျှော့ချရေးဆေး နှစ်မျိုးပေါင်း Polypill ဆေးများကို အသုံးပြုမည်ဆိုပါက ကမ္ဘာတစ်ဝန်း နှလုံးသွေးကြောဆိုင်ရာရောဂါများကို ကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း ကနေဒါ သုတေသနပညာရှင်များက ပြောကြားသည်။

KKO

## သက်ကြီးပိုင်းများ၏ တွေးတောဆင်ခြင်နိုင်မှုစွမ်းရည်ကို လေ့ကျင့်ခန်းများပြုလုပ်ခြင်းဖြင့် မြှင့်တင်ပေးနိုင်

**အော့တဝါ အောက်တိုဘာ ၁၆**

အထိုက်အလျောက်အားစိုက်ရသည့် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများသည် လေဖြတ်ပြီးနောက် ပြန်လည်နာလန်ထူရန် ကြိုးစားနေကြသည့် သက်ကြီးပိုင်းများ၏ တွေးတောဆင်ခြင်နိုင်မှုစွမ်းရည်ကို မြှင့်တင်ပေးနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ ယူပီအိုင်သတင်းဌာနက အောက်တိုဘာ ၁၅ ရက်က ရေးသား တင်ပြထားသည်။

လေဖြတ်ထားသော သက်ကြီးပိုင်းများ၏ တွေးတောဆင်ခြင်နိုင်စွမ်းကို မြှင့်တင်ရာတွင် အထိုက်အလျောက်အားစိုက်ရသော ကိုယ်ကာယလေ့ကျင့်ခန်းများ၊ ဟန်ချက်ထိန်းလေ့ကျင့်ခန်းများသည် အပေါ်စားလေ့ကျင့်ခန်းများ၊ အကြောလျှော့လေ့ကျင့်ခန်းများထက် ပိုထိရောက်ကြောင်း ကနေဒါနိုင်ငံ ဘရစ်တစ်ရှ်ကိုလံဘီယာတက္ကသိုလ်မှ သုတေသန ပညာရှင်များက ပြောကြားသည်။

လေဖြတ်ထားသည့် သက်ကြီးပိုင်းများတွင် ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ (Dementia) ဖြစ်နိုင်ခြေလည်း ပုံမှန်ထက် နှစ်ဆ မြင့်တက်လာတတ်ကြောင်း သိရသည်။

သို့ရာတွင် ရက်သတ္တ တစ်ပတ်လျှင် နှစ်ကြိမ်၊ တစ်ကြိမ်လျှင် တစ်နာရီအချိန်ပေး၍ အသင့်အတင့်အားစိုက်ရသော ကိုယ်လက်လှုပ်ရှားလေ့ကျင့်မှုများ ပုံမှန်ပြုလုပ်ပါက လေဖြတ်ထားသော သက်ကြီးပိုင်းများတွင် တွေးတောဆင်ခြင်နိုင်စွမ်း မြင့်မားလာနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

KKO



## နိုင်ငံတကာ အားကစားသတင်းများ

# အောက်တိုဘာလအတွက် ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် မြန်မာဖူဆယ်အသင်း အဆင့် (၈၁) နေရာတွင် ရပ်တည်

**ရန်ကုန် အောက်တိုဘာ ၁၆**

အောက်တိုဘာလ အတွက် လက်ရွေးစင်ဖူဆယ်အသင်းများ၏ ကမ္ဘာ့အဆင့်သတ်မှတ်ချက်များကို ထုတ်ပြန်ကြေညာခဲ့ရာ မြန်မာဖူဆယ်အသင်းအနေဖြင့် ကမ္ဘာ့အဆင့်(၈၁)နေရာတွင် ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

အောက်တိုဘာလအတွက် ကမ္ဘာ့အဆင့် သတ်မှတ်ချက်များတွင် အာဆီယံဇုန်မှ အသင်းများအနေဖြင့် အဆင့်မြင့်တက်သည့်အသင်းမရှိခဲ့ဘဲ ထိုင်းအသင်း၊ မလေးရှားအသင်း၊ ကမ္ဘောဒီးယားအသင်း၊ တီမောလက်စ်တေအသင်းနှင့် ဘရူနိုင်းအသင်းတို့အနေဖြင့် အဆင့်သတ်မှတ်ချက်များ အသီးသီးလျော့ကျခဲ့ပြီး မြန်မာဖူဆယ်အသင်းအနေဖြင့် ရမှတ် ၈၄၂ မှတ်ဖြင့် ကမ္ဘာ့အဆင့်(၈၁)နေရာတွင် ဆက်လက်ရပ်တည်ခဲ့ခြင်းဖြစ်သည်။



အောက်တိုဘာလအတွက် ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် အာဆီယံဒေသတွင်းအသင်းများ၌ ထိုင်းအသင်းက ကမ္ဘာ့အဆင့်(၂၅)ဖြင့် အာဆီယံအဆင့်(၁)၊ အင်ဒိုနီးရှားအသင်းက ကမ္ဘာ့အဆင့်(၃၉)ဖြင့် အာဆီယံအဆင့်(၂)၊ ဗီယက်နမ်အသင်းက ကမ္ဘာ့အဆင့်(၄၀)ဖြင့် အာဆီယံအဆင့်(၃)၊ မလေးရှားအသင်းက ကမ္ဘာ့အဆင့်(၇၇)ဖြင့် အာဆီယံအဆင့်(၄)၊ မြန်မာအသင်းက ကမ္ဘာ့အဆင့်(၈၁)ဖြင့် အာဆီယံအဆင့်(၅)၊ ကမ္ဘောဒီးယားအသင်းက ကမ္ဘာ့အဆင့်(၁၁၀)ဖြင့် အာဆီယံအဆင့်(၆)၊ တီမောလက်စ်တေအသင်းက ကမ္ဘာ့အဆင့်(၁၁၁)ဖြင့် အာဆီယံအဆင့်(၇)၊ ဘရူနိုင်းအသင်းက ကမ္ဘာ့အဆင့်(၁၁၇)ဖြင့် အာဆီယံအဆင့်(၈)နေရာတို့တွင်အစဉ်လိုက် ရပ်တည်ခဲ့ကြပြီး စင်ကာပူ၊ လာအိုနှင့် ဖိလစ်ပိုင်အသင်းတို့က ကမ္ဘာ့အဆင့် သတ်မှတ်ခံထားရခြင်းမရှိသေးကြောင်း သိရသည်။ STA

# Zozo Championship ပြိုင်ပွဲ ချန်ပီယံဆုကို ဘရက်ဒလေ ဆွတ်ခူး

**တိုကျို အောက်တိုဘာ ၁၆**

ဂျပန်နိုင်ငံတွင် ကျင်းပနေသည့် Zozo Championship ဂေါက်သီးရိုက်ပြိုင်ပွဲ နောက်ဆုံးနေ့အပြီးတွင် အမေရိကန် ဂေါက်သီးရိုက်ကစားသမား ဘရက်ဒလေက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၅ ချက်လျော့ရိုက်ကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း PGA Tour က ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမားများ ဖြစ်ကြသည့် ရစ်ကီဖောင်လာနှင့် ပွတ်နမ်တို့က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၄ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်နိုင်ခဲ့ပြီး အာဂျင်တီးနား ဂေါက်သီးရိုက်ကစားသမား ဂရီလီယိုက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၃ ချက် လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်နိုင်ခဲ့ပြီး ဘရက်ဒလေအနေဖြင့် အောင်မြင်မှုများဖြင့် ဝေးကွာနေရသည့် အခြေအနေမှ ရုန်းထွက်လာနိုင်ခဲ့ခြင်းဖြစ်သည်။

ဘရက်ဒလေက "နောက်ဆုံးနေ့မှာ ပြိုင်ပွဲဝင်တွေအားလုံး ရလဒ်ကောင်းရဖို့ ရုန်းကန်ခဲ့ကြရတယ်။ ကျွန်တော်ကံကောင်းခဲ့တာက ကျင်းနံပါတ်(၁၇)မှာ ကျွန်တော့်ဘဝအတွက် အကောင်းဆုံးရိုက်ချက် တစ်ချက်ကို ရိုက်နိုင်ခဲ့တယ်။ ဒီရိုက်ချက်ကြောင့်ပဲ ကျွန်တော်ချန်ပီယံဖြစ်ခဲ့တယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL




## စပိန်လာလီဂါ ပွဲစဉ် (၁၀) ပွဲကြိုသုံးသပ်ချက်

S T A

**ဆီဗီလာ Vs ဗလင်စီယာ**

**ကစားမည့်ရက်/အချိန် ၁၈-၁၀-၂၀၂၂ (ည ၁၁:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဗလင်စီယာ ၁ - ၁ ဆီဗီလာ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

**ဆီဗီလာ - အိမ်(သရေ) ဝေး(သရေ) ဝေး(နိုင်)**

**ဗလင်စီယာ - ဝေး(သရေ) ဝေး(နိုင်) အိမ်(သရေ)**

နည်းပြအပြောင်းအလဲနောက်ပိုင်းမှာ ရလဒ်ပိုင်းပြန်လည်ကောင်းမွန်လာတဲ့ ဆီဗီလာအသင်းဟာ အခုပွဲစဉ်မှာလဲ ဗလင်စီယာအသင်းကို အကောင်းဆုံး ဖိအားပေးကစားနိုင်မှာပါ။ ဗလင်စီယာအသင်းကလဲ အသင်းလိုက်ကစားပုံကောင်းမွန်တယ်ဆိုပေမဲ့ ခံစစ်ပိုင်းက စိတ်မချရလို့ ဆီဗီလာအသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - ဆီဗီလာ ၂ - ၁ ဗလင်စီယာ**

## အားကစားသတင်း အတိုအထွာများ

- ဘီလ်ဘာအိုအသင်းကို အနိုင်ရခဲ့သည့်ပွဲစဉ်တွင် အေတီကိုအသင်းဝိုးသမား အိုဘလက် ပခုံးဒဏ်ရာနှင့် ဦးနှောက်ထိခိုက်မှုရှိခဲ့ကြောင်း အေတီကိုအသင်းနည်းပြက အတည်ပြုထုတ်ပြန်ခဲ့သည်။
- လာဇီယိုအသင်းက မီလင်ကိုဗစ်ဆာဗစ်အတွက် ပြောင်းရွှေ့ကြေး ယူရိုသန်း ၁၂၀ အလိုရှိကြောင်း ပြောကြားခဲ့ပြီးနောက် အာဆင်နယ်အသင်းက ၎င်းကိုခေါ်ယူရန်အသင့်ရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ML

# လိုက်ဝိတ်တန်းများချန်ပီယံစိန်ခေါ်ပွဲအဖြစ် ဒါဗင်ဟန်နေနှင့် ကမ်ဘိုဆော့တို့ထိုးသတ်ခဲ့ရာ ဒါဗင်ဟန်နေက ထပ်မံအနိုင်ရရှိ

**မဲလ်ဘုန်း အောက်တိုဘာ ၁၆**

WBA (Super)၊ WBC၊ IBF၊ WBO လိုက်ဝိတ်တန်းများချန်ပီယံစိန်ခေါ်ပွဲ မကျေပွဲအဖြစ် လက်ရှိချန်ပီယံ ဒါဗင်ဟန်နေနှင့် ချန်ပီယံဟောင်းကမ်ဘိုဆော့တို့ ယနေ့တွင် ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့၌ ယှဉ်ပြိုင် ထိုးသတ်ခဲ့ရာ ဒါဗင်ဟန်နေက ဒိုင်အမှတ်ဖြင့် အနိုင်ရရှိကာ လက်ရှိချန်ပီယံဘွဲ့ကို ကာကွယ်နိုင်ခဲ့ကြောင်း Independent သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် လက်ဝှေ့သမား ဒါဗင်ဟန်နေနှင့် ဩစတြေးလျလက်ဝှေ့သမား ကမ်ဘိုဆော့တို့၏ မကျေပွဲစဉ်သည် ပရိသတ်များကို ဖျော်ဖြေမှု အပြည့်အဝပေးနိုင်ခဲ့သည့်ပွဲစဉ်တစ်ပွဲဖြစ်ခဲ့ပြီး နောက်ဆုံးအချီထိ သူတစ်ပြန်ကိုယ်တစ်ပြန် ထိုးသတ်နိုင်ခဲ့သည်။

သို့သော်လည်း ကမ်ဘိုဆော့အနေဖြင့် ချန်ပီယံခါးပတ်များကို လက်လွှတ်ခဲ့ရစဉ်က ထိုးသတ်ဟန်ကို ပြင်ဆင်နိုင်ခြင်းမရှိသည့်အတွက် ကမ်ဘိုဆော့၏ အားနည်းချက်များကို ဒါဗင်ဟန်နေက အပြည့်အဝအသုံးချကာ လိုက်ဝိတ်တန်း၏ ပြိုင်ဘက်ကင်းချန်ပီယံဘွဲ့ကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့သည်။

ဒါဗင်ဟန်နေက "ကမ်ဘိုဆော့ဟာ Jab ထိုးချက်တွေနဲ့ ကျွန်တော့်ကို ဖိအားပေးဖို့ ကြိုးစားလာခဲ့ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ သူ့ရဲ့ဗျူဟာအတွင်းမဝင်ဖို့အတွက် အကောင်းဆုံးအာရုံစိုက်ထိုးသတ်ခဲ့တယ်။ အခွင့်အရေးရလာတာနဲ့ ကျွန်တော့်မှာရှိတဲ့ ခွန်အားအပြည့်အဝကို အသုံးချပြီးတော့ ဖိအားပေး ထိုးသတ်နိုင်ခဲ့တယ်။ ကျွန်တော့်ရဲ့ ညာဝိုက်လက်သီးတွေကြောင့် ဒီနေ့ပွဲစဉ်မှာ အနိုင်ရလဒ်ကို စွမ်းဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။ လိုက်ဝိတ်တန်း ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွေ လက်ရှိအနေအထားထက် မြင့်တက်လာမယ်လို့ မျှော်လင့်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီနေ့ပွဲစဉ်မှာ စွယ်စုံရလက်ဝှေ့သမားတစ်ယောက် ဖြစ်တယ်ဆိုတာကို သက်သေပြနိုင်ခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့ ပထမစိန်ခေါ်ပွဲတုန်းကလဲ ဩစတြေးလျနိုင်ငံသားကို ဩစတြေးလျမြေမှာအနိုင်ယူနိုင်ခဲ့သလို မကျေပွဲစဉ်မှာလဲ စာချုပ်ပါအချက်အလက်အရ ဩစတြေးလျမြေမှာထိုးသတ်ခဲ့ရတယ်။ ဒါပေမဲ့ ကျွန်တော်အနိုင်ရခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# နယူးကာဆယ်အသင်းက ဘရာဇီးကစားသမား အန်ဒရီဆန်းတို့စ်ကို ခေါ်ယူရန်ကြိုးပမ်း

**လန်ဒန် အောက်တိုဘာ ၁၆**

နယူးကာဆယ် အသင်းသည် ဘရာဇီးကလပ် ဗာစကိုဒဂါးမားအသင်း ကွင်းလယ်ကစားသမား အန်ဒရီဆန်းတို့စ်ကို ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် ခေါ်ယူနိုင်ရန်အတွက် ကစားသမား၏ အေးဂျင့်ဖြစ်သူ ဘာတိုလူစီနှင့် ဆွေးနွေးမှုပြုလုပ်ခဲ့ကြောင်း Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အန်ဒရီဆန်းတို့စ်သည် ဗာစကိုဒဂါးမားအသင်းနှင့်လာမည့် ၂၀၂၇ ခုနှစ်ထိ စာချုပ်သက်တမ်းတိုးထားပြီး ၎င်းကိုခေါ်ယူနိုင်ရေးအတွက် လွယ်ကူမည် မဟုတ်သော်လည်း နယူးကာဆယ်အသင်း ဘုတ်အဖွဲ့က ကွင်းလယ်ခံစစ်ပိုင်းလိုအပ်ချက်အတွက် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ခေါ်ယူနိုင်ရန် ၎င်း၏ အေးဂျင့်ဖြစ်သူနှင့် ပြီးခဲ့သည့် စက်တင်ဘာလအတွင်းက ဘရာဇီးသို့ သွားရောက်၍ ကနဦးဆွေးနွေးမှု ပြုလုပ်ခဲ့သည်။

လက်ရှိတွင် နယူးကာဆယ်အသင်းက အန်ဒရီဆန်းတို့စ်အတွက် ပြောင်းရွှေ့ကြေး ယူရို ၃၅ သန်းသာ ပေးချေလိုသော်လည်း ဗာစကိုဒဂါးမားအသင်းက ၎င်းတို့ကစားသမားအတွက် ယူရိုသန်း ၄၀ ထိအလိုရှိကြောင်း တုံ့ပြန်ပြောကြားခဲ့ပြီးနောက် စပိန်ကလပ် ဘာစီလိုနာအသင်းကလည်း အန်ဒရီဆန်းတို့စ်ကိုခေါ်ယူရန် ဘရာဇီးသို့ ကိုယ်စားလှယ်စေလွှတ်၍ အပြိုင်ကမ်းလှမ်းရန် ကြိုးပမ်းလျက်ရှိသည်။




အသက် ၁၈ နှစ်ရှိ လူငယ်ကစားသမားသည် ပြီးခဲ့သည့် ၂၀၂၁ ခုနှစ်က ဗာစကိုဒဂါးမားအသင်းနှင့် ပရော်ဖက်ရှင်နယ် စာချုပ် ချုပ်ဆိုခဲ့သော်လည်း ယခုနှစ် ဘရာဇီးစီးရီးဘီပြိုင်ပွဲတွင် ၃၉ ပွဲ ပါဝင်ခဲ့ရာ သွင်းဂိုး ခုနှစ်ဂိုးထိ သွင်းယူနိုင်သည့် ကွင်းလယ်ခံစစ်ကစားသမား တစ်ဦးဖြစ်သောကြောင့် နယူးကာဆယ်အသင်းအပါအဝင် ဥရောပကလပ်အသင်းကြီးများက ခေါ်ယူရန် ကမ်းလှမ်းနေခြင်းဖြစ်ကြောင်း သိရသည်။ ML

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၆)တွင် ဟံသာဝတီယူနိုက်တက်အသင်း အနိုင်ရရှိ




**ရန်ကုန် အောက်တိုဘာ ၁၆**

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၁၆)အဖြစ် ယနေ့ ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ သုဝဏ္ဏ အားကစားကွင်းတွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဟံသာဝတီယူနိုက်တက်အသင်းက တစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက မြန်မာနေရှင်နယ်လိဂ် ထိပ်သီးအသင်းများ တွေ့ဆုံသည့်ပွဲစဉ်ဖြစ်သည်နှင့်အညီ နှစ်သင်းစလုံးအပြန်အလှန် တိုက်စစ်ဆင်မှုများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး အပြန်အလှန်ဂိုးသွင်းခွင့်များ ရရှိခဲ့ကြသော်လည်း နှစ်ဖက်အသင်း တိုက်စစ်ကစားသမားများ အဆုံးသတ်ပိုင်းမသေချာမှုများကြောင့် ပထမပိုင်းတွင် သွင်းဂိုးများ တွေ့မြင်ရခြင်းမရှိခဲ့ဘဲ သရေရလဒ်ဖြင့် ပွဲပြီးဆုံးခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် နှစ်သင်းစလုံးအနိုင်ဂိုးများအတွက် ပိုမိုတိုက်စစ်မြှင့်ဖိအားပေးကစားခဲ့ကြပြီး ပွဲချိန်အစောပိုင်းတွင် ဂိုးပေါက်ခြိမ်းခြောက်မှုအနည်းငယ်သာရှိခဲ့သော်လည်း ပွဲချိန်နောက်ပိုင်းတွင် ဂိုးပေါက်ခြိမ်းခြောက်မှုများ ပိုမိုမြင်တွေ့ခဲ့ရကာ ပွဲချိန် ၇၅ မိနစ်တွင် လာဒင့်ယာက ဟံသာဝတီယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည်။

ဟံသာဝတီယူနိုက်တက်အသင်းက ဦးဆောင်ဂိုးရရှိခဲ့ပြီးနောက်ပိုင်း အနိုင်ရလဒ်ကို ထိန်းချုပ်ကစားရန် ကြိုးပမ်းလာခဲ့ပြီး ရန်ကုန်ယူနိုက်တက်အသင်းက ချေပဂိုးနှင့်အနိုင်ဂိုးများအတွက် ပိုမိုဖိအားပေးလာခဲ့သော်လည်း ပွဲပြီးဆုံးချိန်ထိ ဂိုးသွင်းယူနိုင်ခြင်းမရှိသည့်အတွက် ပွဲပြီးဆုံးချိန်တွင် လာဒင့်ယာ၏ တစ်လုံးတည်းသောအနိုင်ဂိုးဖြင့် ဟံသာဝတီယူနိုက်တက်အသင်းကရန်ကုန်ယူနိုက်တက်အသင်းကို အနိုင်ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ STA

# ဥရောပထိပ်သီးလိဂ်လေးခုတွင် ဂိုးသွင်းယူနိုင်သည့် တောင်အမေရိက ကစားသမားအဖြစ် ကာဗာနီမှတ်တမ်းဝင်

**မက်ဒရစ် အောက်တိုဘာ ၁၆**

ပြီးခဲ့သည့် တနင်္ဂနွေည ကစားခဲ့သည့် ဗလင်စီယာအသင်းနှင့် အယ်ချီအသင်းတို့၏ စပိန်လာလီဂါပြိုင်ပွဲတွင် ဗလင်စီယာတိုက်စစ်မှူး ကာဗာနီက သွင်းဂိုးနှစ်ဂိုး သွင်းယူနိုင်ခဲ့သဖြင့် ၂၁ ရာစုအတွင်း တောင်အမေရိက ကစားသမားများထဲတွင် ထိပ်သီးလိဂ်လေးခု၌ ဂိုးသွင်းယူနိုင်သည့်ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း Fotmob.com က ယနေ့ တွင် ဖော်ပြခဲ့သည်။

ကာဗာနီသည် အီတလီကလပ် နာပိုလီအသင်း၊ ပြင်သစ်ကလပ် ပီအက်စ်ဂျီအသင်း၊ ပရီးမီးယားလိဂ်ကလပ်မန်ယူအသင်းတို့တွင် ကစားခဲ့စဉ်က ဂိုးသွင်းယူနိုင်ခဲ့သည့်အပြင် ယခုနှစ် စပိန်လာလီဂါတွင်လည်း ဗလင်စီယာအသင်းအတွက် သွင်းဂိုးနှစ်ဂိုး သွင်းယူနိုင်ခဲ့သောကြောင့် ဥရောပ ထိပ်သီးကလပ်များတွင် ဂိုးသွင်းယူနိုင်သည့် တောင်အမေရိက ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ယခင်က ထိပ်သီးလိဂ်လေးခုတွင် ဂိုးသွင်းယူနိုင်ခဲ့သည့် ကစားသမားများမှာ ချီလီကစားသမား ဆန်းချက်ဇ်၊ ကိုလံဘီယာကစားသမား ဂျိမ်းရိုဒရီဂွက်ဇ်၊ ဘရာဇီးကစားသမား ကော်တင်ဟို၊ အာဂျင်တီးနားကစားသမား ဒီမာရီယာတို့လေးဦးသာ ရှိခဲ့သော်လည်း လက်ရှိတွင် လာလီဂါသွင်းဂိုးရရှိခဲ့သည့် ဥရုဂွေးကစားသမား ကာဗာနီမှာ ငါးယောက်မြောက် ဖြစ်လာခဲ့ကြောင်း သိရသည်။ ML

# အဲဗာတန်နှင့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့သည့် ရစ်ချာလီဆန် မန်ယူအသင်းနှင့်ပွဲစဉ်ကို လွဲချော်မည်

**လန်ဒန် အောက်တိုဘာ ၁၆**

စပါးအသင်းက အဲဗာတန်အသင်းကို ညွှဲခံကစားခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ် (၁၁) တွင် အဲဗာတန်အသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သော်လည်း တိုက်စစ်မှူး ရစ်ချာလီဆန်မှာ ဒဏ်ရာပြဿနာ ကြုံတွေ့ခဲ့ရသဖြင့် မန်ယူအသင်းနှင့် ကစားရမည့်ပွဲစဉ်ကို လွဲချော်မည်ဟု နည်းပြကွန်တီက ထုတ်ပြန်ပြောကြားခဲ့ကြောင်း 90Min.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ရစ်ချာလီဆန်သည် စပါးအသင်းသို့ ပြီးခဲ့သည့် နွေရာသီအပြောင်းအရွှေ့က ရောက်ရှိခဲ့ပြီး နည်းပြကွန်တီလက်အောက်တွင် ပုံစံကောင်းရရှိနေသော်လည်း အဲဗာတန်အသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ခြေသလုံးကြွက်သား ဒဏ်ရာရရှိခဲ့သောကြောင့် လာမည့် အောက်တိုဘာ ၂၀ ရက်တွင် ကစားရမည့် မန်ယူအသင်းနှင့်ပွဲစဉ်ကို လွဲချော်မည်ဖြစ်ကြောင်း နည်းပြကွန်တီက အတည်ပြုပြောကြားခဲ့သည်။




လက်ရှိတွင် ၎င်း၏ဒဏ်ရာကို လိုအပ်သည့် စစ်ဆေးမှုများပြုလုပ်နေသဖြင့် တိကျသည့် ရလဒ်ထွက်ပေါ်လာခြင်း မရှိသေးသော်လည်း ဆေးအဖွဲ့၏ ခန့်မှန်းချက်အရ ဒဏ်ရာ ပြန်လည်သက်သာရန် တစ်လခန့် အနားယူရမည်ဖြစ်၍ ဘာရာဇီးအသင်းနှင့် ကစားရမည့် ကမ္ဘာ့ဖလားပွဲစဉ်များကိုပါ လွဲချော်နိုင်သည်ဟု သတင်းများထွက်ပေါ်လျက်ရှိကြောင်း သိရသည်။ ML

# ဆန်ဒီယေဂိုအိုးပင်းတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ စဝီယာတက်ခ် တက်ရောက်

**ဆန်ဒီယေဂို အောက်တိုဘာ ၁၆**

အမေရိကန်နိုင်ငံတွင် ကျင်းပနေသည့် ဆန်ဒီယေဂိုအိုးပင်းတင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ကမ္ဘာ့အဆင့်(၁) တင်းနစ်မယ် စဝီယာတက်ခ်နှင့် အမေရိကန်တင်းနစ်မယ် ပယ်ဂူလာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ စဝီယာတက်ခ်က (၄-၆၊ ၆-၂၊ ၆-၂) ရလဒ်ဖြင့်အနိုင်ရရှိကာ ဗိုလ်လုပွဲစဉ်သို့ တက်ရောက်ခဲ့ကြောင်း ST သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ပိုလန်တင်းနစ်မယ် စဝီယာတက်ခ်အနေဖြင့် ပထမပွဲငယ်တွင် ရှုံးနိမ့်ခဲ့ရသော်လည်း ဒုတိယပွဲငယ်နှင့်တတိယပွဲငယ်တို့တွင် ပြတ်သားသည့်ရလဒ်များဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲစဉ်သို့ တက်ရောက်နိုင်ခဲ့သည်။

စဝီယာတက်ခ်သည် ဗိုလ်လုပွဲစဉ်တွင် အမေရိကန်တင်းနစ်မယ် ဒန်နီလီနှင့် ခရိုအေးရှားတင်းနစ်မယ် ဗွန်နာဗီကစ်တို့ပွဲစဉ်မှ အနိုင်ရလာသည့်ပြိုင်ပွဲဝင်ဖြင့် ကစားရမည်ဖြစ်သည်။

စဝီယာတက်ခ်က "ပထမပွဲငယ်မှာ ရှုံးနိမ့်ခဲ့ရတဲ့အတွက် ဒုတိယပွဲငယ်မှာ မဖြစ်မနေအနိုင်ရအောင် ကစားနိုင်ဖို့ လိုအပ်နေတယ်ဆိုတဲ့စိတ်နဲ့ အကောင်းဆုံးကြိုးစားကစားခဲ့ပါတယ်။ ပထမပွဲငယ်မှာ အစောပိုင်းက ကျွန်မဦးဆောင်နိုင်ခဲ့ပါတယ်။ ဒါပေမဲ့ အာရုံစူးစိုက်မှုလျော့နည်းခဲ့တဲ့အတွက် ပထမပွဲငယ်မှာ ရှုံးနိမ့်ခဲ့ရတယ်။ ဒါကြောင့် ဒုတိယပွဲငယ်မှာ နိုင်ပွဲရအောင်အကောင်းဆုံးကြိုးစားခဲ့တယ်။ တတိယပွဲငယ်မှာလဲ အမှားနည်းအောင်ကစားနိုင်ခဲ့ပြီး ကျွန်မလိုချင်တဲ့ရလဒ်ကို ရယူနိုင်ခဲ့ပါတယ်။ မိုးရွာနေတဲ့အတွက် ကစားရတာတော့ ခက်ခဲခဲ့တယ်။ မိုးရွာသွန်းတာကြောင့်လဲ ဒုတိယပွဲငယ်ကို တစ်နာရီလောက်စောင့်ပြီးမှ ကစားခဲ့ရပါတယ်။ ခက်ခဲတဲ့အခြေအနေတွေ ကြားထဲကနေ ရလဒ်ကောင်းတွေ ရယူနိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်။ ဗိုလ်လုပွဲစဉ်အတွက်အကောင်းဆုံးပြင်ဆင်သွားပါမယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL



# Match For Peace တွင် ဂန္ထဝင်ကစားသမားများနှင့်အတူ မက်ဆီလည်း ပါဝင်ကစားသွားမည်

**ရောမ အောက်တိုဘာ ၁၆**

Match For Peace အမည်ရှိ ရန်ပုံငွေဘောလုံးပွဲစဉ်တွင် ကမ္ဘာ့ဂန္ထဝင် ကစားသမားကြီးများနှင့်အတူ အာဂျင်တီးနားအသင်းနှင့် ပီအက်စ်ဂျီအသင်း ဝါရင့်တိုက်စစ်ကစားသမား မက်ဆီလည်း ပါဝင်ကစားသွားမည်ဖြစ်ကြောင်း Bleacher Report Football သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါ ရန်ပုံငွေပွဲစဉ်ကို ပုပ်ရဟန်းမင်းကြီး ဖရန်စစ်၏ ဖောင်ဒေးရှင်းဖြစ်သည့် We Play For Peace ဖောင်ဒေးရှင်းက ကြီးမှူး ကျင်းပသွားမည်ဖြစ်ကာ အာဂျင်တီးနား ဂန္ထဝင်ကစားသမားကြီး မာရာဒိုနာအတွက် အထိမ်းအမှတ်အဖြစ် ကမ္ဘာ့ဖလားပြိုင်ပွဲမကျင်းပမီ ခြောက်ရက်အလိုဖြစ်သည့် နိုဝင်ဘာ ၁၄ ရက်တွင် အီတလီနိုင်ငံ ရောမမြို့ရှိ Stadio Olimpico အားကစားကွင်း၌ ကစားသွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် ကစားမည့်ကစားသမားများကို အတည်ပြုရွေးချယ်ထားခြင်း မရှိသေးသော်လည်း ကမ္ဘာ့ဘောလုံးလောကတွင် ထိပ်တန်းဂန္ထဝင်ကစားသမားအများအပြားက ပါဝင်ကစားရန်အတွက် ဆန္ဒပြုမှုများ ပြုလုပ်ထားပြီး လက်မှတ်ရေးထိုးထားပြီးဖြစ်သည်။

အဆိုပါပွဲစဉ်တွင် ကစားမည့်အသင်းတစ်သင်းကို လက်ရှိ ရိုးမားအသင်း နည်းပြမော်ရင်ဟိုက တာဝန်ယူကြီးကြပ်သွားမည်ဖြစ်ပြီး ဘာစီလိုနာဂန္ထဝင်ကစားသမားကြီး ရော်နယ်ဒင်ဟိုလည်း ပါဝင်ကစားသွားမည်ဖြစ်ကာ လက်ရှိကစားနေသည့်ကစားသမားများမှ မက်ဆီနှင့်အတူ အသင်းဖော်ဟောင်းများဖြစ်သည့် ရာကီတစ်၊ ဒီမာရီယာ၊ ဆွာရက်ဇ်၊ ဒန်နီအဲလ်ဗက်တို့အပြင် ဘူဖွန်နှင့် ရေနာတို့ ပါဝင်ကစားမည်ဖြစ်ကြောင်း သိရသည်။ STA

**ပရီးမီးယားလိဂ် ပွဲစဉ် (၁၁) ရလဒ်**

| | | | | | |
|---|---|---|---|---|---|
| အေဗီလာ | ၀ | - | ၂ | ချဲလ်ဆီး | |
| လိဒ် | ၀ | - | ၁ | အာဆင်နယ် | |
| မန်ယူ | ၀ | - | ၀ | နယူးကာဆယ် | |
| ဆောက်သမ်တန် | ၁ | - | ၁ | ဝက်စ်ဟမ်း | (၀၄၀) |

**ပြင်သစ်လီဂူး ပွဲစဉ် (၁၁) ရလဒ်**

| | | | | | |
|---|---|---|---|---|---|
| တူးလော့ | ၃ | - | ၂ | အန်ဂါ | |
| အော်ဇေး | ၁ | - | ၁ | နိုက် | |
| နန့်တက် | ၄ | - | ၁ | ဘရက် | |
| ထရွိုင်းယက် | ၁ | - | ၁ | အေဂျက်စီယို | (၀၄၀) |

# ကျောက်ဆည်မြို့နယ်တွင် ဆင်အကအလှပြိုင်ပွဲကို အောက်တိုဘာ ၂၂ ရက်တွင် စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်



**ကျောက်ဆည် အောက်တိုဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဆင်အကအလှပြိုင်ပွဲကို အောက်တိုဘာ ၂၂ ရက် (သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်)တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ကျောက်ဆည်မြို့နယ် ရွှေသာလျောင်းဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမောင်လေးက ပြောပြ၍ သိရသည်။

ကျောက်ဆည်မြို့နယ်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ရွှေသာလျောင်းဘုရား ဆင်လှူပွဲတော်ကို အောက်တိုဘာ ၉ ရက် နံနက်ပိုင်းက စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း၊ အလားတူ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဆင်အကအလှပြိုင်ပွဲကိုလည်း အောက်တိုဘာ၂၂ ရက်တွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

“ကျောက်ဆည်မြို့သူ၊ မြို့သားတွေအနေနဲ့ ရှေးအစဉ်အဆက်ကတည်းက ရွှေသာလျောင်းဆုတောင်းပြည့်မြတ်စွာဘုရားကြီးအား မုန့်တွေနဲ့ ဆင်အရုပ်တွေ ပြုလုပ်ပြီး ကပ်လှူပူဇော်တဲ့ အစဉ်အလာရှိပါတယ်။ ဒီလို ဆင်အရုပ်တွေ လှူဒါန်းခြင်းဖြင့် ဆန်ရေစပါးနဲ့ ကောက်ပဲသီးနှံတွေ အထွက်ကောင်းမွန်တယ်လို့ ယုံကြည်တဲ့အတွက် အစဉ်အလာမပျက်နှစ်စဉ် ဆင်ရုပ်လှူဒါန်းပွဲကို ကျင်းပလျက်ရှိပါတယ်။ ဒါ့ပြင် ဆင်အကအလှပြိုင်ပွဲကိုလဲ နှစ်စဉ်ကျင်းပသွားမှာဖြစ်ပါတယ်”ဟု ကျောက်ဆည်မြို့နယ် ရွှေသာလျောင်းဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမောင်လေးက ပြောပြသည်။

ကျောက်ဆည်မြို့ ဆင်လှူပွဲတော်နှင့် ဆွမ်းတော်ကြီးကပ်လှူပွဲကို နှစ်စဉ် ရိုးရာမပျက်ပြုလုပ်ခဲ့ပြီး ၁၉၂၅ ခုနှစ်ခန့်တွင် ကျောက်ဆည်မြို့ ညောင်ခြောက်ပင်ရပ်ကွက်နေ ဆရာငယ်က လူဝင်၍ ကရသော နွဲ့ဆိုးအမည်ရှိ မြေနင်းဆင်ကို တီထွင်ပွဲထုတ်ခဲ့ရာမှ မျက်မှောက်ခေတ် ဆင်လှူပွဲတော်များထိ တိုင်အောင် လက်ဆင့်ကမ်းထိန်းသိမ်း ကျင်းပလာခဲ့ကြကြောင်း သိရသည်။

ASH

# The Naked Gun ဇာတ်ကားကို ပြန်လည်ရိုက်ကူးရန် စီစဉ်နေ

**နယူးယောက် အောက်တိုဘာ ၁၆**

Paramount ရုပ်ရှင်ကုမ္ပဏီသည် ၁၉၈၀ ပြည့်နှစ်အတွင်း အောင်မြင်မှုရရှိခဲ့သော The Naked Gun ဇာတ်ကားကို ပြန်လည်ရိုက်ကူးရန် စီစဉ်နေကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၁၅ ရက်တွင် ရေးသားတင်ပြထားသည်။

The Naked Gun ဟာသဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ရေးအတွက် မင်းသား လီအမ်နီဆင်က Paramount ရုပ်ရှင်ကုမ္ပဏီနှင့် ဆွေးနွေးနေကြောင်း သိရသည်။


မူလ The Naked Gun ဇာတ်ကားများ၌ ကွယ်လွန်သူဟာသမင်းသားကြီး လက်စလီနီအယ်ဆင်က အမြဲတမ်းကပေါက်တိကပေါက်ချာလုပ်တတ်သော ရဲအရာရှိ ဖရင့်ဒရီဆင်အဖြစ် သရုပ်ဆောင်ခဲ့သည်။

The Naked Gun ဇာတ်ကားတွင် မင်းသား လီအမ်နီဆင်သည် ရဲအရာရှိ ဖရင့်ဒရီဆင်၏ သားအဖြစ် သရုပ်ဆောင်ရဖွယ်ရှိကြောင်း သိရသည်။

The Naked Gun ဇာတ်ကားကို ဒါရိုက်တာ အကီဗာရှက်ဖာက တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

အဆိုပါ ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကိုမူ ဇာတ်ညွှန်းရေးဆရာ ဒန်ဂရီဂေါနှင့် ဒေါက်ဂလပ်မန်းတို့က ရေးသားမည်ဖြစ်ကြောင်း သိရသည်။

KKO




# မြောက်ဥက္ကလာပမြို့နယ် မွန်မြတ်စိတ်ထားတွယ်ရာမဲ့ဘိုးဘွားရိပ်သာသို့ သရုပ်ဆောင် နေရည်ဝင်းလဲ့က အာဟာရဒါန ကျွေးမွေးလှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်ရှိ မွန်မြတ်စိတ်ထား တွယ်ရာမဲ့ဘိုးဘွားရိပ်သာသို့ MRTV-4 မြန်မာရုပ်သံဇာတ်လမ်းတွဲ သရုပ်ဆောင် နေရည်ဝင်းလဲ့က တစ်နေ့တာ အာဟာရဒါနအဖြစ် ကြက်သားဟင်းနှင့် ထမင်းကို အောက်တိုဘာ ၁၅ ရက်က ကျွေးမွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

မွန်မြတ်စိတ်ထားတွယ်ရာမဲ့ဘိုးဘွားရိပ်သာတွင် ဘိုးဘွားဦးရေ ၃၀ ကို တစ်နေ့တာ အာဟာရဒါနအဖြစ် ထမင်းနှင့် ကြက်သားဟင်း ကျွေးမွေးလှူဒါန်းခဲ့ခြင်းဖြစ်ပြီး လှူဒါန်းမှုတန်ဖိုးမှာ ငွေကျပ် သုံးသိန်းခန့်ဖြစ်ကြောင်း သိရသည်။



“မွန်မြတ်စိတ်ထား တွယ်ရာမဲ့ ဘိုးဘွားရိပ်သာမှာရှိတဲ့ အဘိုး၊ အဘွားတွေကို နံနက်စာ၊ နေ့လယ်စာနဲ့ ညစာအတွက် လှူဒါန်းခဲ့တာဖြစ်ပါတယ်။ ဘိုးဘွားတစ်ယောက်ချင်းစီကို မုန့်တွေနဲ့ သီတင်းကျွတ်ဂါရဝအဖြစ် ကန်တော့ခဲ့ပါတယ်”ဟု သရုပ်ဆောင် နေရည်ဝင်းလဲ့က ပြောပြသည်။

သရုပ်ဆောင် နေရည်ဝင်းလဲ့သည် ထုတ်လွှင့်ပြီးဖြစ်သည့် သရဖူ၊ ဒေါင်းယာဉ်ပျံဘုံနံဘေးမှာ စာရေးလို့ထားချင်တယ်၊ သပွတ်အိမ် စသည့်မြန်မာရုပ်သံဇာတ်လမ်းတွဲများဖြင့် ပရိသတ်များက သတိထားမိလာသူ တစ်ဦးဖြစ်ကြောင်း သိရသည်။

ASH

# Blackwater Lane ဇာတ်ကား ရိုက်ကူးရေးလုပ်ငန်း စတင်နေပြီဖြစ်

**နယူးယောက် အောက်တိုဘာ ၁၆**

Blackwater Lane အမည်ရှိ စိတ္တဇလျို့ဝှက်သည်းဖိုဇာတ်ကား ရိုက်ကူးရေးလုပ်ငန်းကို ဗြိတိန်နိုင်ငံ၌ စတင်နေပြီဖြစ်ကြောင်း Movieweb သတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၁၅ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါဇာတ်ကားတွင် မင်းသမီး မင်ကာကယ်လီ၊ မဂ္ဂီဂရေ့နှင့် မင်းသား ဒါးမွန့်မာရွန်နီတို့ ပါဝင်သရုပ်ဆောင်နေကြောင်း သိရသည်။

Blackwater Lane ဇာတ်ကားသည် မော်တော်ဆိုင်ကယ်သမားတစ်ဦး အသတ်ခံရမှုကို တွေ့ရှိခဲ့သည့် အမျိုးသမီးတစ်ဦး ရင်ဆိုင်ခဲ့ရသော ချောက်ချားဖွယ်အဖြစ်အပျက်များကို ပုံဖော်ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

Blackwater Lane ဇာတ်ကားကို စာရေးဆရာမ ဘီအေပါးရစ်၏ နာမည်ကျော်ဝတ္ထုဖြစ်သော The Breakdown အမည်ရှိ ဝတ္ထုကို အခြေခံရိုက်ကူးနေခြင်းဖြစ်ကြောင်း သိရသည်။

Blackwater Lane ဇာတ်ကားကို ဒါရိုက်တာ ဂျက်ဆီလန်တာနီက တာဝန်ယူရိုက်ကူးနေကြောင်း သိရသည်။

အဆိုပါဇာတ်ကား ရုံတင်ပြသမည့်ရက်ကို ထုတ်လုပ်သူများက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

KKO



# သရုပ်ဆောင် ခိုင်နှင်းဝေနှင့် အလှူရှင်များက အိမ်ထောင်စု ၅၀၀ ကို ဆန်၊ ဆီနှင့် ကြက်ဥ လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်တွင် သရုပ်ဆောင် ခိုင်နှင်းဝေနှင့် အလှူရှင်များက အိမ်ထောင်စု ၅၀၀ ကို ဆန်၊ ဆီနှင့် ကြက်ဥများ အောက်တိုဘာ ၁၅ ရက်က လှူဒါန်းခဲ့ကြောင်း သိရသည်။



သရုပ်ဆောင် ခိုင်နှင်းဝေနှင့် အလှူရှင်များက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ရပ်ကွက်ရှိ ဝင်ငွေနည်းအခက်အခဲရှိ အိမ်ထောင်စု ၅၀၀ ကို တစ်အိမ်ထောင်လျှင် ဆန်နှစ်ပြည်၊ ဆီ ၂၅ ကျပ်သားတစ်ဘူးနှင့် ကြက်ဥ ၁၀ လုံး တစ်ကတ်တို့ကို လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ လှူဒါန်းခြင်းကို ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ရှိ ခိုင်နှင်းဝေ ရင်သွေးလေးများဂေဟာတွင် လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

“ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အသင်းရုံးစိုက်ရာရပ်ကွက်နဲ့ အနီးဝန်းကျင် ရပ်ကွက်တချို့က အခက်အခဲရှိတဲ့ အိမ်ထောင်စု ၅၀၀ ကို ဆန်၊ ဆီနဲ့ကြက်ဥ လှူဒါန်းခဲ့ပါတယ်။ စုစုပေါင်းငွေကျပ်သိန်း ၆၀ ဖိုးလောက် လှူဒါန်းခဲ့တာဖြစ်ပါတယ်”ဟု သရုပ်ဆောင် ခိုင်နှင်းဝေက ပြောပြ၍ သိရသည်။

ASH

# Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing attends coordination meeting on training programs of academies and training schools of PyinOoLwin Station



Senior General Min Aung Hlaing discusses means for development of training programs of DSA, DSTA and training schools of PyinOoLwin Station.

**Nay Pyi Taw October 16**

Defence Services Academy, Defence Services Technological Academy and army training schools in PyinOoLwin Station held a coordination meeting on training matters at the Tatmadaw Guesthouse in PyinOoLwin this afternoon, attended and given guidance by Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing.

Present were Chief of General Staff (Army, Navy and Air) General Maung Maung Aye, Commander-in-Chief (Navy) Admial Moe Aung, Commander-in-Chief (Air) General Tun Aung, senior military officers from Office of Commander-in-Chief, Central Command Commander Maj-Gen Ko Ko Oo, commandants of DSA and DSTA, commandants of local training depots and officials.

**Dynamic and potent Tatmadaw**

The Senior General said a gathering was organized to give directives on training matters. The three capabilities of units and members must be promoted for the Tatmadaw to have prowess, and the Tatmadaw must be equipped with modern military gear to become powerful. Hence, leaders of the State should be interested in enhancing the defence capability of the country. The Tatmadaw is responsible for enhancing its capability and the State must built it to become powerful. There are world leaders who prioritize politics or who are interested in building the defence power. The difference in defence power depends on the attention paid to it by the military and State leaders. Physical and spiritual development is required to build a Tatmadaw with high capability. Education promotion programs for Tatmadaw members are in progress as better knowledge and experience can broaden the horizon of views.

**Training depots are building Tatmadaw of the future**

Military leadership is of vital importance for the Tatmadaw. Only the good followers with good discipline and obedience can become perfect leaders. Training is given for a military commander of any unit to become battle ready. Basically, there is uniformity in capability-building programs of training schools. They are providing all the required technology and knowledge through difference stages starting from basic military science.

Training has two parts – knowledge impartment and skill impartment. All the branches of corps are also providing rank-wise techniques and knowledge. Tatmadaw has established perfect training programs. As training schools are building the Tatmadaw of future, instructors should do their job in all seriousness.

**PyinOoLwin core of training courses must be model in training programs**

Instructors must strike a balance between the knowledge imparted through training and lectures. They must always assess the ratio between trainees and trainers and train the learners till they can apply the knowledge in the practical field and overcome hardships through system teaching programs in all subjects. Instructors must be qualified to bring about competent trainees. Hence, extra care is needed in choosing and assigning instructors. Qualification of trainees depends on the qualification of instructors. Training programs call for systematic supervision of officials.

As PyinOoLwin is an auspicious training ground for the Tatmadaw, training capabilities must be modelled and academic subjects must be taught to be skillful as well. As restrictions have been imposed to get out-pass and permit for travel since 2020 when the COVID-19 outbreak started, the trainees will have more time to learn academic subjects and military science. It is necessary to study academic subjects to gain knowledge by managing the time profitably.

**Individual trainee must be trained to be strong mentally and physically**

It will be hard and tiring for the trainees in basic military training period while learning academic subjects and military science. Therefore, arrangements must be systematically made to make sure the cadets will be strong mentally and physically. As only if it is healthy, work can be done and academic subjects be learnt, arrangements must be made to get trainees well in health. To be healthy, an eating style that will help be nutritious to develop the body must be developed and to be fit and strong, systematic training must be provided. When selected to be a serviceman, the trainees have received necessary tests for body, height and health. As depending on individual healthy eating style, there will be differences in free of disease and fitness and healthiness, trainees must be trained at training schools so that their individual lifestyle will be healthy and good. They must be trained in order to lead a good life with their own sense of consideration. As each person has a different type of building body, their stamina standards must be built by undergoing training. Instructors are for mental and physical training. Moreover, they are to train trainees to get well-disciplined too. It is necessary to train trainees to get a similar spiritual discipline and respective training schools are to hand good traditions down. Depending on the teaching type of instructors, there will be differences in trainees' capabilities.

As military ration of the Tatmadaw is systematically designed and manufactured to meet nutrition truly necessary for each serviceman, it is necessary to make arrangements for enabling trainees to get fully provided with military ration. It is necessary to make arrangements so that trainees could have the military ration fully and the ration must be good too. As training schools have to produce healthy and fit trainees, instructors need to provide supervision in order that trainees will be systematic in individual eating and living style. Despite differences upon age and gene, it is necessary to meet the standards set in terms of age in the Tatmadaw.

Afterwards, Chief of General Staff (Army, Navy and Air) Chief of Defence Services Training General Maung Maung Aye reported on measures on training at the Tatmadaw, standards of training schools, the need of promoting physical and mental condition of trainees, and the state of matters to be done.

Then, the Senior General gave concluding remarks saying that he has taken time to give instructions on the needs of training. Besides, officers and other ranks have to be careful of security on information in discharging duties individually and their families are to be alert with a sense of consciousness and attentiveness on security of information. As instructors of training schools are qualified, they are to train their students to be aware of a sense of security. It is necessary to use social media networks and online technology in the things to be beneficial and be disciplined and systematic in applying them. Showing role models themselves, instructors are to make efforts to teach trainees so that they will become trainees who are qualified for reasonable leadership. 100

# National defence duties must be successfully performed with united strength


Senior General Min Aung Hlaing holds meeting with officers, other ranks and families in Mawlamyine.

**Nay Pyi Taw October 16**

As success can be achieved in any task if efforts are exerted, it is necessary to nurture the habit of working energetically while internal unity of the Tatmadaw can be strengthened by working with individual and united strength and in carrying out national defence duties, united strength must be built up, Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing said in his address at the meeting with officers and other ranks and families of Mawlamyine Station in the South-East Command this afternoon.

Also present at the meeting with the Senior General were Daw Kyu Kyu Hla, the wife of the Senior General, Chief of General Staff (Army, Navy, Air) General Maung Maung Aye and wife, Commander-in-Chief (Navy) Admiral Moe Aung and wife, Commander-in-Chief (Air) General Tun Aung and wife, senior officers from the Office of the Commander-in-Chief and their wives, Commander Maj-Gen Myat Thet Oo and officers from the South-East Command and officers and other ranks and families from the Mawlamyine Station.

**Performing duties of individuals amounts to carrying out national defence duties**

First, the Senior General delivered an address, saying, The main duty of the Tatmadaw is to defend the country and performing the duties of battalions and units properly means carrying out national defence duties. Individual personnel are required to perform their duties responsibly and to observe rules while constantly taking part in exercises to enhance their capabilities. All personnel have received basic military training while training schools are constantly instilling respective personnel with compatible knowledge and skills during the performance of duties. Performing duties successfully by individual personnel will make them outstanding personnel and the Tatmadaw will become an armed force complete with three capabilities.

As success can be achieved in any task if efforts are exerted, it is necessary to nurture the habit of working energetically. To do so, morale and observance of disciplines must be strong. Combining observance of disciplines and the habit of working energetically can create united strength and achieve success in performing duties. As success can be achieved with united strength, the internal unity of the Tatmadaw must be built up, which amounts to consolidating the strength. More success will be achieved if duties are performed with the internal unity of the Tatmadaw, which can be strengthened by performing duties with individual and united strength.

The Tatmadaw has to perform duties as required by a state of political emergency. It is necessary to carry out tasks successfully by working relentlessly. Nation building tasks must be carried out with united strength of the Tatmadaw. Even in a family, the head, the housewife and offspring are united, it will be a happy household with security and prosperity. As the Tatmadaw has enhanced its capabilities, it is able to perform such duties successfully under current circumstances. Nation building tasks must be carried out with the united strength of all personnel and families.

**Successfully build up internal unity of the Tatmadaw**

Disciplines mean urging to do what one should and prohibiting what one should not. Seriously observing military disciplines can strengthen the internal unity of the Tatmadaw and success will be achieved in performing duties. The internal unity of the Tatmadaw is essential and no one can divide the Tatmadaw when all personnel are united.

The country is taking the path to multi-party democracy but some political parties attacked others politically based on their differences. This reflects the political immaturity while some sought the support of the Tatmadaw as it is a strong institution. However, others attacked the Tatmadaw to undermine its strength. Political controversies arose in the 2020 general election due to irregularities and the Tatmadaw had to assume the responsibilities of the state in accordance with the constitution. Therefore, there emerged efforts to divide the Tatmadaw and its internal unity. No one can divide the country as long as the Tatmadaw is united under the correct leadership.

The Tatmadaw has placed emphasis on internal unity for long and constantly carried out welfare, strengthening and training tasks. Strengthening tasks of the Tatmadaw such as administration, welfare and morale raising tasks have been carried out.

Commanders are responsible for internal unity of all battalions and units and united administrative action can be carried out when they implement military disciplines, orders and instructions in a fair manner. Without the internal unity of the Tatmadaw, administrative tasks will be hampered. Therefore, all personnel are urged to place emphasis on unity as it is essential for the Tatmadaw.

Tasks have been carried out for the welfare of Tatmadaw personnel and agriculture and livestock breeding tasks for each battalion and unit have been carried out. It is necessary for respective commanders to systematically implement the tasks and for personnel under their command to follow their orders. When internal unity can be solidified further, tasks for unity outside the Tatmadaw can be implemented. Meat, fish and eggs produced by agriculture and livestock breeding farms can be distributed to government staff for their welfare. Similarly, efforts must be made for the economic prosperity of the country. The internal unity of the Tatmadaw must be built up. Spendings and wastes must be distinguished to meet both ends. Carrying out agriculture and livestock breeding tasks not only for battalions and units but also for one's own family can contribute more to the welfare of individual families.

In connection with the morale, it can be enhanced when tasks for the internal unity and welfare of the Tatmadaw can be carried out successfully. This must be carried out with conscientiousness of individual personnel and sport events in battalions and units can also enhance morale. The desire to win in sport events can promote the morale for victories. Therefore, all personnel are required to carry out any of their duties with all seriousness to achieve victories.

Then, the Senior General presented foodstuffs for officers and other ranks and families to the commander of the Southeastern Command while the wife of the Senior General presented cash awards for the maternal and child welfare association to the wife of the commander.

After the meeting, the Senior General and party cordially greeted the officers and other ranks and families. 100

# China congress: Xi Jinping doubles down on zero-Covid as meeting opens

**Beijing October 16**

China's President Xi Jinping signalled there would be no immediate loosening of his controversial zero-Covid strategy as a historic Communist Party congress opened in Beijing.

In a break in decades-long tradition, delegates are likely to hand Mr Xi a third term as party chief.

Zero-Covid was a "people's war to stop the spread of the virus", he said.

The policy has saved lives, but also exacted a punishing toll on the Chinese people and economy.

There is increasing public fatigue over lockdowns and travel restrictions.

Beijing has come under strict security measures ahead of the congress, sparking frustration in the city with a rare and dramatic public protest on Thursday criticising Mr Xi and zero Covid.

Mr Xi also addressed the issue of Taiwan - which China claims as part of its territory. Self-governing Taiwan sees itself as distinct from the mainland. BBC

# SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win watches Ramayana drama contest



Vice-Senior General Soe Win enjoys the performance of drama contest.



**Nay Pyi Taw October 16**

Patron of the Organizing Leading Committee on the 23rd Myanmar Traditional Cultural Performing Arts Competitions Vice Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win watched the Ramayana play contest at the audition hall of the Ministry of Religious Affairs and Culture in Nay Pyi Taw today.

The Vice-Senior General, together with Union Minister for Religious Affairs and Culture U Ko Ko, the Nay Pyi Taw Command commander, deputy ministers and officials and judges of the contest, enjoyed the amateur level (first class) of the Ramayana drama contest in which the Ramayana drama troupe representing Mandalay Region contested with a combination of singing, crying and talking acting, dances and other artistic skills.

The amateur level (first class) of the Ramayana drama contest had been held since 12 October with the participating troupes from Yangon, Magway, Ayeyawady, Bago and Mandalay regions. 100

# 89-up and 90-down trains on Yangon Mawlamyine railroad section to be facilitated with air-bag carriages as of 15 October

**Yangon October 16**

The 89-up and 90-down express trains running along Yangon-Mawlamyine railroad section will be facilitated with air-bag carriages as of 15 October, said assistant manager U Kyaw Myo Lwin of Division-7 of Myanma Railways.

The 3-up and 4-down express trains running along Yangon-Mandalay railroads have already been equipped with air-bag carriages, according to the Myanma Railways.

"Air-bag carriages are being used at trains running along Yangon-Mandalay, Yangon-Pyay and Yangon-Mawlamyine railroad sections. These facilities have been provided to trains on Yangon-Mandalay railroad section. As of 15 October, the similar facilities will be used on Yangon-Mawlamyine railroad section," said the assistant manager.

89-up Yangon-Mawlamyine train departs from Yangon at 6.30 am and 90-down train from Mawlamyine at 8 am. Train tickets are sold for ordinary class at Yangon Railway Station and Mawlamyine Railway Station as of 7.30 am daily one day ahead of the schedules and upper class three days ahead of the schedules.

Myanma Railways is striving for convenient travelling of people and commodities to targets. Depending on the passengers and businesspersons, MR decided to arrange running of more train schedules.

ASH

# Myanmar exports over 900,000 tons of rice and broken rice worth over US$ 310 million till September

**Nay Pyi Taw October 16**

More than 900,000 tons of rice and broken rice were exported, earning over US$310 million from April 1 to the end of September 2022 in 2022-2023 FY, according to reports from the Ministry of Commerce.

Myanmar has been exporting and selling rice and broken rice to foreign markets on a weekly and monthly basis.

In this way, 517,573.900 tons of rice worth US$189.783 million and 387,201.200 tons of broken rice worth US$126.209 million were exported.

During the six-month period, the rice that was exported and sold to 38 countries in the foreign customer market included parboiled rice, rice and broken rice.

In the last week of September, the arrival of rice from all areas to the Bayintnaung commodity market was only about 50,000 bags of rice per day, but since the first week of October, the arrival of rice is increased to 100,000 bags per day.

The prices of rice and broken rice may change depending on the fluctuation of foreign exchange rates. 336



Trucks carrying bags of rice and broken rice.

# Ethiopia's Tigray conflict: Civilian bloodbath warning as offensive escalates

**Addis Ababa October 16**

Diplomats are warning of a civilian bloodbath in Ethiopia's northern region of Tigray if rebels are pushed out of towns by Ethiopian and Eritrean troops.

Tigray residents say food and medical supplies are running out as a massive offensive on the region intensifies.

Cities are being carpet bombed, says Tedros Ghebreyesus, the World Health Organization chief, who is from Tigray.

Civilians are being killed and those wounded cannot be saved because of a siege, he says.

Tigray has been under a blockade for 17 months and fighting has surged since a five-month humanitarian truce collapsed in August. An estimated one million people are at risk of starvation.

'A military drone is flying over my city as I write'

The African Union (AU) has joined the chorus of international voices calling for an end to hostilities and a recommitment to peace talks.

On Friday, an aid worker from the International Rescue Committee was killed while delivering emergency food to women and children in the town of Shire, which has come under ferocious bombardment.

The EU's foreign policy chief Josep Borrell expressed horror at the violence in Shire, often directed at civilians.

Camps for the millions of people displaced by the fighting are also coming under attack, according to Samantha Power, the head of the US's development agency.

If Ethiopian and Eritrean troops took control of them during the current offensive there was "significant risk of further assaults and killings being perpetrated against civilians", the US Aid chief said.

"The staggering human cost of this conflict should shock the world's conscience," she added.

BBC

# SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win attends World Food Day 2022



Vice-Senior General Soe Win delivers address at the World Food Day 2022.

**Nay Pyi Taw October 16**

The World Food Day 2022 was marked yesterday morning in the Convocation Hall of Yezin University of Agriculture, with an address by State Administration Council Vice Chairman Deputy Prime Minister Vice-Senior General Soe Win.

Speaking at the ceremony, the Vice-Senior General pointed out that food security and having nutritional food are essential to human beings, that the number of people who cannot have enough food is still on the increase across the world, that over 828 million people were faced with food insufficiency in 2021 and that during the past two years the number of those could not have enough food rose to 193 million, up from 135 million.

He then turned to the situation of Myanmar. The Vice-Senior General explained that the agricultural sector is the main driver of national economic growth and development. Although Myanmar has been inflicted with the Covid pandemic like all other countries, the Myanmar government has exerted strenuous effort to ensure food security through the employment of all means available, he said.

The Vice-Senior General attributed success in managing the situation to the farmers and all those involved in the manufacturing process, expressing words of appreciation. He even called the farmers the heroes who ensure food security.

In its endeavour to effectuate national prosperity and food security, the government has directed its effort towards enhancing agricultural production so that no one is left starved irrespective of race, place of living, social status, gender and age.

Concerning the livestock breeding sector, the government has been able to have the meat produced sufficiently. And under the policy of import substitution industrialization, the import of edible oil could have been reduced thanks to the increased production of oil crops. As a consequence, spending in foreign currencies could have been reduced, too. Additionally, the government has focused on boosting cotton production to be able to reduce the import of textile goods.

Plans are also underway to enhance multiple cropping instead of expansion of the cultivation acreage for major crops only. In this regard, the government departments, the cooperative societies and the privately owned companies are making concerted efforts to be able to distribute pedigree seeds at a competitive price.

Additionally, training courses on new agricultural technologies are being conducted in the Nay Pyi Taw Council Area and also in the States and Regions.

In regard to malnutrition, the Five-Year National Nutritional Development Project (2018-2023) is to be implemented collectively by the ministries concerned.

And in the effectuation of national development, it is indispensable for all states and regions to develop equally with no region left behind. In doing so, priority is required to be given to rural development. At this juncture, the government is making an all-out effort to ensure sufficient water supply and also the electric power supply so that the rural people can enjoy the fruits of socio-economic development. And what is more, the revolving funds are being raised to enable the rural people to make investments in agricultural and livestock breeding activities. At this juncture, it is worth recalling that the government has raised a big fund of K400 billion for the rural farmers to be able to implement the Emerald Green Agriculture and Livestock Breeding Projects with an aim of bridging the gap between rural and urban development.

In conclusion, Vice-Senior General Soe Win said that this year's theme of FAO is, "Leave no one behind. Better Production, Better Nutrition, a Better Environment and a Better Life". To realize this theme, all will do the utmost, he said.

Afterwards, Union Minister for Agriculture, Livestock and Irrigation U Tin Htut Oo explained the ceremony to mark the FAO Day. Next, FAO DG's World Food Day 2022 Video Message and the FAO Day commemorative video clip were shown.

Next, the Deputy Prime Minister and the Union Ministers from the ministries concerned presented prizes to the winners, and then, they posed for a group photo. Afterwards, the Vice-Senior General and Union ministers went round to observe the documents and the posters which are being exhibited.

100


Vice-Senior General Soe Win presents award to a prize winner.

# US$6.7 million sold to fuel importer companies via private banks


A vessel carrying fuel oil seen at Yangon port.

**Yangon October 16**

US$6.7 million was sold at K2,870 per US dollar to fuel importer companies via private banks to control prices of fuel, said central executive committee member U Aung Pyae Sone from Myanmar Fuel Oil Importer and Distributor Association.

The US dollars were sold via Kanbawza Bank, Ayeyawady Bank, Myanmar Apex Bank, CB Bank, Farmers Development Bank and World Jewellery Bank.

He said, "The Ministry of Commerce, the Central Bank of Myanmar and the association cooperate with each other in selling US dollars in order to control fuel prices of diesel and petroleum. It sells K2,870 per dollar. At present, 13 million gallons of fuel arrives here. So, the country is sufficient of fuel. Distribution tasks are being carried out in time."

The association distributes fuel to regions and states depending on inventory of fuel. Some regions and states import fuel via border land with the recommendations of relevant state government.

ASH

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြင်ဦးလွင်တပ်နယ်ရှိ တက္ကသိုလ်များနှင့် လေ့ကျင့်ရေးကျောင်းများ၏ လေ့ကျင့်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့တက်ရောက် လမ်းညွှန်မှာကြား





**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြင်ဦးလွင်တပ်နယ်ရှိ စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် လေ့ကျင့်ရေးကျောင်းများ၏ လေ့ကျင့်ရေးဆိုင်ရာညှိနှိုင်းအစည်းအဝေးတွင် လမ်းညွှန်မှာကြားစဉ်။**

**နေပြည်တော် အောက်တိုဘာ ၁၆**

ပြင်ဦးလွင်တပ်နယ်ရှိ စစ်တက္ကသိုလ်၊ တပ်မတော် နည်းပညာတက္ကသိုလ်နှင့် လေ့ကျင့်ရေးကျောင်းများ၏ လေ့ကျင့်ရေးဆိုင်ရာညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဧည့်ဂေဟာအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်၍ လိုအပ်သည်များလမ်းညွှန်မှာကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး၊ စစ်တက္ကသိုလ်၊ တပ်မတော် နည်းပညာတက္ကသိုလ်တို့မှ ကျောင်းအုပ်ကြီးများ၊ နယ်မြေခံလေ့ကျင့်ရေးသင်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

## စွမ်းရည်၊ စွမ်းအားရှိသည့် တပ်မတော်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် လေ့ကျင့်ရေးပိုင်းဆိုင်ရာများနှင့်ပတ်သက်၍ လိုအပ်သည်များမှာကြားနိုင်ရေး ယခုကဲ့သို့ စုစုစည်းစည်းဖြင့် တွေ့ဆုံခြင်းဖြစ်ကြောင်း၊ **စွမ်းရည်ရှိသည့် တပ်မတော်ဖြစ်စေရေးအတွက် တပ်များနှင့် တပ်မတော်သားများ၏ စွမ်းရည်သုံးရပ်ကို မြင့်မားအောင်ဆောင်ရွက်ပေးရမည်ဖြစ်ပြီး စွမ်းအားရှိသည့် တပ်မတော်ဖြစ်စေရေးအတွက်မှု စေတ်မီလက်နက်များကို တပ်ဆင်ဆောင်ရွက်ပေးရမည်ဖြစ်**ကြောင်း၊ ထိုသို့ခေတ်မီလက်နက်များကို တပ်ဆင်ပေးရန်အတွက် နိုင်ငံကိုဦးဆောင်သည့် အကြီးအကဲများအနေဖြင့်လည်း နိုင်ငံတော်၏ကာကွယ်ရေးစွမ်းပကားမြှင့်တင်မှုအပေါ် စိတ်ပါဝင်စားမှုရှိရမည်ဖြစ်ကြောင်း၊ **စွမ်းရည်ရှိသည့် တပ်မတော်ဖြစ်စေရေးသည် တပ်မတော်နှင့် အဓိကသက်ဆိုင်ပြီး စွမ်းအားရှိသည့်တပ်မတော်ဖြစ်စေရေးအတွက်ကိုမူ နိုင်ငံတော်က ဆောင်ရွက်ပေးရမည်ဖြစ်**ကြောင်း၊ ကမ္ဘာ့ခေါင်းဆောင်များတွင် နိုင်ငံရေးကိုအလေးပေးဆောင်ရွက်သူနှင့် နိုင်ငံတော်၏ ကာကွယ်ရေးစွမ်းရည်မြင့်မားရေးအပိုင်းကို စိတ်ဝင်စားသူဟူ၍ရှိပြီး တပ်မတော်နှင့် နိုင်ငံ့ခေါင်းဆောင်များ၏ စိတ်ဝင်စားမှုအလိုက် နိုင်ငံတစ်ခု၏ကာကွယ်ရေးစွမ်းပကားသည်လည်း ကွာခြားသွားမည်ဖြစ်ကြောင်း။

**စွမ်းရည်ရှိသည့် တပ်မတော်ဖြစ်စေရေးအတွက် ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာများကို မြင့်မားအောင် မြှင့်တင်ရမည်ဖြစ်**ကြောင်း၊ တပ်မတော်သားများ၏ ပညာရည်မြင့်မားရေးအတွက် ပညာရေးမြှင့်တင်မှုအခန်းကဏ္ဍကို မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပညာရည်မြင့်မားလာသည့်အတွက် အတွေ့အကြုံနှင့် အသိအမြင်များသည်လည်း ရင့်ကျက်လာမည်ဖြစ်ကြောင်း။

## လေ့ကျင့်ရေးကျောင်းများ ဖွင့်လှစ်သင်ကြားပေးနေခြင်းသည် အနာဂတ်တပ်မတော်ကို တည်ဆောက်နေခြင်းပင်ဖြစ်

တပ်မတော်တွင် **ခေါင်းဆောင်မှုပညာရပ်သည်အလွန်အရေးကြီးပြီး အမိန့်နာခံတတ်မှု၊ စံစည်းကမ်းကောင်းမွန်မှုတို့ပြည့်စုံသည့် နောက်လိုက်ကောင်းဖြစ်ခဲ့မှသာလျှင် ခေါင်းဆောင်အဖြစ်သို့ရောက်ရှိချိန်၌လည်း ပြည့်စုံကောင်းမွန်သည့် ခေါင်းဆောင်တစ်ဦး ဖြစ်လာနိုင်မည်ဖြစ်**ကြောင်း၊ တပ်မတော်အတွင်း၌ မည်သည့်တပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်သည်ဖြစ်စေ စစ်ဘက်ခေါင်းဆောင်များအနေဖြင့် တိုက်ပွဲဝင်နိုင်အောင် လေ့ကျင့်သင်ကြားပေးခြင်းပင်ဖြစ်ကြောင်း၊ စွမ်းရည်ရှိသည့်တပ်မတော်ဖြစ်စေရေး လေ့ကျင့်ပေးနေမှုများသည် သင်တန်းကျောင်းများအလိုက် အခြေခံအားဖြင့် တူညီမှုရှိကြောင်း၊ အခြေခံစစ်ပညာမှ အစပြု၍ အဆင့်အလိုက်လျော်ညီစွာ တတ်မြောက်ရမည့် အတတ်ပညာ၊ အသိပညာများရရှိရေး သင်ကြားလေ့ကျင့်ပေးလျက်ရှိကြောင်း။

**သင်ကြားလေ့ကျင့်ပေးရာတွင် အတတ်ပညာတစ်ခုကို သင်ယူတတ်မြောက်အောင်** လေ့ကျင့်သင်ကြားပေးခြင်းနှင့် **၎င်းအတတ်ပညာကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးချနိုင်သူများဖြစ်အောင် လေ့ကျင့်သင်ကြားပေးမှုဟူ၍ရှိ**ကြောင်း၊ လက်ရုံးတပ်ဖွဲ့များတွင်လည်း အဆင့်အလိုက်သင်ယူတတ်မြောက်ရမည့် အသိပညာ၊ အတတ်ပညာများကို လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း၊ လေ့ကျင့်ရေးနှင့်ပတ်သက်၍ တပ်မတော်တွင် ကဏ္ဍပေါင်းစုံ၌ ပြည့်စုံအောင်ဆောင်ရွက်ပေးထားကြောင်း၊ **လေ့ကျင့်ရေးကျောင်းများ ဖွင့်လှစ်သင်ကြားပေးနေခြင်းသည် အနာဂတ်တပ်မတော်ကို တည်ဆောက်နေခြင်းပင်ဖြစ်**သည့်အတွက် လေ့ကျင့်ရေးကျောင်းတွင် တာဝန်ထမ်းဆောင်နေသည့် **နည်းပြများအနေဖြင့် ပေါ့ပေါ့တန်တန်သဘောမထားစေလိုဘဲ လေးနက်စွာ သင်ကြားပေးရမည်ဖြစ်**ကြောင်း။

## ပြင်ဦးလွင်သည် တပ်မတော်၏လေ့ကျင့်ရေး ဘူမိနက်သန်မြေဖြစ်သည့်အတွက် လေ့ကျင့်ရေးပိုင်းဆိုင်ရာများတွင် စံပြဖြစ်နေရမည်

နည်းပြများအနေဖြင့် လေ့ကျင့်သင်ကြားရာတွင် လေ့ကျင့်ရေးဆိုင်ရာ ပညာရပ်နှင့် စာပေပိုင်းဆိုင်ရာ ပညာရပ်ဟူ၍ရှိပြီး နှစ်ဖက်မျှတစွာ တတ်မြောက်အောင် သင်ကြားပေးရမည်ဖြစ်ကြောင်း၊ သင်တန်းသားနှင့် နည်းပြအချိုးကို အမြဲလေ့လာဆန်းစစ်နေရမည်ဖြစ်ပြီး **သက်ဆိုင်ရာကဏ္ဍအလိုက် ဘာသာရပ်များကို စနစ်တကျသင်ကြား လေ့ကျင့်ပေးလိုက်မှသာလျှင် လက်တွေ့နယ်ပယ်၌ ကောင်းမွန်စွာအသုံးချနိုင်မည်ဖြစ်ပြီး ကြုံတွေ့လာရသည့် အခက်အခဲများကို အောင်မြင်စွာ ဖြတ်သန်းနိုင်မည်ဖြစ်**ကြောင်း၊ အရည်အချင်းပြည့်ဝသည့် သင်တန်းသားများပေါ်ထွက်လာရေးအတွက် နည်းပြများသည် အရည်အချင်းပြည့်စုံရမည်ဖြစ်သဖြင့် နည်းပြများရွေးချယ်တာဝန်ပေးရာတွင်လည်း စနစ်တကျရွေးချယ် တာဝန်ပေးအပ်ထားခြင်းဖြစ်ကြောင်း၊ **လေ့ကျင့်ပေးသူများ၏ အရည်အချင်းအပေါ်မူတည်၍ လေ့ကျင့်ခံရသူများ၏ အရည်အသွေးများ ပြောင်းလဲမည်ကို သတိချပ်စေလို**ကြောင်း၊ တာဝန်ရှိသူများအနေဖြင့်လည်း စနစ်တကျ ကြပ်မတ်ဆောင်ရွက်ကြစေလိုကြောင်း။

**ပြင်ဦးလွင်သည် တပ်မတော်၏လေ့ကျင့်ရေးဘူမိနက်သန်မြေ ဖြစ်သည့်အတွက် လေ့ကျင့်ရေးပိုင်းဆိုင်ရာများတွင် စံပြဖြစ်နေရမည်ဖြစ်**ကြောင်း၊ ဘာသာရပ်ပိုင်းဆိုင်ရာများအလိုက် ကျွမ်းကျင်တတ်မြောက်အောင် လေ့ကျင့်သင်ကြားပေးရမည်ဖြစ်ကြောင်း၊ ၂၀၂၀ ခုနှစ်မှစ၍ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် သွားလာမှုနှင့် တပ်ပြင်ထွက်ခွင့်များကို ကန့်သတ်ချက်များပေးထားသဖြင့် သင်တန်းသားများအနေဖြင့် စာပေပညာ၊ စစ်ပညာများကို လေ့လာသင်ယူချိန်ပိုမိုရရှိမည်ဖြစ်ကြောင်း၊ **ဗဟုသုတရစေမည့် စာပေပညာများကို ဖတ်မှတ်လေ့လာရမည်ဖြစ်ပြီး အချိန်ကိုအကျိုးရှိရှိ အသုံးချရန်လို**ကြောင်း။

> စွမ်းရည်ရှိသည့် တပ်မတော်ဖြစ်စေရေးသည် တပ်မတော်နှင့်အဓိကသက်ဆိုင်ပြီး စွမ်းအားရှိသည့် တပ်မတော်ဖြစ်စေရေးအတွက်ကိုမူ နိုင်ငံတော်မှ ဆောင်ရွက်ပေးရမည်ဖြစ်၊ စွမ်းရည်ရှိသည့် တပ်မတော်ဖြစ်စေရေးအတွက် ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာများကို မြင့်မားအောင် မြှင့်တင်ရမည်ဖြစ်. . .

## သင်တန်းသား တစ်ဦးချင်းစီအလိုက် ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်မှုရှိအောင် သင်ကြားလေ့ကျင့်ပေးရမည်

စစ်ပညာ၊ စာပေပညာများကို သင်ယူနေရသည်ဖြစ်သည့်အတွက် အခြေခံစစ်ပညာသင်ကြားမှုကာလတွင် သင်တန်းသားများအနေဖြင့် ပင်ပန်းကြမ်းတမ်းမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ၎င်းတို့၏ **ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာများကို ကြံ့ခိုင်မှုရှိအောင် စနစ်တကျဖြင့် ဆောင်ရွက်ရမည်ဖြစ်**ကြောင်း၊ **ကျန်းမာမှ အလုပ်လုပ်နိုင်မည်၊ ကျန်းမာမှ ပညာသင်ကြားနိုင်မည်ဖြစ်သဖြင့် ကျန်းမာရေးကောင်းမွန်အောင် ဆောင်ရွက်ပေးရမည်ဖြစ်**ကြောင်း၊ ကျန်းမာမှုရှိစေရေးအတွက် **အာဟာရပြည့်ဝပြီး ကိုယ်ခန္ဓာဖွံ့ဖြိုးစေသည့် စားသောက်မှုပုံစံကို ဖော်ဆောင်ပေးရမည်ဖြစ်**ပြီး ကြံ့ခိုင်သန်စွမ်းမှုရှိစေရေးအတွက် **နည်းစနစ်ကျသည့် လေ့ကျင့်မှုများဖြင့် ဆောင်ရွက်ပေးရမည်ဖြစ်**ကြောင်း၊ တပ်မတော်သားတစ်ဦးအဖြစ် စတင်ဝင်ရောက်ရန် ရွေးချယ်စဉ်ကတည်းကပင် လိုအပ်သည့် ကိုယ်ခန္ဓာ၊ အရပ်အမောင်းနှင့် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများကို ခံယူခဲ့ရပြီးဖြစ်ကြောင်း၊ တစ်ဦးချင်းစီအလိုက် ကျန်းမာရေးနှင့်ညီညွတ်စွာနေထိုင်စားသောက်မှုပုံစံအလိုက် ရောဂါဘယကင်းဝေးမှု၊ ကျန်းမာကြံ့ခိုင်မှုတို့သည်လည်း ကွာခြားသွားမည်ဖြစ်သဖြင့် တစ်ဦးချင်း၏ နေထိုင်မှုပုံစံကောင်းမွန်စေရေး သင်တန်းကျောင်းများ၌ လေ့ကျင့်ပေးလိုက်ရမည်ဖြစ်ကြောင်း၊

**စာမျက်နှာ ၁၉ သို့**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

☆ ကျောဖုံးမှအဆက်

ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာစကားပြောကြားရာတွင် လူသားတို့ရှင်သန်မှုအတွက် လိုအပ်သည့် စွမ်းအင်ကို အစားအသောက်များမှ ရရှိခြင်းဖြစ်သည့်အတွက် စားနပ်ရိက္ခာ ဖူလုံရေးနှင့် အာဟာရပြည့်ဝရေးတို့သည် ကမ္ဘာ့လူသားများ ရှင်သန်နေထိုင်ရေးအတွက် အခြေခံအကျဆုံးနှင့် အဓိကအကျဆုံး မရှိမဖြစ်လိုအပ်ချက်များဖြစ်ကြောင်း၊ ထို့ကြောင့် ယနေ့ ကမ္ဘာ့နိုင်ငံများ၌ ကျင်းပလျက်ရှိသည့် ကမ္ဘာ့စားနပ်ရိက္ခာနေ့သည် ကမ္ဘာသူ၊ ကမ္ဘာသားများအတွက် အထူးအလေးထားရမည့်နေ့ဖြစ်ကြောင်း။

ကမ္ဘာပေါ်၌ အစာရေစာလုံလောက်စွာ စားသုံးနိုင်ခြင်းမရှိသူဦးရေသည် မြင့်တက်နေဆဲဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ်တွင် စားနပ်ရိက္ခာမဖူလုံသူ လူဦးရေ ၈၂၈ သန်းကျော်ရှိကြောင်းနှင့် ပြီးခဲ့သည့်နှစ်နှစ်အတွင်း စားနပ်ရိက္ခာချို့တဲ့သူဦးရေ ၁၃၅ သန်းမှ ၁၉၃ သန်းထိ မြင့်တက်လာခဲ့ကြောင်းကို ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ကြီးက ထုတ်ပြန်ထားကြောင်း။

ထို့ပြင် ယနေ့တစ်ကမ္ဘာလုံး ရင်ဆိုင်နေကြရသည့် ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ပြန့်ပွားမှုကာလ သုံးနှစ်အတွင်း ထပ်ဆင့်လာသည့် နိုင်ငံအချင်းချင်း ပဋိပက္ခများကြောင့် နိုင်ငံအသီးသီးတွင် စီးပွားရေး တုံ့ဆိုင်းမှု၊ ကျဆင်းမှု၊ ဈေးနှုန်းကြီးမြင့်မှုများနှင့် ရင်ဆိုင်နေကြရကြောင်း၊ အဆိုပါ အခြေအနေများပေါင်းဆုံသည့်အခါ ပြည်တွင်းထုတ်လုပ်မှု ကွင်းဆက်များကို ပြတ်တောက်စေခဲ့ပြီး ပြည်သူများ၏ အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများကိုပါ အကန့်အသတ်ဖြစ်စေခဲ့ကြောင်း၊ တစ်ဖက်တွင်တိုးပွားနေသည့် လူဦးရေအတွက် နေ့စဉ်စားရေရိက္ခာလိုအပ်မှုသည် မြင့်တက်နေဆဲဖြစ်၍ စိုက်ပျိုးထုတ်လုပ်မှု မလျော့ကျအောင် ထိန်းကျောင်းရန်နှင့် တိုးတက်ထုတ်လုပ်နိုင်ရန် အထူးလိုအပ်လာကြောင်း။

မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍသည် နိုင်ငံစီးပွားရေးကို အဓိကမောင်းနှင်နေသည့် ကဏ္ဍကြီးဖြစ်ပြီး အခြားနိုင်ငံများနည်းတူ ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ပြန့်ပွားမှုကို ရင်ဆိုင်ခဲ့ရသော်လည်း မိမိတို့အနေဖြင့် ပြည်သူ၊ ပြည်သားများ၏ စားရေရိက္ခာဖူလုံရေးနှင့် အာဟာရပြည့်ဝရေးကို အဓိကထားကာ ပြည်တွင်းသီးနှံ သားငါး ထုတ်လုပ်မှုများ ကျဆင်းမသွားအောင် နည်းလမ်းမျိုးစုံဖြင့် အဘက်ဘက်မှဆောင်ရွက်ခဲ့ကြောင်း၊ ထို့ကြောင့် ၂၀၂၀-၂၀၂၁ ခုနှစ်တွင် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး၏ ၂၃ ဒသမ ၇ ရာခိုင်နှုန်းကို ဖြည့်ဆည်းပေးနိုင်ခဲ့ကြောင်း၊ လယ်ယာ သားငါးကဏ္ဍ ပို့ကုန်တန်ဖိုးအနေဖြင့် စုစုပေါင်းပို့ကုန်တန်ဖိုး၏ ၃၅ ဒသမ ၁ ရာခိုင်နှုန်းဖြစ်ကြောင်း၊ ၂၀၂၁-၂၀၂၂ ခုနှစ် ပထမခြောက်လတာကာလအတွင်း ပို့ကုန်တန်ဖိုးစုစုပေါင်း၏ ၃၄ ဒသမ ၆ ရာခိုင်နှုန်း တင်ပို့နိုင်ခဲ့ကြောင်း။

ထိုသို့ ဆောင်ရွက်နိုင်ခဲ့ခြင်းသည် စိုက်ပျိုး၊ မွေးမြူ ထုတ်လုပ်သူ တောင်သူလယ်သမားကြီးများနှင့် ထုတ်လုပ်မှု လုပ်ငန်းစဉ်တစ်လျှောက် ပါဝင်သူများ၏ လက်မလျှော့တမ်း ကြိုးပမ်းမှုများကြောင့်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ပြန့်ပွားမှု အကျပ်အတည်းကြားမှ စားရေရိက္ခာထုတ်လုပ်မှုများ မလျော့ကျဘဲ ပြည်တွင်းစားနပ်ရိက္ခာဖူလုံအောင် ကြိုးစားအားထုတ်ခဲ့ကြသည့် တောင်သူလယ်သမားကြီးများအားလုံးကို ကျေးဇူးတင်ရှိကြောင်းနှင့်နိုင်ငံ၏ "စားနပ်ရိက္ခာလူစွမ်းကောင်းများ" အဖြစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့တွင် မှတ်တမ်းတင်ဂုဏ်ပြုပြောကြားလိုကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားရေးလုပ်ငန်းစဉ် (၂)ရပ်ဖြစ်သည့် **"တိုင်းပြည်သာယာဝပြောရေး"** နှင့် **"စားရေရိက္ခာဖူလုံရေး"** ဆောင်ရွက်ရာတွင် လယ်ယာကဏ္ဍထုတ်လုပ်မှု တိုးတက်မြင့်မားရေးကို တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း၊ သို့မှသာ တိုင်းရင်းသားပေါင်းစုံ၊ လူမျိုးပေါင်းစုံ၊ ဒေသပေါင်းစုံ၊ မြို့နယ်၊ ကျေးရွာအဆင့်ထိ၊ အလုပ်သမား၊ လယ်သမား၊ လူကြီး၊ လူငယ်၊ အမျိုးသမီး၊ ကလေး၊ မသန်စွမ်းသူ မည်သူမျှ မကျန်ရစေရဘဲ စားရေရိက္ခာ ဝဝလင်လင် ရရှိစားသုံးနိုင်မည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏ မတူကွဲပြားသည့် ရာသီဥတု၊ ရေမြေသဘာဝ အခြေအနေများအရ သီးနှံမျိုးစုံ စိုက်ပျိုးထုတ်လုပ်နိုင်စွမ်းရှိသည့်အတွက် ၂၀၂၁-၂၀၂၂ ခုနှစ်တွင် ပြည်ပပို့ကုန်သီးနှံဖြစ်သော စပါးကို ၁၇ ဒသမ ၄ သန်း ဧက စိုက်ပျိုးခဲ့ပြီး အထွက်တင်းပေါင်း ၁၃၁၅ သန်း ထုတ်လုပ်နိုင်ခဲ့ကာ အခြားအရေးကြီးသီးနှံများဖြစ်သည့် ပဲမျိုးစုံ၊ ဆီထွက်သီးနှံနှင့် အစေ့ထုတ်ပြောင်း စသည့်သီးနှံမျိုးစုံတို့ကို နိုင်ငံတစ်ဝန်း စုစုပေါင်းစိုက်ဧက ၄၈ ဒသမ ၄၀ သန်းထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ သီးနှံစုံထွက်ရှိသည့်ပမာဏသည် ယခင်ပုံမှန်ထွက်ရှိမှုထက် သိသိသာသာ လျော့ကျမှုမရှိဘဲ စပါး၊ အစေ့ထုတ်ပြောင်း၊ မြေပဲ၊ နှမ်း၊ နေကြာနှင့် ချည်မျှင်ရှည်ဝါတို့သည် ယခင်နှစ်ထက် ပိုမိုထွက်ရှိခဲ့ကြောင်း။

မွေးမြူရေးကဏ္ဍအနေဖြင့် အသားထုတ်လုပ်မှုပိဿာ ၃၆၀ ဒသမ ၁၄ သန်း၊ ဥပေါင်း ၁၈၂၂ ဒသမ ၂၂ သန်း၊ နို့ပိဿာ ၆၅၇ ဒသမ ဝ၄ သန်း၊ ရေချိုငါး၊ ပုစွန်ထုတ်လုပ်မှုပိဿာ ၁၀၇၄ ဒသမ ၃၄ သန်း၊ ရေငန်ငါး၊ ပုစွန်ပိဿာ ၁၁၄၇ ဒသမ ၃၇ သန်း ထုတ်လုပ်နိုင်ခဲ့ကြောင်း။

စားသုံးဆီကို ပြည်ပမှတင်သွင်းမှု လျှော့ချနိုင်ရေးနှင့် ပြည်တွင်းစားသုံးမှု ဖူလုံစေရေး မြေပဲနှင့် နှမ်းအပြင် ဆီထွက်နှုန်းကောင်းမွန်သည့် ဆီအုန်း၊ နေကြာ၊ မုန်ညင်းနှင့် ပဲပုပ်တို့ကို တိုးချဲ့စိုက်ပျိုးထုတ်လုပ်ခြင်း၊ ဖွဲနု၊ ဝါစေ့နှင့် ပြောင်းဖူးကဲ့သို့သော ဘေးထွက်ပစ္စည်းများမှ ဆီထုတ်လုပ်ခြင်းဖြင့် ပြည်တွင်းစားသုံးဆီဖူလုံစေရေး ထုတ်လုပ်မှုကို မြှင့်တင်ပြီး နိုင်ငံခြားငွေသုံးစွဲမှုလျှော့ချနိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

အဝတ်အထည်အတွက် အရေးကြီးသော ချည်မျှင်များ ဖူလုံစွာထုတ်လုပ်နိုင်ရန် "ဝါ" ကို အဓိကသီးနှံအဖြစ် မြှင့်တင်ဆောင်ရွက်ရေးနှင့် စက်မှုကဏ္ဍ ကုန်ချောထုတ်လုပ်မှုလုပ်ငန်းများ ခေတ်မီတိုးတက်စေရေးတို့အတွက် နိုင်ငံတော်အစိုးရက တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း။

ထို့ပြင်စားနပ်ရိက္ခာအတွက် အရေးကြီးသည့်သီးနှံများကို ဧရိယာတိုးချဲ့စိုက်ပျိုးခြင်းထက် သီးထပ်စွမ်းအားတိုးတက်စေရေး စီမံချက်များ ချမှတ်ဆောင်ရွက်ခြင်း၊ မျိုးကောင်း၊ မျိုးသန့်များဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးနိုင်ရေးနှင့် ပုဂ္ဂလိကမျိုးစေ့ထုတ်ကဏ္ဍတိုးတက်လာစေရေးအတွက် ဌာန၊ သမဝါယမ၊ ကုမ္ပဏီစသည်တို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

မျိုးစေ့ထုတ်လုပ်ခြင်း၊ ရာသီဥတုပြောင်းလဲမှုအပေါ် မူတည်၍ ရေမြေ၊ ဒေသအလိုက် လိုက်လျောညီထွေဖြစ်မည့် သီးနှံပုံစံများပြောင်းလဲ စိုက်ပျိုးခြင်း၊ ဆည်ရေလုံလောက်စွာမရရှိသည့် ဒေသများတွင် ဝင်ငွေရရှိစေနိုင်မည့် သီးနှံများ ပြောင်းလဲစိုက်ပျိုးခြင်းနှင့် သက်တမ်းတို ဟင်းသီးဟင်းရွက်များ စိုက်ပျိုးခြင်း၊ ဒေသဝမ်းစာဖူလုံရေး အစီအမံများ ချမှတ်အကောင်အထည်ဖော်ခြင်း၊ စိုက်ပျိုးနည်းပညာပေးလုပ်ငန်းများမြှင့်တင်ခြင်းစသည့် လုပ်ငန်းများကို နေပြည်တော်ကောင်စီနယ်မြေ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဆောင်ရွက်လျက်ရှိကြရာ အောင်မြင်အောင် အကောင်အထည်ဖော် ဆက်လက်လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

ငါးသယံဇာတထိန်းသိမ်းပြီး ရေရှည်တည်တံ့စေရေးအတွက် ငါးမဖမ်းရရာသီ သတ်မှတ်ခြင်း၊ တရားမဝင်ငါးဖမ်းဆီးမှု ပပျောက်စေရေးအတွက် ငါးဖမ်းရေယာဉ် စောင့်ကြည့် ထိန်းချုပ်ရေးစနစ်နှင့် စောင့်ကြည့်ကြပ်မတ်ခြင်း၊ မျိုးစိတ်တစ်ခုချင်းအလိုက်နှင့် ငါးဖမ်းဧရိယာအလိုက် ငါးမဖမ်းရနယ်မြေများ သတ်မှတ်ခြင်း၊ တားမြစ်ထားသည့် ငါးဖမ်းကိရိယာများဖြင့် ငါးမဖမ်းဆီးရေးအတွက် စောင့်ကြည့်စစ်ဆေးခြင်းနှင့် ငါးသယံဇာတတည်ရှိမှု အကဲဖြတ်လေ့လာဆန်းစစ်ခြင်း သုတေသနလုပ်ငန်းများကို ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ထို့ပြင် နိုင်ငံအတွင်း အာဟာရချို့တဲ့မှုနှုန်းမြင့်မားခြင်းကို လျှော့ချရန် ရည်ရွယ်ရေးဆွဲထားသည့် ကဏ္ဍပေါင်းစုံပါဝင်သော အမျိုးသားအာဟာရဖွံ့ဖြိုးမှုဆိုင်ရာ ငါးနှစ်စီမံကိန်း ၂၀၁၈-၂၀၂၃ ကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများက ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် ပြည်နယ်များနှင့် အခြားဖွံ့ဖြိုးမှုနောက်ကျနေသေးသည့် ဒေသများ တစ်ပြိုင်တည်း ဖွံ့ဖြိုးလာစေရန် ကျေးလက်ဒေသ ပြောင်းလဲဖွံ့ဖြိုးရေးကို ဦးတည်ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

ကျေးလက်ဒေသ ပြောင်းလဲဖွံ့ဖြိုးရေး ဆောင်ရွက်ရာတွင် စိုက်ပျိုးထုတ်လုပ်မှုစွမ်းအားမြင့်မားခြင်း၊ စီးပွားရေးလုပ်ငန်းများဖြစ်ထွန်းခြင်း၊ ဈေးကွက်ဝင်ထုတ်ကုန်များ ပိုလျှံစွာထွက်ရှိခြင်း၊ ကွဲပြားခြားနားသည့်ထုတ်လုပ်မှုပုံစံနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပေါ်ထွန်းလာခြင်း လုပ်ငန်းများဖြစ်ပေါ်စေရမည်ဖြစ်ကြောင်း၊ ထို့ပြင် ဒေသအလိုက် သင့်လျော်သည့် လယ်ယာပြင်ပလုပ်ငန်းများ၊ စွန့်ဦးတီထွင်မှုအခွင့်အလမ်းများ၊ ဒေသဖွံ့ဖြိုးမှုအတွက် သက်ဆိုင်သည့် မူဝါဒချမှတ်မှုများတွင် ပါဝင်နိုင်စွမ်းများ မြင့်မားလာရမည်ဖြစ်ကြောင်း၊ ကျေးလက်ပြည်သူများသည် အဆိုပါအခွင့်အလမ်းများနှင့် အကျိုးတရားများကိုရရှိမည်ဖြစ်သကဲ့သို့ ကျေးလက်ဒေသစီးပွားရေးနှင့် ဖွံ့ဖြိုးမှုကို ကျယ်ကျယ်ပြန့်ပြန့်မြင့်မားစေပြီး လူတိုင်းစေ့ငှသည့် ရေရှည်တည်တံ့ဖွံ့ဖြိုးသော ကျေးလက်ဒေသများ ပေါ်ထွက်လာမည်ဖြစ်ကြောင်း။

ကျေးလက်ဒေသ ပြောင်းလဲဖွံ့ဖြိုးခြင်းဖြင့် မြေယာပိုင်ဆိုင်မှု၊ နည်းပညာအသုံးပြုမှု၊ ကျေးလက်နေပြည်သူများ၏ စွမ်းဆောင်နိုင်မှု၊ မြို့ပြရောက်လုပ်သားများ ပြန်လည်ကူးလူး ပြောင်းရွှေ့လာမှုများ ဖြစ်ပေါ်လာပြီး ကျေးလက်ဒေသအတွက် ဘက်စုံအကျိုးတရားများ ရရှိမည်ဖြစ်ကြောင်း၊ နောက်ဆုံးတွင် လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ပြီးပြည့်စုံသည့် ပြောင်းလဲမှုများကို ကျေးလက်နေပြည်သူများ ရရှိစေမည်ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်သောက်သုံးရေနှင့် လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ခြင်း၊ စီးပွားရေးလုပ်ဆောင်နိုင်ရေး အရင်းမပျောက်မတည်ငွေ ထူထောင်ပေးခြင်း၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ ပြည်သူများ၏

**စာမျက်နှာ ၂၁ သို့**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ထူးချွန်ဆုရရှိသူတစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။

ဒေသများ၌ ဆောင်ရွက်သွားရန် စီမံဆောင်ရွက်ပေး ထားပြီးဖြစ်ကြောင်း။

ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေး အဖွဲ့ကြီး၏ ယခုနှစ်ကမ္ဘာ့စားနပ်ရိက္ခာနေ့ ဆောင်ပုဒ်မှာ **"Leave no one behind. Better Production, Better Nutrition, a Better Environment and a Better Life"** **"ထွက်ကုန်မြှင့်တင် တိုးထုတ်လျှင် ကောင်းမွန်ပြည့်ဝအာဟာရ၊ ဝန်းကျင်လှပတို့ဘဝ၊ လူတိုင်းစေ့ရရှိကြ"** ဟု ချမှတ်တိုက်တွန်းနှိုးဆော်ထားကြောင်း။

မိမိတို့အစိုးရသည် ပြည်သူ ပြည်သား အားလုံး နေ့စဉ်စားနပ်ရိက္ခာဖူလုံရေးနှင့် အာဟာရပြည့်ဝရေး၊ ကျေးလက်ဒေသနေ ပြည်သူအားလုံး၏ လူမှုစီးပွားဘဝနှင့် လူနေမှုအဆင့်အတန်း မြင့်မားလာရေး၊ တိုင်းရင်းသားအားလုံးစည်းလုံးညီညွတ်ရေး၊ ဒေသအသီးသီး အချိုးညီဖွံ့ဖြိုးလာရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့ကို အလေးထား၍ ပြည်သူကိုဗဟိုပြု ဆောင်ရွက်လျက်ရှိကြောင်း။

လယ်ယာကဏ္ဍ လုပ်ငန်းနယ်ပယ် အသီးသီး၌ ပါဝင်သူအားလုံး၏ စိတ်အားထက်သန်စွာပါဝင်မှုနှင့် လယ်ယာကဏ္ဍ ထွက်ကုန်များ မြှင့်တင်တိုးထုတ်နိုင်ရေး တက်ညီလက်ညီ အားထုတ်ကြိုးပမ်းကြမည် ဆိုလျှင် ကောင်းမွန်ပြည့်ဝသည့် စားနပ်ရိက္ခာနှင့်အာဟာရကို တစ်ယောက်မကျန် အားလုံးရရှိကြပြီး ပြည့်စုံပျော်ရွှင်သော လူမှုဘဝနှင့် သာယာလှပသည့် သဘာဝ ပတ်ဝန်းကျင်ကို ဖန်တီးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးတင်ထွဋ်ဦးက ၂၀၂၂ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အခမ်းအနားနှင့် စပ်လျဉ်း၍လည်းကောင်း၊ ကမ္ဘာ့စားနပ် ရိက္ခာနေ့အခမ်းအနားတွင် မြန်မာနိုင်ငံ၏ သီးနှံ၊ သားငါး၊ ရိက္ခာ ထုတ်လုပ်မှုစနစ် ပိုမိုတိုးတက်ကောင်းမွန်လာရေး ကြိုးပမ်း ကြရန်အတွက်ရည်ရွယ်ပြီး သီးနှံစိုက်ပျိုး ထုတ်လုပ်မှု၊ မွေးမြူရေးလုပ်ငန်း၊ ငါးလုပ်ငန်း၊ ဆည်ရေအသုံးချမှု စီမံခန့်ခွဲမှုနှင့် သစ်တော စိုက်ခင်းဆောင်ရွက်မှုတို့တွင် ထူးချွန်စွာ ဆောင်ရွက်ခဲ့သည့် တောင်သူများ၊ လုပ်ငန်းရှင်များ၊ အဖွဲ့များကို ထူးချွန်ဆုများ ချီးမြှင့်ပေးအပ်မည့် အခြေအနေများနှင့် လယ်ယာကဏ္ဍနှင့် စားနပ်ရိက္ခာအာဟာရ ပြည့်ဝရေးဆိုင်ရာ အသိပညာ၊ ဗဟုသုတ များတိုးပွားစေရန် ရည်ရွယ်၍ ပြုလုပ်သော ဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိသူများကို ဆုများပေးအပ်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကုလသမဂ္ဂ စားနပ်ရိက္ခာ နှင့်စိုက်ပျိုးရေးအဖွဲ့ညွှန်ကြားရေးမှူးချုပ်၏ World Food Day 2022 Video Message နှင့် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ် မှတ်တမ်း Video Clip ကို ပြသသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စု ဝန်ကြီးများဖြစ်ကြသည့် ဦးတင်ထွဋ်ဦး၊ ဦးလှမိုးနှင့် ဦးခင်မောင်ရီတို့က ကမ္ဘာ့ စားနပ်ရိက္ခာနေ့အထိမ်းအမှတ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောကဏ္ဍဆိုင်ရာ ထူးချွန်ဆုရရှိသူများကို ဆုများပေးအပ် ချီးမြှင့်ကြပြီး တက်ရောက်လာကြသူများ နှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် သည် အဖွဲ့ဝင်များနှင့်အတူ မြန်မာနိုင်ငံ စားနပ်ရိက္ခာဖူလုံရေးဆိုင်ရာမှတ်တမ်းနှင့် ပိုစတာများကို ကြည့်ရှုခဲ့ကြကြောင်း သိရသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ခင်းကျင်းပြသထားမှုများကို လှည့်လည်ကြည့်ရှုစဉ်။

စာမျက်နှာ ၂၀ မှအဆက်

တစ်ကိုယ်ရည်သန့်ရှင်းရေး၊ ပတ်ဝန်းကျင် ညစ်ညမ်းမှုကာကွယ်ရေးတို့ကို ဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက် စေခြင်း၊ တစ်နိုင်တစ်ပိုင် အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းများကို နည်းပညာ၊ အရင်းအနှီး၊ ဈေးကွက်ရရှိစေရေး လူမှုအဖွဲ့အစည်းများနှင့် ညှိနှိုင်းပေးခြင်း လုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိကြောင်း။

ထို့ပြင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့ရသည့် စီးပွားရေးဖွံ့ဖြိုးမှုကို ပြန်လည်မြှင့်တင်နိုင်ရန်၊ ငွေကြေးမတည် ငြိမ်မှုကြောင့် ရိုက်ခတ်လျက်ရှိသည့် အကျိုးဆက်များမှ ကာကွယ်နိုင်ရန်၊ ကုန်ဈေးနှုန်း တည်ငြိမ်ရေးအတွက် ဈေးကွက်လိုအပ်ချက်နှင့် ပြည်တွင်း ထုတ်လုပ်မှုဟန်ချက်ညီစေရန် ပြည်နယ် များနှင့် အခြားဖွံ့ဖြိုးမှု နောက်ကျနေသေး သောဒေသများဖွံ့ဖြိုးအောင် ဆောင်ရွက် ပေးခြင်းဖြင့် မြို့ပြနှင့် ကျေးလက်ကွာဟမှုကို လျှော့ချပေးနိုင်ရေးအတွက် နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေအဖြစ် ငွေကျပ်ဘီလီယံ ၄၀၀ ထူထောင်ပြီး အကျိုးတူလယ်ယာ စနစ်ကို တိုင်းဒေသကြီးများနှင့် မြစိမ်းရောင် စိုက်ပျိုး၊ မွေးမြူရေး စီမံကိန်းများကို ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ



# ရှပ်ရှင်ဝန်ထမ်းဟောင်းများ လူမှုကူညီရေးအသင်း(မန္တလေး)၏ တတိယအကြိမ် သက်ကြီးကန်တော့ပွဲကျင်းပ

**မန္တလေး အောက်တိုဘာ ၁၆**

ရုပ်ရှင်ဝန်ထမ်းဟောင်းများ လူမှု ကူညီရေးအသင်း(မန္တလေး)၏ တတိယ အကြိမ် သက်ကြီးကန်တော့ပွဲအခမ်းအနား ကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်း ဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ ရုပ်ရှင် မြှင့်တင်ရေးဦးစီးဌာနရုံးတွင် ကျင်းပသည်။

အခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆိုဖွင့်လှစ်ခဲ့ပြီး အသင်းဥက္ကဋ္ဌ ဦးမောင်မောင်က သက်ကြီးကန်တော့ပွဲ ကျင်းပခြင်းရည်ရွယ်ချက်နှင့် အသင်း ဘဏ္ဍာရေးမှူးက ငွေစာရင်းရှင်းတမ်းတို့ကို ရှင်းလင်းပြောကြားပြီး အသက် ၈၀ နှစ်နှင့် အထက် ကန်တော့ခံပုဂ္ဂိုလ်များကို ကန်တော့ချီးဖြင့် ကန်တော့ကာ ကန်တော့ ပစ္စည်းများပေးအပ်ပြီး ကန်တော့ခံပုဂ္ဂိုလ် တစ်ဦးက မုဒိတာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ မန္တလေးတိုင်း ဒေသကြီး ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ရုပ်ရှင်ဝန်ထမ်းဟောင်း များလူမှုကူညီရေးအသင်း (မန္တလေး)မှ အသင်းဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပြီး အသက် ၈၀ နှစ်နှင့် ရုပ်ရှင်ဝန်ထမ်းဟောင်း ကန်တော့ခံပုဂ္ဂိုလ် ခုနစ်ဦးတို့ကို ကန်တော့ခံပစ္စည်းများဖြင့် ကန်တော့ခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ယှဉ်ပြိုင်မှုများအောင်မြင်စွာပြီးစီး

**နေပြည်တော် အောက်တိုဘာ ၁၆**

(၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ (ဗဟိုအဆင့်)ဆဋ္ဌမနေ့ကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီးတွင် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသည်။




ယနေ့တွင် **အမျိုးဂုဏ်၊ဇာတိဂုဏ်မြှင့်တင်ရေးတေးသီချင်းအဆိုပြိုင်ပွဲ**ကိုမြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) Signing Room ၌ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ရခိုင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက“တပ်မတော် အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်” သီချင်းဖြင့်လည်းကောင်း၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရောဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက“ပြန်လည်ထူထောင်ရေး”သီချင်းဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက “မဟာဗန္ဓုလ” သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း)အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ကရင်ပြည်နယ်၊ချင်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရောဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ကောင်းစားတော့မည်” သီချင်းဖြင့်လည်းကောင်း၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “တပင်ရွှေထီး” သီချင်းဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက“လှေပွဲ”သီချင်းဖြင့် လည်းကောင်းယှဉ်ပြိုင်ကြသည်။

**မြန်မာအက အခြေခံကဗျာလွတ်အက (ပထမအဆင့်)ပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂) Plenary Hall ၌ကျင်းပရာ အခြေခံပညာအဆင့် (အသက်၁၀နှစ်မှ ၁၅ နှစ်အတွင်း)အမျိုးသမီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ မယမင်းအောင်နှင့်အဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီးမှ မမှူးသက်သခင်နှင့်အဖွဲ့၊ တနင်္သာရီတိုင်းဒေသကြီးမှ မလှိုင်းသဇင်နှင့်အဖွဲ့၊ပဲခူးတိုင်းဒေသကြီးမှ မမေသူသူကျော်နှင့်အဖွဲ့၊ မန္တလေးတိုင်းဒေသကြီးမှ မပြည့်ပြည့်ဝင်းနှင့်အဖွဲ့၊ ကယားပြည်နယ်မှ မမိုးထက်နေခြည်နှင့်အဖွဲ့၊ မကွေးတိုင်းဒေသကြီးမှ မအိမ့်ကြိုးကြာနှင့်အဖွဲ့၊ ရှမ်းပြည်နယ်မှ မဝိုင်းချစ်ထွေးနှင့်အဖွဲ့၊ ရောဝတီတိုင်းဒေသကြီးမှ မသီရိတင်နှင့်အဖွဲ့၊ မွန်ပြည်နယ်မှ မရတနာဝင်းထွဋ်နှင့်အဖွဲ့၊ ကချင်ပြည်နယ်မှ မထူးအိမ့်ကျော်နှင့်အဖွဲ့၊ ကရင်ပြည်နယ်မှ မနန်းသဇင်အေးနှင့်အဖွဲ့နှင့် ရခိုင်ပြည်နယ်မှ မချိုဇင်ဝင်းနှင့်အဖွဲ့တို့က အခြေခံကဗျာလွတ် ကကြိုးကကွက်များကို အဖွဲ့လိုက်ညီညာလှပ ကျွမ်းကျင်ပိုင်နိုင်စွာ ကပြယှဉ်ပြိုင်ကြသည်။

**မွန်တိုင်းရင်းသားရိုးရာအကပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Plenary Hall ၌ကျင်းပရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင် အကအဖွဲ့များကို မွန်တိုင်းရင်းသားရိုးရာကကြိုး၊ ကဟန်များသင်ကြားပေးခဲ့သည့် မွန်ပြည်နယ် မိတင်ချိုအေး အကအဖွဲ့မှ အကဆရာမများက မွန်အက၊ မွန်ဟန် ကကွက်များကို စံပြအကအနေဖြင့် ကပြကြသည်။

ထို့နောက် မွန်တိုင်းရင်းသား ရိုးရာ အကအလွတ်တန်းပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ကယားပြည်နယ်မှ ဒေါ်စုလတ်ထွန်းနှင့်အဖွဲ့၊ မန္တလေးတိုင်းဒေသကြီးမှ



မခိုင်ဇင်သက်နှင့်အဖွဲ့၊ ကရင်ပြည်နယ်မှ မိအေးဆုပန်နှင့်အဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်သိမ့်နန္ဒာထက်နှင့်အဖွဲ့၊ တနင်္သာရီတိုင်းဒေသကြီးမှ မသိုက်ထော နှင့်အဖွဲ့၊ ပဲခူးတိုင်းဒေသကြီးမှ မသင်းမာထွေးနှင့်အဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မပန်းနုံ့သာနှင့်အဖွဲ့၊ မကွေးတိုင်းဒေသကြီးမှ မသီရိဇော်နှင့်အဖွဲ့၊ ချင်းပြည်နယ်မှ မနန်းမူခန့်(ခ) နဲနဲလိုနှင့်အဖွဲ့၊ ရှမ်းပြည်နယ်မှမနန်းသူဇာလွင်နှင့်အဖွဲ့၊ ရခိုင်ပြည်နယ်မှ မခင်မိုးစန်းနှင့်အဖွဲ့၊ ကချင်ပြည်နယ်မှ ဒေါ်အေးအေးငြိမ်းနှင့်အဖွဲ့နှင့် ရောဝတီတိုင်းဒေသကြီးမှ မနန္ဒအိမြတ်ထက်နှင့်အဖွဲ့တို့က မွန်ပြည်နယ်၏ သဘာဝအလှတရားများ၊ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို ဖော်ကျူးထားသည့် “ဟင်္သာတို့ရဲ့ပျော်ရာမြေ”သီချင်းနောက်ခံဖြင့် လှပကျော့ရှင်းသည့် မွန်တိုင်းရင်းသားရိုးရာကကြိုး၊ ကကွက်များကိုမွန်အလှ၊ မွန်ဟန်တို့နှင့် ပေါင်းစပ်ကာ ကပြယှဉ်ပြိုင်ကြသည်။

**ရုပ်စုံသဘင်အဖွဲ့လိုက် ပြိုင်ပွဲ**ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ “ငါးပါဒအကျွရာ”ဇာတ်တော်ကြီး ရုပ်စုံသဘင်အဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း)ပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး ကိုယ်စားပြု မိုးပြည့်မြင့်မိုရ် ရုပ်စုံသဘင်အဖွဲ့က မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကိုဖော်ကျူးသည့် အကအလှများ၊ စကားပြောများဖြင့် တင်ဆက်ကပြ ယှဉ်ပြိုင်ကြသည်။

**ဇာတ်တော်ကြီးပြိုင်ပွဲ**ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ ကျင်းပရာ “ရာမာယဏ” ဇာတ်တော်ကြီး ဝါသနာရှင်အဆင့်(ပထမတန်း) ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု မန်းရာမဇာတ်တော်ကြီးအဖွဲ့က မူရင်းရာမာယဏဇာတ်တော်ကြီး၏ တီးလုံးတီးချက်များကိုမြန်မာ့ဇာတ်သဘင်၏ ဆိုငိုပြောပညာရပ်များ၊ အကအလှများနှင့် အနုပညာရသမြောက် ပေါင်းစပ်ပြီး ယှဉ်ပြိုင်ကြသည်။

**အရေးပြိုင်ပွဲ**ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ပထမတန်း)ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရောဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ထိန်းသိမ်းစို့လေ ရိုးရာအမွေ” ခေါင်းစဉ်ဖြင့် ဂီတရသ စုံလင်စွာ ဖော်ကျူးတေးဖွဲ့ယှဉ်ပြိုင်ကြသည်။

**ဂီတာပြိုင်ပွဲ**ကိုမြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂) News Briefing Room ၌ကျင်းပရာဝါသနာရှင်အဆင့်(ပထမတန်း)အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က “မှိုင်းမှိုင်းမြ”(သီချင်းခံ)ဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် ရောဝတီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က“တောမြိုင်စွန်းကလွမ်းအောင်ဖန်” (ယိုးဒယား)ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က“မြမြမောင်းမောင်း”(ပတ်ပျိုး)ဖြင့်လည်းကောင်း၊အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅နှစ်အတွင်း)အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က“မှန်ရဝေ” (ပတ်ပျိုး)ဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့်အမျိုးသားပြိုင်ပွဲတွင် ရောဝတီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က“မြိုင်ကြီးဟေမာ” (ယိုးဒယား)ဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း)အမျိုးသားပြိုင်ပွဲတွင် ရောဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “တောနှင့်တောင်စွယ်”(ယိုးဒယား)ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့်မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက“စန္ဒကိန္နရီ” (ကာလပေါ်)ဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက“စန္ဒကိန္နရီ”



(ကာလပေါ်)ဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ရောဝတီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က“ပွင့်ဦး” (ကာလပေါ်)ဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ရောဝတီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က“ကျွန်းကျွန်းပိုင်သ” (ကြိုး)ဖြင့်လည်းကောင်းတီးခတ်ယှဉ်ပြိုင်ကြသည်။

**နှဲပြိုင်ပွဲ**ကို အမျိုးသားပြတိုက်(နေပြည်တော်)ရှိ Mini Theatre ၌ ကျင်းပရာ အဆင့်မြင့်ပညာအဆင့်အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှပြိုင်ပွဲဝင်က“ကျွန်းကျွန်းပိုင်သ”(ကြိုး)ဖြင့်လည်းကောင်း၊မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က “ဂန္ဓမာရိပ်သာ”(ပတ်ပျိုး)ဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲတွင်ချင်းပြည်နယ်မှ ပြိုင်ပွဲဝင်က“ညှို့ညှို့ဆိုင်းဆိုင်း”(ပတ်ပျိုး)ဖြင့်လည်းကောင်း၊မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ကြုံကြုံဖန်ဖန်”(ယိုးဒယား)ဖြင့်လည်းကောင်း၊အခြေခံပညာအဆင့်(အသက် ၁၅နှစ်မှ၂၀နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ရှမ်းပြည်နယ်နှင့်မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက“မှန်ရဝေ”(ပတ်ပျိုး)ဖြင့်လည်းကောင်း၊စစ်ကိုင်းတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က “ဟေမဝန်ချာ”(ဘွဲ့)ဖြင့်လည်းကောင်း၊ဝါသနာရှင်အဆင့် (ဒုတိယတန်း)အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက “လေပြည်ဆော်သွင်းမြူ” (ယိုးဒယား)ဖြင့်လည်းကောင်း၊ ရောဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ရွှန်းရွှန်းမြ”(သီချင်းခံ) ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က “ယမုန်နာ”(ပတ်ပျိုး)ဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀နှစ်မှ ၁၅နှစ်အတွင်း)ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “စိမ်းလဲ့လဲ့ညိုပြာ”(ကြိုး)ဖြင့်လည်းကောင်း တီးမှုတ်ယှဉ်ပြိုင်ကြသည်။

**ကွက်စိပ်ပြိုင်ပွဲ**ကို အမျိုးသားစာကြည့်တိုက်(နေပြည်တော်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲတွင်မန္တလေးတိုင်းဒေသကြီးနှင့်တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက“မဟော်သဓာဇာတ်တော်ကြီး” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း)အမျိုးသားပြိုင်ပွဲတွင်ရန်ကုန်တိုင်းဒေသကြီး၊မန္တလေးတိုင်းဒေသကြီး၊ ရောဝတီတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက“ကေဒါရကျေးမင်းဇာတ်တော်ကြီး” ခေါင်းစဉ်ဖြင့်လည်းကောင်းဇာတ်တော်ကြီး၏ အနှစ်သာရနှင့် ဦးတည်ချက်ပေါ်လွင်အောင် နှုတ်မှုစွမ်းရည် ပြသဟောပြောယှဉ်ပြိုင်ကြသည်။

ယနေ့ပြိုင်ပွဲများကျင်းပရာ နေရာအသီးသီးသို့ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊လူမှုရေးဝန်ကြီးများနှင့်တာဝန်ရှိသူများ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

ငါးနှစ်ကျော်ကာလကြာမြင့်ပြီးမှ ခမ်းနားသိုက်မြိုက်စွာ နိုင်ငံတော်အဆင့် ပြန်လည်ကျင်းပနိုင်သည့် (၂၃)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွင် ပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်မှုသည် ယနေ့တွင် အောင်မြင်စွာ ပြီးဆုံးပြီဖြစ်ကြောင်းနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနား၊ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့်ဂုဏ်ပြုညစာစားပွဲတို့ကိုနေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ မွန်တိုင်းရင်းသားရိုးရာအကပြိုင်ပွဲနှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေးတေးသီချင်းပြိုင်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေး






**နေပြည်တော် အောက်တိုဘာ ၁၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဗညားအောင်မိုးသည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Plenary Hall ၌ ကျင်းပသည့် မွန်တိုင်းရင်းသားရိုးရာ အကပြိုင်ပွဲသို့ တက်ရောက်ပြီး ပြိုင်ပွဲဝင်အဖွဲ့များ၏ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးသည်။

အဆိုပါပြိုင်ပွဲတွင် အလွတ်တန်းအဆင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်အကအဖွဲ့များက ဟင်္သာတို့ရဲ့ ပျော်ရာမြေသီချင်းနောက်ခံဖြင့် လှပတင့်တယ်ကျက်သရေရှိလှသည့် မွန်တိုင်းရင်းသားရိုးရာ ကကြိုး၊ ကကွက်များကို ညီညာလှပ ကျွမ်းကျင်ပိုင်နိုင်စွာ ကပြယှဉ်ပြိုင်ကြသည်။

အလားတူ မွန်းလွဲပိုင်းတွင်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်ဦးရွှေကြိမ်းသည် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Signing Room ၌ကျင်းပသည့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး တေးသီချင်းပြိုင်ပွဲသို့တက်ရောက်ပြီး ပြိုင်ပွဲဝင်များ၏ သီဆိုယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးသည်။

အဆိုပါပြိုင်ပွဲတွင် ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲဝင်များက ထင်ရှားကျော်ကြားလှသည့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး တေးသီချင်းများဖြစ်သော တပင်ရွှေထီး၊လှေပွဲနှင့် ကောင်းစားတော့မည် စသည့်တေးသီချင်းများအား ငြိမ့်ညောင်းသာယာနားဝင်ပီယံရှိစေမည့်အပြင် နားဆင်သူများအဖို့ စိတ်အားထက်သန်စေမည့် အသံနေအသံထားများဖြင့် ကျွမ်းကျင်ပိုင်နိုင်စွာယှဉ်ပြိုင်ခဲ့ကြသည်။

ယနေ့တွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)ရှိ Plenary Hall ၌ မြန်မာအကအခြေခံကဗျာလွတ် (ပထမအဆင့်) အကပြိုင်ပွဲများနှင့် News Briefing Room ၌ ဂီတာအတီးပြိုင်ပွဲများကို ဆက်လက်ကျင်းပလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်များက အနုပညာရသပေါ်လွင်စွာဖြင့် ယှဉ်ပြိုင်လျက်ရှိကြသည့်အပြင် အနုသုခုမကို စိတ်ဝင်စားကြသည့် ဝါသနာရှင်များကလည်း တစ်ခဲနက် လာရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တောင်အာဖရိကနိုင်ငံ ကိပ်တောင်းမြို့တွင်ကျင်းပမည့် Association of World Election Bodies(A-WEB)၏ (၅)ကြိမ်မြောက် အထွေထွေညီလာခံသို့ တက်ရောက်ရန်ထွက်ခွာ

**နေပြည်တော် အောက်တိုဘာ ၁၆**

တောင်အာဖရိကနိုင်ငံရွေးကောက်ပွဲကော်မရှင်နှင့် Association of World Election Bodies (A-WEB) တို့၏ ဖိတ်ကြားချက်အရ တောင်အာဖရိကနိုင်ငံ ကိပ်တောင်းမြို့တွင် ကျင်းပပြုလုပ်မည့် Association of World Election Bodies (A-WEB) ၏ (၅)ကြိမ်မြောက် အထွေထွေညီလာခံသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် ကော်မရှင်အဖွဲ့ဝင် ဦးအောင်မိုးမြင့်တို့ တက်ရောက်မည်ဖြစ်သည်။

အဆိုပါ အထွေထွေညီလာခံသို့ တက်ရောက်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀နာရီ ၃၅ မိနစ်တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်စောဝင်း၊ ဦးစောဘလှိုင်နှင့် ရန်ကုန်တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လိုက်လံပို့ဆောင်နှုတ်ဆက်ကြသည်။

Association of World Election Bodies(A-WEB)အဖွဲ့ကို ၂၀၁၃ ခုနှစ်က စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး အဖွဲ့ဝင်အဖြစ် မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၀၉ နိုင်ငံမှ ရွေးကောက်ပွဲဆိုင်ရာအဖွဲ့အစည်း ၁၁၉ ဖွဲ့ပါဝင်ကြသည်။ အဆိုပါ အထွေထွေညီလာခံသို့ တက်ရောက်ခြင်းဖြင့် အဖွဲ့ဝင်နိုင်ငံများ၏ ရွေးကောက်ပွဲစနစ်များကို လေ့လာသိရှိခြင်း၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို အဖွဲ့ဝင်နိုင်ငံများအချင်းချင်း နည်းပညာဖလှယ်၍ ဆောင်ရွက်နိုင်ခြင်းနှင့် အဖွဲ့ဝင်နိုင်ငံများအကြား ချစ်ကြည်ရင်းနှီးမှုရရှိခြင်း စသည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်ပြီး ညီလာခံကို ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၇ ရက်မှ ၂၂ ရက်ထိ တောင်အာဖရိကနိုင်ငံ ကိပ်တောင်းမြို့တွင်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# မွန်ပြည်သစ်ပါတီ(NMSP) မှ ဒုတိယဥက္ကဋ္ဌနိုင်အောင်မင်းဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်မှ ပြန်လည်ထွက်ခွာ



မွန်ပြည်သစ်ပါတီ(NMSP)မှ ဒုတိယဥက္ကဋ္ဌနိုင်အောင်မင်းဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ တိုင်းရင်းသား၊ တိုင်းရင်းသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ငြိမ်းချမ်းရေးကို လိုလားသည့် ဒေသခံပြည်သူများက ပို့ဆောင်နှုတ်ဆက်ကြစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၆**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ငြိမ်းချမ်းရေးဆွေးနွေးရန် ဖိတ်ခေါ်ကမ်းလှမ်းမှုအရ နေပြည်တော်သို့ရောက်ရှိပြီး ငြိမ်းချမ်းရေးဆွေးနွေးဆောင်ရွက်ခဲ့သည့် မွန်ပြည်သစ်ပါတီ (NMSP)မှ ဒုတိယဥက္ကဋ္ဌ နိုင်အောင်မင်းဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ ပြန်လည်ထွက်ခွာသွားကြသည်။

အဆိုပါမွန်ပြည်သစ်ပါတီ(NMSP)မှ ဒုတိယဥက္ကဋ္ဌဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီနှင့်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ တိုင်းရင်းသား၊တိုင်းရင်းသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ငြိမ်းချမ်းရေးကိုလိုလားသည့် ဒေသခံပြည်သူများက **ထာဝရငြိမ်းချမ်းရေးကိုရရှိရေးသည် ပြည်သူတစ်ရပ်လုံး၏ ဆန္ဒအစစ်အမှန်ဖြစ်သည်၊ ငြိမ်းချမ်းရေးရရှိရေးသည် နိုင်ငံသားအားလုံး၏ ဆန္ဒအမှန်ဖြစ်သည်၊ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့ တွေ့ဆုံဆွေးနွေးကြပါစို့၊ တိုင်းရင်းသားတွေစည်းလုံးမှ ငြိမ်းချမ်းတည်ငြိမ်အေးချမ်းရ** စသည့်မွန်ဘာသာနှင့် မြန်မာဘာသာစာသားပါ ဆိုင်းဘုတ်များကိုင်ဆောင်၍လည်းကောင်း၊ နိုင်ငံတော်အလံငယ်များကိုင်ဆောင်၍လည်းကောင်း Horizon Lake View Resort ၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကရင်ပြည်နယ် ဖာပွန်မြို့နှင့် ကမမောင်းမြို့သွား ကားလမ်းတစ်လျှောက် အများပြည်သူဘေးအန္တရာယ်မရှိစေရေး NUG နှင့် PDF အမည်ခံ အကြမ်းဖက်သမားများထောင်ထားသည့်မိုင်းများကို ဖယ်ရှားရှင်းလင်း





သိမ်းဆည်းရမိ ကရင်ပြည်နယ် ဖာပွန်မြို့နှင့် ကမမောင်းမြို့သွားကားလမ်းတစ်လျှောက် NUG နှင့် PDF အမည်ခံ အကြမ်းဖက်သမားများထောင်ထားသည့် ငါးဂါလန်ပုံးဖြင့်ပြုလုပ်ထားသည့် ဒေသန္တရလက်လုပ်ဆွဲမိုင်းများ၊ စနက်တံများနှင့်ဆက်စပ်ပစ္စည်းများကိုတွေ့ရစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၆**

NUGနှင့်PDFအမည်ခံအကြမ်းဖက်သမားများသည် အေးချမ်းစွာနေထိုင်လျက်ရှိသည့် ပြည်သူလူထုများနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဆောင်ရွက်နေသည့် အုပ်ချုပ်ရေးတာဝန်ရှိသူများအား ထိခိုက်ဒဏ်ရာရရှိစေရန်နှင့် လမ်းပန်းဆက်သွယ်မှုများ လုံခြုံချောမွေ့မှုမရှိစေရေး ရည်ရွယ်ချက်များဖြင့် အများပြည်သူအသုံးပြုသည့် လမ်းကြောင်းများတွင် မိုင်းထောင်ခြင်း၊ ပစ်ခတ်တိုက်ခိုက်ခြင်းများ အကြမ်းဖက် ဖောက်ခွဲရေးလုပ်ရပ်များ လုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ ကရင်ပြည်နယ် ဖာပွန်မြို့နှင့် ကမမောင်းမြို့သွား ကားလမ်းတစ်လျှောက်၌လည်း အကြမ်းဖက်သမားများက လက်လုပ်မိုင်းများထောင်ထားကြောင်း အကြမ်းဖက်မှုကိုမလိုလားသည့် ဒေသခံပြည်သူများ၏ သတင်းပေးပို့ချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက စက်တင်ဘာ ၃၀ ရက် နံနက် ၈ နာရီ မိနစ် ၃၀ မှ နေ့လယ် ၁ နာရီခွဲထိ မိုင်းရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်ခဲ့ရာ အဆိုပါကားလမ်းဝဲ၊ယာတစ်လျှောက်မှ ငါးဂါလန်ပုံးဖြင့်ပြုလုပ်ထားသည့် ဒေသန္တရလက်လုပ်ဆွဲမိုင်း ၂၃ လုံး၊ ပလတ်စတစ်ထမင်းဘူးဖြင့်ပြုလုပ်ထားသည့် ဒေသန္တရဆွဲမိုင်း နှစ်လုံး၊ စနက်တံ ၁၇ ခုနှင့် ဆက်စပ်ပစ္စည်းများအား ထပ်မံရှာဖွေဖော်ထုတ်နိုင်ခဲ့ပြီး အများပြည်သူအန္တရာယ်မဖြစ်ရေး သက်မဲ့ပြုလုပ်သိမ်းဆည်းခဲ့သည်။

ယခုကဲ့သို့ အများပြည်သူသွားလာအသုံးပြုလျက်ရှိသည့် လမ်းမကြီးများပေါ်၌ မိုင်းထောင်ဖောက်ခွဲ တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်မှုလုပ်ရပ် ကျူးလွန်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်းနှင့် အဆိုပါ ဖာပွန်-ကမမောင်းသွား ကားလမ်းတစ်လျှောက်ခရီးသွားပြည်သူများ အန္တရာယ်မဖြစ်စေရေးအတွက် မိုင်းရှင်းလင်းရေးလုပ်ငန်းများနှင့် နယ်မြေလုံခြုံအေးချမ်းတည်ငြိမ်ရေး စဉ်ဆက်မပြတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# PDF အမည်ခံ အကြမ်းဖက်သမားများက ပခုက္ကူမြို့နယ် ဘုန်းကံကျေးရွာအတွင်းသို့ Drone ယာဉ်အသုံးပြု၍ လက်လုပ်ဗုံးများ ရမ်းသန်းဖြုတ်ချတိုက်ခိုက်၊ အသက် လေးနှစ်အရွယ် ကလေးငယ်တစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် အောက်တိုဘာ ၁၆**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ဘုန်းကံကျေးရွာအတွင်းသို့ ယနေ့ နံနက်ပိုင်းတွင် PDFအမည်ခံ အကြမ်းဖက်သမားများက Drone ယာဉ်အသုံးပြု၍ လက်လုပ်ဗုံးများ ရမ်းသန်းဖြုတ်ချတိုက်ခိုက်ခဲ့ခြင်းကြောင့် အပြစ်မဲ့ပြည်သူ အသက် လေးနှစ်အရွယ် ကလေးငယ် တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ပခုက္ကူမြို့နယ် ဘုန်းကံကျေးရွာအတွင်းသို့ ယနေ့ နံနက် ၉ နာရီ မိနစ် ၃၀ ခန့်တွင် PDF အမည်ခံ အကြမ်းဖက်သမားများက Drone ယာဉ် တစ်စီး အသုံးပြု၍ လက်လုပ်ဗုံး နှစ်လုံးအား ရမ်းသန်းဖြုတ်ချ တိုက်ခိုက်ခဲ့ကြောင်း၊ ထိုသို့တိုက်ခိုက်ခြင်းကြောင့် ဘုန်းကံကျေးရွာ အလယ်တန်းကျောင်းအတွင်း ကျရောက်ပေါက်ကွဲခဲ့ပြီး အလျား ပေ ၁၂၀၊ အနံ ပေ ၆၀ရှိ စာသင်ဆောင်၏ မျက်နှာကြက်နှင့် သွပ်မိုးများပေါက်ပြဲပျက်စီးခဲ့ပြီး ကျေးရွာတွင် နေထိုင်လျက်ရှိသော အသက် လေးနှစ်အရွယ် ကလေးငယ်တစ်ဦး ဗုံးစထိမှန်ဒဏ်ရာများရရှိခဲ့သည်။ ဒဏ်ရာရ ကလေးငယ်အား ဘုန်းကံကျေးရွာ ကျေးလက်ဆေးပေးခန်း၌ လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ကျေးရွာအတွင်း လက်လုပ်ဗုံးများ ရမ်းသန်းဖြုတ်ချတိုက်ခိုက်ခဲ့သော PDF အမည်ခံ အကြမ်းဖက်သမားများကို အမြန်ဆုံးဖမ်းဆီးရမိရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ပိတ်ဆို့စစ်ဆေးရှာဖွေလျက်ရှိကြောင်း သတင်းရရှိသည်။





PDF အမည်ခံအကြမ်းဖက်သမားများက Drone ယာဉ် အသုံးပြု၍ လက်လုပ်ဗုံးများ ရမ်းသန်းဖြုတ်ချတိုက်ခိုက်ခဲ့ခြင်းကြောင့် ပခုက္ကူမြို့နယ် ဘုန်းကံကျေးရွာ အလယ်တန်းကျောင်း၊ စာသင်ဆောင်မျက်နှာကြက်နှင့် သွပ်မိုးများပေါက်ပြဲပျက်စီးနေမှုနှင့် အသက် လေးနှစ်အရွယ် ကလေးငယ်တစ်ဦး ထိခိုက်ဒဏ်ရာရရှိမှုတို့ကိုတွေ့ရစဉ်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၁၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ရွှေမြိုင်သာယာကျေးရွာနေ သိန်းဝင်းသည် ၎င်းအသုံးပြုသည့်"Bang Bang"Facebookအကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUGနှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့်ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

## အောက်တိုဘာ ၁၆ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၅၅ ဦး တွေ့ရှိ

**နေပြည်တော် အောက်တိုဘာ ၁၆**

အောက်တိုဘာ ၁၅ ရက် ည ၈ နာရီမှ ယနေ့ ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၁၀၇၀၅ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၅၅ ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

## ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၂၈၅၇၇ ဦး |
| သေဆုံးသူ | ၁၉၄၇၀ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၀၂၅၄၄ ဦး |

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ယူကရိန်းကို အနောက်နိုင်ငံများက စစ်ရေးမဟာမိတ်သတ်မှတ်ပါက တတိယကမ္ဘာစစ်ဖြစ်သွားနိုင်ကြောင်း မော်စကို သတိပေး




NATO မဟာမိတ်အဖွဲ့များသည် Kyiv ကို စစ်ရေးအကူအညီများ ပိုမိုပေးအပ်ပြီးနောက် ဥရောပ၏လေကြောင်းရန်ကာကွယ်ရေးကို တိုးမြှင့်လုပ်ဆောင်ရန် အစီအစဉ်များကို ထုတ်ဖော်ပြသခဲ့ချိန်တွင် အနောက်အုပ်စုအနေဖြင့် ယူကရိန်းကို ကူညီခြင်းက ၎င်းတို့သည် ပဋိပက္ခ၏ တိုက်ရိုက်ပတ်သက်နေသည့် အဖွဲ့တစ်ဖွဲ့ဖြစ်လာကြောင်း ရုရှားနိုင်ငံက ပြောကြားခဲ့သည်။ ယူကရိန်းသည် NATO အဖွဲ့သို့ ဝင်ရောက်မည်ဆိုပါက တတိယကမ္ဘာစစ်ကို ဖြစ်ပွားစေနိုင်ကြောင်း သတိပေးထားသည်။

ယူကရိန်းရှိ တစ်စိတ်တစ်ပိုင်းသိမ်းပိုက်ထားသော ဒေသသစ်လေးခုနှင့်ပတ်သက်၍ ရုရှား၏ တရားမဝင်သိမ်းပိုက်ရန်ကြိုးပမ်းမှုကို ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ၁၉၃ နိုင်ငံတွင် ၁၄၃ နိုင်ငံက ရှုတ်ချခဲ့ပြီး ယူကရိန်းက နိုင်ငံအားလုံး အဆိုပါလုပ်ရှားမှုကို အသိအမှတ်မပြုရန် တောင်းဆိုခဲ့သည်။ ရုရှားနိုင်ငံ၏ ထိပ်တန်းသံတမန် Sergei Lavrov က အဆိုပါ ဆုံးဖြတ်ချက်သည် ရုရှားဆန့်ကျင်ရေးဖြစ်ပြီး သံတမန်ရေးရာအကြမ်းဖက်မှုကို အသုံးပြုရာတွင် အောင်မြင်ခဲ့ကြောင်း ပြောကြားခဲ့သည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် တူရကီနိုင်ငံမှ RecepTayyip Erdogan တို့ အောက်တိုဘာ ၁၃ ရက်တွင် ကာဇက်စတန်နိုင်ငံ၌ တွေ့ဆုံဆွေးနွေးခဲ့သည်။

အောက်တိုဘာ ၁၃ ရက် အစောပိုင်းတွင် ရုရှားမောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်မှုသုံးခုသည် Kyiv ဒေသရှိ အရေးပါသော အခြေခံအဆောက်အအုံများကို ထိခိုက်ပျက်စီးခဲ့ကြောင်းနှင့် "kamikaze မောင်းသူမဲ့လေယာဉ်များဟု အများသိကြသော အသေခံတိုက်ခိုက်ရေးဒရုန်းများ" အသုံးပြု တိုက်ခိုက်လာခြင်းဖြစ်သည်ဟု Kyiv မြို့အုပ်ချုပ်ရေးမှူး Oleksiy Kuleba က ပြောကြားခဲ့သည်။

ရှေ့တန်းမြို့ Avdiivka ရှိ လူစည်ကားသော ဈေးတစ်ခုတွင် ရုရှားတို့၏တိုက်ခိုက်မှုတစ်ခုအတွင်း အနည်းဆုံး ခုနစ်ဦးသေဆုံးပြီး ရှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ယူကရိန်းနိုင်ငံ အရှေ့ပိုင်း Donetsk ဒေသအုပ်ချုပ်ရေးမှူးက ပြောကြားခဲ့သည်။

Kyiv သည် ၎င်း၏ ခန့်မှန်းဘတ်ဂျက်လိုငွေပြမှုကိုကာမိရန် ဒေါ်လာ ၅၅ ဘီလီယံခန့်လိုအပ်ပြီး ကျောင်းများ၊ အိမ်ရာနှင့် စွမ်းအင်ဆိုင်ရာ အဆောက်အအုံများအပါအဝင် အရေးကြီးသော အခြေခံအဆောက်အအုံများ ပြန်လည်တည်ဆောက်ရန် လိုအပ်သည်ဟု သမ္မတ Volodmyr Zelenskyy က ပြောကြားလိုက်သည်။

ရုရှား၏ အောက်တိုဘာ ၁၀ ရက်နှင့် အောက်တိုဘာ ၁၁ ရက်က ဒုံးကျည်ဖြင့် တိုက်ခိုက်မှုများတွင် ယူကရိန်း၏ စွမ်းအင်အခြေခံအဆောက်အအုံ၏ ၃၀ ရာခိုင်နှုန်းခန့်ကို ထိမှန်ပျက်စီးခဲ့ကြောင်း ယူကရိန်းနိုင်ငံစွမ်းအင်ဝန်ကြီး၏ပြောကြားချက်အရ သိရသည်။ သို့သော် အောက်တိုဘာ ၁၃ ရက်တွင် နိုင်ငံတစ်ဝန်း လျှပ်စစ်ဓာတ်အားအများအပြား ပြန်လည်ရရှိခဲ့သည်ဟု သိရသည်။

အိမ်နီးချင်း ယူကရိန်းနိုင်ငံတွင် ချူကလီးယားဓာတ်အားပေးစက်ရုံ မတော်တဆမှုဖြစ်မည်ကို စိုးရိမ်နေသည့်အတွက် ပိုလန်နိုင်ငံသားများသည် အိုင်အိုဒင်းဆေးပြားများ စုဆောင်းနေကြသည်။ အိုင်အိုဒင်းဆေးပြားများသည် ခန္ဓာကိုယ်၏ ရေဒီယိုသတ္တိကြွမှုနှင့် ထိတွေ့မှုကို တားဆီးပေးသည့် ဆေးပြားများဖြစ်ပြီး ဝါဆော (Warsaw) သည် ကြိုတင်ပြင်ဆင်မှုအဖြစ် နိုင်ငံတစ်ဝန်းတွင် အိုင်အိုဒင်းဆေးပြား အခမဲ့ဖြန့်ဖြူးရေးနေရာများကို ဖွင့်လှစ်ထားကြောင်း သိရသည်။

ယူကရိန်းမြို့တော်နှင့် မြို့ပေါင်း ၄၀ ကျော်ကို ရုရှားဒုံးကျည်များ အောက်တိုဘာ ၁၃ ရက်က ထိမှန်ခဲ့ပြီးနောက် Kyiv သို့ စစ်ဘက်ဆိုင်ရာအကူအညီများ ထပ်မံပေးအပ်ရန်နှင့် ဥရောပ၏ လေကြောင်းရန်ကာကွယ်ရေးကို အားကောင်းစေမည့် အစီအစဉ်များ ထုတ်ဖော်ပြသရန် NATO မဟာမိတ်နိုင်ငံများ ဘရပ်ဆဲလ်တွင် တွေ့ဆုံစဉ် ကတိပြုပြောကြားခဲ့ကြသည်။

အောက်တိုဘာ ၁၃ ရက်တွင် ရုရှားဒုံးကျည်များက လူသူအခြေချနေထိုင်ရာနေရာ ၄၀ ကျော်ကို ထိမှန်ခဲ့ပြီး ယူကရိန်းလေတပ်က ရုရှားပစ်မှတ် ၂၅ ခုကို ၃၂ ကြိမ်တိုက်ခိုက်ခဲ့ကြောင်း ယူကရိန်းစစ်ဘက်၊ စစ်ဦးစီးချုပ်က ပြောကြားခဲ့သည်။ တောင်ပိုင်းဆိပ်ကမ်းမြို့ Mykolaiv တွင် ကြီးမားသော ဗုံးကြဲတိုက်ခိုက်မှုခံခဲ့ရသည်ဟု ၎င်းကဆိုသည်။ "အရပ်သား အခြေခံအဆောက်အအုံတွေ အများအပြားထိမှန်ခဲ့ကြောင်း သိရပါတယ်"ဟု ဒေသဆိုင်ရာအုပ်ချုပ်ရေးမှူး Vitaly Kim က ဆိုရှယ်မီဒီယာ ပို့စ်တစ်ခုတွင် ရေးသားခဲ့သည်။

NATO က Kyiv ၏ လက်နက်အရန်အင်အားများ အားကောင်းလာစေရန် ပံ့ပိုးပေးအပ်သွားမည်ဟူသော ကတိကဝတ်သည် အနောက်တိုင်းနိုင်ငံများက ၎င်းတို့သည် ပဋိပက္ခကို တိုက်ရိုက်ပါဝင်ပတ်သက်နေမှုအပေါ် သက်သေပြနေခြင်းဖြစ်ကြောင်း မော်စကိုက ပြင်းပြင်းထန်ထန်သတိပေးလိုက်သည်။ ယူကရိန်းအား အနောက်နိုင်ငံများ၏ စစ်ရေးမဟာမိတ်အဖြစ် သတ်မှတ်ဝန်ခံလိုက်ခြင်းဖြင့် မဟာမိတ်အဖွဲ့သည် အန္တရာယ်ကြီးသော တတိယကမ္ဘာစစ်ကို ဖြစ်သွားစေနိုင်ကြောင်း သတိပေးခဲ့သည်။

**Ukraine conflict – day 232: Moscow warns of World War III, NATO vows to defend territory** ကို ဘာသာပြန်ဆိုထားပါသည်။

## NATO က ရုရှားနှင့် အီရန်ဒရုန်းများကို တန်ပြန်တိုက်ခိုက်ရန် ယူကရိန်းသို့ ရာနှင့်ချီသောဒရုန်းဂျမ်မာများ ပံ့ပိုးပေးမည်



NATO မဟာမိတ်အဖွဲ့၏ ကာကွယ်ရေးနှင့် အဟန့်အတားများကို အားကောင်းစေပြီး အရေးပါသောအခြေခံအဆောက်အအုံများ ကာကွယ်ရေးကို တိုးမြှင့်လုပ်ဆောင်နေချိန်တွင် ယူကရိန်းနိုင်ငံအတွက် NATO ကို ပံ့ပိုးကူညီမှုများ ပိုမိုတိုးမြှင့်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း NATO အထွေထွေအတွင်းရေးမှူးချုပ် Jens Stoltenberg က ပြောကြားခဲ့သည်။

နှစ်ရက်ကြာ ကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးအပြီးတွင် Jens Stoltenberg က ယူကရိန်းရှိဒေသလေးခုကို တရားမဝင်သိမ်းပိုက်ရန် ရုရှား၏ကြိုးပမ်းမှုကို ကုလသမဂ္ဂအထွေထွေညီလာခံက ရှုတ်ချလိုက်မှုအပေါ် ချီးကျူးခဲ့သည်။

"ရုရှားဟာ အထီးကျန်ဖြစ်ပြီး ကမ္ဘာက ယူကရိန်းနဲ့အတူ ရပ်တည်ကြောင်း ရှင်းရှင်းလင်းလင်းနဲ့ခိုင်မာတဲ့သတင်းစကားပဲ"ဟု ၎င်းကပြောကြားခဲ့ပြီး NATO သည် ပဋိပက္ခတွင် ပါဝင်သည့်အဖွဲ့မဟုတ်သော်လည်း မဟာမိတ်နိုင်ငံများက ယူကရိန်းကို အချိန်ကြာကြာ ဆက်လက်ထောက်ခံနေမည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

ယူကရိန်းနိုင်ငံကာကွယ်ရေးကို ပိုမိုမြှင့်တင်ရန် NATO သည် ရုရှားနှင့် အီရန်လုပ်ဒရုန်းများကို တိုက်ခိုက်ရာတွင် အသုံးပြုရန်အတွက် ယူကရိန်းသို့ ရာနှင့်ချီသော ဒရုန်းဂျမ်မာများကို မကြာမီပံ့ပိုးပေးမည်ဖြစ်ကြောင်း အတွင်းရေးမှူးချုပ်က ကြေညာခဲ့သည်။ လတ်တလော ရုရှား၏ ချူကလီးယားခြိမ်းခြောက်မှုများကို ကိုင်တွယ်ဖြေရှင်းရာတွင် သမ္မတပူတင်၏ ချူကလီးယားနှင့်ပတ်သက်၍ သတိပေးထားမှုသည် အန္တရာယ်ရှိပြီး တာဝန်မဲ့ကြောင်းနှင့် ရုရှား၏ ချူကလီးယားလက်နက်အသုံးပြုမှုတိုင်းသည် ပြင်းထန်သောအကျိုးဆက်များရှိလာမည်ဖြစ်ကြောင်း အထွေထွေအတွင်းရေးမှူးချုပ်က ရှင်းလင်းပြောကြားခဲ့သည်။ NATO သည် ၎င်း၏ နှစ်စဉ်ပုံမှန် ချူကလီးယားကြိုတင်ပြင်ဆင်ရေးလေ့ကျင့်ခန်းကို လာမည့်သီတင်းပတ်တွင် ကျင်းပမည်ဖြစ်ကြောင်း Jens Stoltenberg ကပြောကြားပြီး စစ်ရေးလေ့ကျင့်မှုပြုလုပ်ရန်စီစဉ်မှုသည် လွန်ခဲ့သည့်လများစွာကတည်းက စတင်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယူကရိန်းသို့ မဟာမိတ်နိုင်ငံများက စစ်လက်နက်များ လအတန်ကြာ တင်ပို့ရောင်းချမှုများ ပြုလုပ်ခဲ့ပြီးနောက် ၎င်းတို့၏ စစ်လက်နက်များ သိုလှောင်မှုတိုးမြှင့်လုပ်ဆောင်သွားကြရန် ဆုံးဖြတ်ချက်များချမှတ်ခဲ့သည်။ ၎င်းတွင် ထုတ်လုပ်မှုမြှင့်တင်ရန်နှင့် ရေရှည်လိုအပ်ချက်အတွက် စက်မှုလုပ်ငန်း ပံ့ပိုးဆောင်ရွက်မှုများ ပါဝင်သည်ဟု Jens Stoltenberg က ပြောကြားခဲ့သည်။ အရေးပါသော ရေအောက်နှင့် စွမ်းအင်ဆိုင်ရာ အခြေခံအဆောက်အအုံများကို ကာကွယ်ရေးစွမ်းရည် ပိုမိုမြှင့်တင်ရန်လည်း သဘောတူညီခဲ့ကြသည်။ Nord Stream ပိုက်လိုင်းများ အဖျက်အဆီးခံရပြီးနောက် NATO သည် ဘောလ်တစ်နှင့် မြောက်ပင်လယ်တို့တွင် ၎င်း၏တည်ရှိမှုကို နှစ်ဆတိုး၍ ရေကြောင်းကင်းလှည့်လေယာဉ်နှင့် ပင်လယ်ရေအောက်စွမ်းဆောင်ရည်များဖြင့် ပံ့ပိုးပေးကာ စစ်သင်္ဘောအစင်း ၃၀ ထိ ထားရှိခဲ့သည်။

**NATO to provide Ukraine with hundreds of dronejammers for use against Russian and Iranian drones and speed up delivery of Allied arms shipments to Ukraine** ကို ဘာသာပြန်ဆိုပါသည်။

မင်းမျိုး

# လေထုညစ်ညမ်းမှုက အဝလွန်နေသူများကို ကိုယ်ခန္ဓာအလေးချိန် ပိုမိုမြင့်တက်စေနိုင်



**ဝါရှင်တန် အောက်တိုဘာ ၁၆**

အမေရိကန်နိုင်ငံ မီချီဂန်ပြည်နယ်အခြေစိုက် မီချီဂန်တက္ကသိုလ်မှ သုတေသီများအသင်းက လေထုညစ်ညမ်းမှုနှင့်ပတ်သက်ပြီး သုတေသနပြုလုပ်ခဲ့ရာတွင် လေထုညစ်ညမ်းမှုကြောင့် အဝလွန်နေသူများကို ကိုယ်အလေးချိန်ပိုမို၍ မြင့်တက်စေနိုင်ကြောင်း သုတေသနရလဒ်များနှင့်တကွ အောက်တိုဘာ ၁၅ ရက်တွင် ထုတ်ပြန်ခဲ့သည်ဟု Study Finds သတင်းဌာနက ယနေ့ရေးသားဖော်ပြခဲ့သည်။

မီချီဂန်တက္ကသိုလ်မှ သုတေသီများ၏သုတေသနအရ အဝလွန်သူများကို ကိုယ်အလေးချိန်ပိုမို၍မြင့်တက်စေနိုင်ကြောင်း သုတေသနရလဒ်အသစ်များ ထပ်မံထွက်ပေါ်လာခဲ့ပြီးနောက် အဝလွန်နေသူများအနေဖြင့် လေထုညစ်ညမ်းမှုဖြစ်ပေါ်နေသည့်ဧရိယာများတွင် နေထိုင်ရန်မသင့်တော်ကြောင်း မီချီဂန်တက္ကသိုလ်မှ သုတေသီများက ထုတ်ပြန်ခဲ့သည်။

“အသက် ၄၀ နှစ်နဲ့ အသက် ၅၀ အရွယ် အမျိုးသမီးတွေဟာ လေထုညစ်ညမ်းမှု ဖြစ်ပွားနေတဲ့ဧရိယာအတွင်းမှာ ကာလရှည်နေထိုင်မယ်ဆိုရင် ကိုယ်ခန္ဓာအရွယ်အစား ပိုကြီးမားလာစေသလို အဝလွန်တဲ့ အမျိုးသမီးတွေအနေနဲ့လဲ ကိုယ်အလေးချိန်ပိုပြီးတော့ မြင့်တက်လာမှာဖြစ်ပါတယ်။ လေထုအတွင်းပါဝင်နေတဲ့ အမှုန်တွေ၊ နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်တွေကြောင့် ရှိသင့်ရှိထိုက်တဲ့ကိုယ်ခန္ဓာအချိုးအစားထက် ပိုပြီးတော့ ကြီးမားလာစေသလို အဝလွန်နေတဲ့ အမျိုးသမီးတွေလဲ ပိုပြီးတော့ ဝလာတာကိုတွေ့ရတယ်။ BMI မကိုက်ညီတဲ့ အမျိုးသမီးတွေအနေနဲ့ လေထုညစ်ညမ်းမှု ဖြစ်ပေါ်နေတဲ့ ဧရိယာအတွင်းမှာ လုံးဝမနေသင့်ပါဘူး”ဟု မီချီဂန်တက္ကသိုလ် သုတေသီအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ သုတေသီ ကျင်ဝမ်က ပြောကြားခဲ့သည်။

လေထုညစ်ညမ်းမှုနှင့်ပတ်သက်၍ နိုင်ငံအသီးသီးမှ သုတေသီများက သုတေသနပြုလုပ်ခဲ့ရာတွင် လေထုညစ်ညမ်းမှုကြောင့် ဦးနှောက်၊ နှလုံး၊ ကျောက်ကပ်၊ အဆုတ်နှင့် အသက်ရှူလမ်းကြောင်းမှုဆိုင်ရာ ရောဂါဝေဒနာများကို ခံစားရနိုင်ပြီး ကိုယ်ဝန်ဆောင်မိခင်များကိုလည်း မွေးဖွားရခက်စေသလို သန္ဓေသားကိုလည်း ထိခိုက်စေနိုင်ကြောင်း သုတေသနရလဒ်များဖြင့် အသီးသီး ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**စိုင်းဆက်**

# ဂရိနိုင်ငံ ခရိကျွန်းတွင် မိုးရွာသွန်းမှုကြောင့် လေယာဉ်ကွင်းရေနစ်မြုပ်၍ ခရီးစဉ်များရပ်ဆိုင်းထားရ

**အေသင် အောက်တိုဘာ ၁၆**

ဂရိနိုင်ငံ ခရိကျွန်းတွင် ရုတ်တရက် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အနည်းဆုံးလူတစ်ဦးသေဆုံးပြီး လေယာဉ်ကွင်းရေနစ်မြုပ်နေ၍ လေယာဉ်ခရီးစဉ်များ ရပ်ဆိုင်းထားရကြောင်း စကိုင်းနယူးသတင်းဌာနက ယနေ့ရေးသားဖော်ပြထားသည်။

အောက်တိုဘာ ၁၅ ရက်က အင်အားပြင်း မုန်တိုင်းတိုက်ခတ်မှုကြောင့် ဂရိနိုင်ငံ ခရိကျွန်းတွင် မိုးသည်းထန်စွာရွာသွန်းခဲ့ရာ Heraklion အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပြေးလမ်းများနစ်မြုပ်ခဲ့ပြီးနောက် လေယာဉ်ခရီးစဉ်များ ရပ်နားထားခဲ့ရကြောင်း၊ ရေနစ်မြုပ်မှုကြောင့် အမျိုးသားတစ်ဦး ရေနစ်သေဆုံးကာ ကားများအတွင်း ပိတ်မိနေသူ အများအပြားကို ရှာဖွေကယ်ဆယ်လျက်ရှိကြောင်း ဒေသဆိုင်ရာ မီးသတ်တပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ခရိကျွန်းပေါ်ရှိ မြစ်များ အားလုံးရေလျှံခဲ့ပြီး ခရိ၏မြို့တော် Heraklion မြို့၏အနောက်မြောက်ဘက် ၁၆ မိုင်အကွာတွင်ရှိသော Agia Pelagia ကမ်းလွန်ပင်လယ်အတွင်း ကားအမြောက်အမြားမျောပါလျက်ရှိကြောင်း သိရသည်။

ဂရိကမ်းရိုးတန်းစောင့်တပ်နှင့် မီးသတ်ဌာန၏အထူးဘေးအန္တရာယ်ဆိုင်ရာတပ်ဖွဲ့တို့မှ ရေငုပ်သမားများသည် ကားအတွင်းပိတ်မိနေသူများကို ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိစဉ် အသက် ၅၀ အရွယ် အမျိုးသားတစ်ဦး၏ ရုပ်အလောင်းကိုတွေ့ရှိခဲ့ရကြောင်း၊ အခြားပိတ်မိနေသူ အများအပြားကိုလည်း ကယ်တင်နိုင်ခဲ့ကြောင်း ပြောကြားခဲ့သည်။

မြို့တော်၏လမ်းများမှာ ရေပြည့်လျှံနေပြီး အပြည်ပြည်ဆိုင်ရာ လေဆိပ် ပြေးလမ်းများမှာလည်း ရေအောက်သို့ ရောက်ရှိနေရာ “လေယာဉ်ခရီးစဉ်တွေ ဘယ်အချိန် ပြန်စနိုင်မလဲဘယ်သူမှ အတိအကျမပြောနိုင်သေးပါဘူး”ဟု လေဆိပ်မန်နေဂျာ ဂျော့ပလီရာကာကစ်က ပြောကြားခဲ့ကြောင်း သိရသည်။

**AZH**

# သီရိလင်္ကာနိုင်ငံတွင် ရာသီဥတုဖောက်ပြန်မှုဒဏ်ကို အဆိုးရွားဆုံးရင်ဆိုင်နေရ

**ကိုလံဘို အောက်တိုဘာ ၁၆**

ဆွစ်ဇာလန်နိုင်ငံ အခြေစိုက် သဘာဝဘေးအန္တရာယ်လျှော့ချရေးဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂရုံးက မှတ်တမ်းများအရ သီရိလင်္ကာနိုင်ငံတွင် ရာသီဥတုဖောက်ပြန်မှုပြဿနာဖြင့် အဆိုးရွားဆုံးရင်ဆိုင်နေရသည့် နိုင်ငံဖြစ်ကြောင်း ထုတ်ပြန်သွားခဲ့သည်ဟု Daily News သတင်းဌာနက ယနေ့ရေးသားဖော်ပြခဲ့သည်။

သီရိလင်္ကာနိုင်ငံသည် ပါကစ္စတန်နိုင်ငံကဲ့သို့ပင် သဘာဝဘေးအန္တရာယ်များဖြင့် နှစ်စဉ်နှစ်တိုင်းရင်ဆိုင်နေရသည့်အတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်သွားရမည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း သဘာဝဘေးအန္တရာယ်လျှော့ချရေးဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂရုံးက ထုတ်ပြန်ခဲ့သည်။

“သီရိလင်္ကာနိုင်ငံဟာ ပါကစ္စတန်နိုင်ငံလိုမျိုးပဲ ရာသီဥတုဖောက်ပြန်မှုပြဿနာနဲ့ ဆက်တိုက်ရင်ဆိုင်နေရတဲ့ နိုင်ငံဖြစ်ပါတယ်။ သီရိလင်္ကာနိုင်ငံအနေနဲ့ ရေရှည်တည်တံ့ခိုင်မြဲတဲ့ ရာသီဥတုဖောက်ပြန်မှုတိုက်ဖျက်ရေးစီမံချက်တွေကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့လို အပ်နေပါတယ်။ သဘာဝဘေးအန္တရာယ်တွေကြောင့် နှစ်စဉ်နှစ်တိုင်း မလိုလားအပ်တဲ့ဆုံးရှုံးမှုတွေနဲ့ ရင်ဆိုင်နေရတယ်။ ပျက်စီးဆုံးရှုံးခဲ့ရတဲ့ပမာဏကလဲ တော်တော်လေးများနေတယ်။ ရာသီဥတု ဖောက်ပြန်မှုကြောင့် သီရိလင်္ကာနိုင်ငံရဲ့စီးပွားရေးကဏ္ဍဟာလဲ သိသိသာသာ ယိုယွင်းလာတာ တွေ့ရတယ်။ သီရိလင်္ကာနိုင်ငံရဲ့ ရာသီဥတုဖောက်ပြန်မှုနှုန်းကို စစ်တမ်းကောက်ကြည့်တော့ ရာသီဥတုဖောက်ပြန်မှုပြဿနာနဲ့ အဆိုးရွားဆုံးနိုင်ငံစာရင်းမှာ ထိပ်ဆုံး ၁၀ နိုင်ငံစာရင်းမှာလဲ နှစ်စဉ်နှစ်တိုင်းပါဝင်နေတာတွေ့ရတယ်။ အနာဂတ်အတွက် ရာသီဥတုဖောက်ပြန်မှုတိုက်ဖျက်ရေး လုပ်ငန်းတွေကို အရှိန်အဟုန်နဲ့ အရေးပေါ်ဆောင်ရွက်သွားဖို့ လိုအပ်နေပါပြီ”ဟု သဘာဝဘေးအန္တရာယ်လျှော့ချရေးဆိုင်ရာ ကမ္ဘာ့ကုလ သမဂ္ဂရုံးမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။



**စိုင်းဆက်**

# ဗစ်တိုးရီးယားပြည်နယ်မြောက်ဘက်ပိုင်းရှိ ဒေသများကို ရေဘေးအန္တရာယ်အရေးပေါ်သတ်မှတ်ထား

**ကင်ဘာရာ အောက်တိုဘာ ၁၆**

ဩစတြေးလျနိုင်ငံ ဗစ်တိုးရီးယားပြည်နယ်တွင် ရေကြီးရေလျှံမှုဖြစ်ပွားနေပြီး ဗစ်တိုးရီးယားပြည်နယ် မြောက်ဘက်ပိုင်းတွင် အောက်တိုဘာ ၁၅ ရက်မှစတင်၍ ရေကြီးရေလျှံမှုအခြေအနေဆိုးရွားလာခဲ့ပြီး ပြည်နယ်အာဏာပိုင်အဖွဲ့အစည်းက အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ထားကြောင်း 9News သတင်းဌာနက ယနေ့ရေးသားဖော်ပြခဲ့သည်။

ဗစ်တိုးရီးယားပြည်နယ်တွင် အများပြည်သူပိုင်ပစ္စည်းနှင့် အဆောက်အအုံ ၇၉၅၀ ထိ ရေဘေးအန္တရာယ်ဖြင့်ရင်ဆိုင်နေရခြင်းဖြစ်ပြီး ဗစ်တိုးရီးယားပြည်နယ် မြောက်ဘက်ပိုင်းတွင်နေထိုင်သော ဒေသခံများကို အရေးပေါ်အခြေအနေဖြင့် ဘေးလွတ်ရာရွှေ့ပြောင်းရန် ဗစ်တိုးရီးယားပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

ရေကြီးရေလျှံမှုဖြစ်ပွားနေသည့် ဧရိယာများတွင် ကယ်ဆယ်ရေးဝန်ထမ်းများနှင့် ဒေသခံပြည်သူတို့ ပူးပေါင်းကာ သဲအိတ်များဖြင့် ရေကြီးရေလျှံမှု အကာအကွယ်များ ပြုလုပ်ထားသော်လည်း မြစ်ရေလျှံတက်မှု အရှိန်မြင့်တက်လာသည့်အတွက် သဲအိတ်များ ရေစီးဒဏ်ကို မခံနိုင်သည့် အခြေအနေရောက်ရှိနေကြောင်း၊ ရေဘေးအန္တရာယ်အခြေအနေ ပိုမိုဆိုးရွားလာသည့်အတွက် အီချူကာကျေးလက်ဒေသတွင် နေထိုင်သည့်ဒေသခံဦးရေ ၁၀၀၀ ကျော်ကိုလည်း ဘေးလွတ်ရာရွှေ့ပြောင်းရန် ဗစ်တိုးရီးယားပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက အရေးပေါ်သတိပေးချက်ထုတ်ပြန်ခဲ့ရသည်။

သို့သော်လည်း ရေကြီးရေလျှံမှုကြောင့် လမ်းမကြီးများ ပျက်စီးကာ မြေပြိုကျမှုများကြောင့် လမ်းပိတ်ဆို့မှုများ ဖြစ်ပေါ်နေသည့်အတွက် ဒေသခံများမှာ ဘေးလွတ်ရာ ရွှေ့ပြောင်းရန် လမ်းပန်းဆက်သွယ်ရေး အခက်အခဲများရှိနေကြောင်း၊ ထို့ကြောင့် အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့အစည်းက ရဟတ်ယာဉ်များ အသုံးပြုကာ ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းပေးလျက်ရှိကြောင်း၊ ရေကြီးရေလျှံမှုကြောင့် ဗစ်တိုးရီးယားပြည်နယ်တွင် နေအိမ် ၆၀၀၀ ကျော်ထိ လျှပ်စစ်မီးပြတ်တောက်မှုများဖြင့် ရင်ဆိုင်နေရကြောင်း သိရသည်။ **စိုင်းဆက်**

## ငလျင်လှုပ်ပြီးနောက် ပြုလုပ်ရန်အချက်များ

၁။ မိမိ၏ မိသားစုဝင်များကို စစ်ဆေးပါ။ မိသားစုဝင်များပျောက်ဆုံးသွားပါက သက်ဆိုင်ရာသို့အကြောင်းကြားပါ။



၂။ ထိခိုက်ဒဏ်ရာရရှိသူများကို စစ်ဆေးပြီး လိုအပ်သော အကူအညီများပေးပါ။



၃။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော သတင်းများကို စဉ်ဆက်မပြတ် နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကိုမျှဝေပါ။ ကောလာဟလ သတင်းများကို မယုံပါနှင့်။



# ကျင့်ကြံလိုက်နာ ဤသုံးဖြာ

**စိန်ငွေးလှိုင်(ဟိုပုံးမြေ)**

> ❖ မြတ်ဘုရားဟောကြားတော်မူခဲ့သောမင်္ဂလသုတ်တော်တွင် "မာတာပိတု ဥပဋ္ဌာနံ၊ ပုတ္တဒါရဿ သင်္ဂဟော။ အနာကုလာ စ ကမ္မန္တာ၊ ဧတံ မင်္ဂလ မုတ္တမံ"ဟုဟောကြားတော်မူခဲ့သည်။ အဓိပ္ပာယ်မှာ အမိအဖတို့ကို လုပ်ကျွေးပြုစုခြင်းသည်လည်းကောင်း၊ သားမယားတို့ကို မြှောက်စားပံ့ပိုးခြင်းသည်လည်းကောင်း၊ ရှုပ်ထွေးခြင်းကင်းသောအလုပ်တို့ကို အားထုတ်ခြင်းသည်လည်းကောင်း ဤတရားစုများသည် အတုယူနိုင်သောကြီးပွားကြောင်းကျင့်ဝတ်များဖြစ်ကြပေသည်။ တစ်နည်းအားဖြင့် လုပ်ကျွေးပြုစုရမည့် ကျင့်ဝတ်တို့ဖြစ်ကြသည်။ ❖

ကျင့်ဝတ်ဆိုသည်မှာ လုပ်ဆောင်ရမည်ဟုပြဋ္ဌာန်းထားသောစည်းကမ်းများဖြစ်သည်။ လူသားတို့သည် အချင်းချင်းအမှီသဟဲပြု၍ နေထိုင်လျက်ရှိရာ လူမှုဆက်ဆံရေးကို နေ့စဉ်ကြုံတွေ့ရ၏။ သက်ဆိုင်ရာကျင့်ဝတ်များအလိုက် ဆောင်ရွက်ပါက သာယာလှပသောလူ့ဘောင်ကို တည်ထောင်နိုင်ကြပေလိမ့်မည်။ ဗုဒ္ဓဘာသာတွင် ရဟန်းများအတွက် ၂၂၇ သွယ်သောသိက္ခာပုဒ်နှင့်ရှင်သာမဏေများအတွက် ၁၀၉ သွယ်သောသိက္ခာပုဒ်တို့ကို ပြဋ္ဌာန်းထားသည်။ ထိုအတူ ပုထုဇဉ်များအတွက် မိဘကျင့်ဝတ် ငါးပါး၊ သားသမီးကျင့်ဝတ် ငါးပါး၊ ဆရာ့ကျင့်ဝတ် ငါးပါးနှင့် တပည့်ကျင့်ဝတ် ငါးပါးစသည်ဖြင့် အမျိုးမျိုးသတ်မှတ်ထားရှိ၏။ မြန်မာလူမျိုးတို့သည် ကျင့်ဝတ်များကိုတန်ဖိုးထားလိုက်နာကြ၏။ မြတ်ဘုရားဟောကြားတော်မူခဲ့သောမင်္ဂလသုတ်တော်တွင် "မာတာပိတု ဥပဋ္ဌာနံ၊ ပုတ္တဒါရဿ သင်္ဂဟော။ အနာကုလာ စ ကမ္မန္တာ၊ ဧတံ မင်္ဂလ မုတ္တမံ"ဟုဟောကြားတော်မူခဲ့သည်။ အဓိပ္ပာယ်မှာ အမိအဖတို့ကို လုပ်ကျွေးပြုစုခြင်းသည်လည်းကောင်း၊ သားမယားတို့ကို မြှောက်စားပံ့ပိုးခြင်းသည်လည်းကောင်း၊ ရှုပ်ထွေးခြင်းကင်းသောအလုပ်တို့ကို အားထုတ်ခြင်းသည်လည်းကောင်း ဤတရားစုများသည် အတုယူနိုင်သောကြီးပွားကြောင်းကျင့်ဝတ်များဖြစ်ကြပေသည်။ တစ်နည်းအားဖြင့် လုပ်ကျွေးပြုစုရမည့်ကျင့်ဝတ်တို့ဖြစ်ကြသည်။

ထိုသို့လုပ်ကျွေးပြုစုရသည့်ကျင့်ဝတ်များအနက် အမိအဖတို့ကို လုပ်ကျွေးပြုစုခြင်းသည် အလွန်အရေးကြီးလှသည်။ အဘယ်ကြောင့်ဆိုသော်ဗုဒ္ဓဘာသာတွင်ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာဟူသော အနန္တောအနန္တငါးပါးသတ်မှတ်ထားရှိရာမိဘများကို ဘုရားနှင့် တစ်ဂိုဏ်းတည်း ထားရှိသောကြောင့်ဖြစ်သည်။ သက်ရှိသတ္တဝါမှန်သမျှ အမိအဖတို့မှ ဆင်းသက်ပေါက်ဖွားလာကြ၏။ ပွင့်တော်မူကုန်သော ဘုရားရှင်တော်တို့သည်ပင် မယ်တော်တို့က ဖွားမြင်သန့်စင်ကြရသည်။ လူသားတို့မှာ အခြားသော သတ္တဝါများထက် အမိအဖ၏စောင့်ရှောက်မှုကိုပိုမို၍ခံယူကြရသည်။ အသက်ကိုရင်း၍ ကိုးလလွယ်ကာ ဆယ်လကြာသောအခါ ဖွားမြင်ပေးရ၏။ ကိုယ်ဝန်ဆောင်မိခင်သည် သချိုင်းကိုတစ်နေ့လျှင်မျက်စောင်းသုံးခါထိုးသည်ဟုလည်း အဆိုရှိခဲ့သည်။ မိခင်၏ သွေးမှမေတ္တာဓာတ်ပေါင်းစပ်ကာ သားသမီးများအတွက် အာဟာရနို့ရည်ကြည်အဖြစ် ပြောင်းလဲပေး၏။ မိခင်က ရင်အုပ်မကွာကြင်နာစွာဖြင့် စောင့်ရှောက်ပေးသကဲ့သို့ ဖခင်ကလည်း သားသမီးတို့၏ ဘဝရှင်သန်ရေးအတွက် ရှန်းကန်လှုပ်ရှားရသည်။ "လက်ဦးဆရာ မည်ထိုက်စွာ၊ ပုဗ္ဗာစရိယ မိနှင့်ဖ"ဆိုသည့် စကားအတိုင်း ငယ်ရွယ်စဉ်ကစ၍ ဆုံးမသွန်သင်ပေး၏။ မကောင်းသည့်အရာများကို မပြုစေဘဲ ကောင်းသည့်အရာများကိုလုပ်ဆောင်တတ်ရန် ညွှန်ကြားဆုံးမခြင်း၊ သားသမီးတို့၏ ဘဝရပ်တည်ရေးအတွက် အတတ်ပညာများကိုသင်ကြားစေခြင်း၊ လုပ်ကိုင်စားသောက်ရန်အတွက် အရင်းအနှီးများထုတ်ပေးခြင်းနှင့် မျိုးနွယ်စဉ်ဆက်မပြတ်ရေးတို့အတွက် လက်ထပ်ထိမ်းမြားပေးခြင်းတို့ကို တာဝန်ကျေပွန်စွာဆောင်ရွက်ပေးသည်။ ထို့ကြောင့် သင်္ဂဇာဆရာတော်ကြီးက "မကောင်းမြစ်ထား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်၊ ဖခင်မယ်တို့တာ"ဟု မိဘကျင့်ဝတ်များကိုရေးစပ်ခဲ့၏။ ထိုကဲ့သို့ ကျေးဇူးကြီးမားမှုကြောင့် သားသမီးတို့သည် မိခင်ဖခင်တို့၏ကျေးဇူးကိုဆပ်သင့်ပေသည်။

ပြုစုလုပ်ကျွေးခြင်းဆိုသည်မှာ အမိအဖတို့၏ စားဝတ်နေရေး၊ အမှုကြီးငယ်ကိစ္စတို့ကိုဆောင်ရွက်ပေးခြင်းဖြစ်၏။ အဝတ်အစားများလျှော်ဖွပ်ပေးခြင်း၊ ရေချိုးသန့်စင်ပေးခြင်း၊ ချေးသေးသုတ်သင်သန့်စင်ပေးခြင်းနှင့် အစားအသောက်များ ကျွေးမွေးခြင်း စသည်တို့သည် ကိုယ်ထိလက်ရောက်ကျေးဇူးဆပ်ခြင်းမည်၍ အကျိုးကြီးမားကာ ကုသိုလ်ရသောအလုပ်များဖြစ်ပေသည်။ ထိုကဲ့သို့ ပြုလုပ်ပေးရန်အခွင့်မသာပါက မိမိတတ်အားသရွေ့ပစ္စည်းငွေများဖြင့် ပံ့ပိုးခြင်း၊ သာကြောင်း၊ မာကြောင်း သတင်းမေး စကားပြောဆိုပေးခြင်းတို့ကို ဆောင်ရွက်ပေးရမည်။ မိဘများကို ဆေးကောင်းဝါးကောင်းများပေး၍ အစားကောင်းများကျွေးပြီး အဝတ်ကောင်းများ ဆင်ယင်ပေးထားခြင်းဖြင့်လည်း မလုံလောက်သေးပေ။ "အိုပယ်"ဆိုသော စကားအတိုင်း အိုမင်းမစွမ်းဖြစ်နေသော မိအိုဖအိုများသည် သားသမီးမြေးများ၏စွန့်ပယ်ထားခြင်းကိုခံရတတ်သည်။ ထိုအချိန်မျိုးတွင် ၎င်းတို့နုပျိုစဉ်က အချိန်များကဲ့သို့ အရောတဝင်နေထိုင်ပေးခြင်း၊ အလေးထားဆက်ဆံပြောဆိုပေးခြင်း၊ ထမင်းအတူလက်ဆုံစားစေခြင်း၊ အဖော်ပြုပေးခြင်းတို့ကို ဆောင်ရွက်ပေးသင့်၏။ အကယ်၍မိဘများတွင် သဒ္ဓါသီလစသည့် သူတော်ကောင်းတရားများ အားနည်းနေပါက သဒ္ဓါသီလရှိလာစေရန် လုပ်ဆောင်ပေးသင့်သည်။ ထိုကဲ့သို့ သူတော်ကောင်းတရားများရှိလာအောင် ဆောင်ရွက်ပေးခြင်းသည် အကောင်းဆုံးကျေးဇူးဆပ်နည်းမည်ကြောင်း ဘုရားရှင်က မိန့်တော်မူခဲ့သည်။

မြန်မာ့ရိုးရာထုံးတမ်းစဉ်လာများအရ မိဘများကွယ်လွန်သောအခါ ကျန်ရှိသည့်စည်းစိမ်ဥစ္စာ အမွေအနှစ်များကို သားသမီးများက ခွဲဝေယူကြ၏။ ရရှိသော အမွေကို မပျောက်ပျက်အောင်၊ တိုးပွားအောင်လုပ်ဆောင်ရမည်မှာ သားသမီးတိုင်း၏ တာဝန်ဖြစ်ပေသည်။ မျိုးနွယ်အစဉ်အလာဂုဏ်သိက္ခာတို့ကိုလည်း လက်ဆင့်ကမ်းထိန်းသိမ်းရမည်။ ဥပမာအနေဖြင့် မင်းမျိုးမင်းနွယ်တို့သည် ထိပ်တင်ဟူသော အမည်နာမကို သားစဉ်မြေးဆက်အမည်ပေးခြင်းမျိုးဖြစ်သည်။ သားသမီးများက အလှူအတန်းပြုလုပ်သောအခါတွင် မိဘများသက်ရှိထင်ရှားရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အမျှအတန်းပေးဝေရမည်။ အချို့ဗုဒ္ဓဘာသာဝင်တို့သည် မိဘများကွယ်လွန်မှသာ အမျှအတန်းပေးဝေရမည်ဟု အမှတ်မှားနေကြ၏။ မိမိပြုလုပ်သော ကုသိုလ်တို့ကို သက်ရှိထင်ရှား မိဘများသို့ အကျိုးအကြောင်းပြောပြ၍ အမျှပေးဝေနိုင်ရာ မိဘများမှာလည်း ဒါနကုသိုလ်များရရှိသွားပေမည်။ ထို့ကြောင့် သင်္ဂဇာဆရာတော်ကြီးက "ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊ လှူမျှဝေ၍၊ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဖွယ်သားတို့တာ" ဟု သားသမီးကျင့်ဝတ်များကို ရေးသားခဲ့သည်။

သားမယားတို့ကို ပံ့ပိုးခြင်းဆိုသည်မှာ မိမိ၏ ဇနီးသားသမီးတို့ကို ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပျော်ရွှင်စေပြီး ချမ်းမြေ့စွာနေထိုင်နိုင်ရေးအတွက် ပြုစုစောင့်ရှောက်ခြင်းကိုခေါ်ဆိုသည်။ အိမ်ထောင်စုတစ်ခုတွင် ခင်ပွန်းဖြစ်သူသည် မိသားစု၏ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ စီးပွားရေး စသည်တို့ကို တာဝန်ယူဆောင်ရွက်ပေးရသူတစ်ဦးလည်းဖြစ်ပေသည်။ မိမိ၏မိသားစုသည် လူလောကတွင် တင့်တောင့်တင့်တယ်နေထိုင်နိုင်ရေးအတွက် ကြိုးပမ်းနေရသူလည်းဖြစ်သည်။ ခင်ပွန်းနှင့် ဇနီးသည် နှစ်ဦးပေါင်းစပ်ကာ ဘဝတစ်ခုကိုတည်ထောင်ခြင်းဖြစ်၍ ဇနီးသည်ကို ယုံကြည်စိတ်ချစွာမြှောက်စားချီးမြှင့်မှသာ အဆင်ပြေချောမွေ့သော မိသားစုတစ်စုဖြစ်ပေလိမ့်မည်။ ဇနီးဖြစ်သူသည် အားနွဲ့သောမိန်းမသားတစ်ဦးဖြစ်ပေရာ မထီမဲ့မြင်မလုပ်သင့်ဘဲ တစ်ဦးနှင့်တစ်ဦးနားလည်မှုဖြင့် ပြုမူနေထိုင်ရမည်။ ရှာဖွေရရှိသောပစ္စည်းငွေတို့ကို ဇနီးမယားထံသို့ အပ်နှင်းရမည်။ နှစ်ဦးစလုံးသည် အိမ်ထောင်ရေးဖောက်ပြန်မှုမရှိဘဲ သစ္စာရှိရှိနေရမည်။ သားသမီးတို့ကိုအဝတ်အစား ရွှေငွေရတနာတို့ဖြင့် ဆင်မြန်းပေးရမည်ဖြစ်ပြီး အကြင်နာတရားထားရှိရမည်။ ထို့ကြောင့် သင်္ဂဇာဆရာတော်ကြီးက "မထေမဲ့ကင်း၊ အပ်နှင်းဥစ္စာ၊ မိစ္ဆာမမှား၊ ဝတ်စားဆင်ယင်၊ မြတ်နိုးကြင်၊ ငါးအင် လင်ကျင့်ရာ"ဟု လင်ကျင့်ဝတ်များကိုရေးသား၍ မိန့်ကြားခဲ့သည်။

အရှုပ်အထွေးမရှိအောင် လုပ်ငန်းဆောင်တာများကို ပြုလုပ်ခြင်းဆိုသည်မှာ မိမိ၏ လုပ်ငန်းအဝဝကို သေသပ်ကျနစွာ အံဝင်ခွင်ကျဖြစ်အောင်လုပ်ဆောင်ခြင်းကိုခေါ်ဆိုသည်။ ထိုကဲ့သို့လုပ်ဆောင်ရာတွင် အလုပ်ချိန်ကို ရှိသေလေးစားခြင်း၊ အလုပ်နှင့်သင့်လျော်အောင်ဆောင်ရွက်ခြင်း၊ မပျင်းမရိဘဲ အလုပ်ခွင်တွင်စိတ်ဝင်စားခြင်း၊ နိုးကြားထကြွလုံ့လစိုက်ခြင်း၊ လုပ်ငန်းဆိုင်ရာပစ္စည်းတို့ကိုလည်းကောင်း၊ အလုပ်ချိန်ကိုလည်းကောင်းအကျိုးရှိအောင်အသုံးပြုနိုင်ခြင်းဟူသည့် အရည်အချင်းများနှင့်ပြည့်စုံအောင် လေ့ကျင့်ဆောင်ရွက်မှသာ စည်းကမ်းတကျဖြစ်ကာ ကြီးပွားတိုးတက်ပေမည်။ မိမိပြုလုပ်သောအသက်မွေးမှုအလုပ်သည် သမ္မာအာဇီဝကြရန်လည်း လိုအပ်၏။ တစ်နည်းအားဖြင့် မှန်ကန်စွာအသက်မွေးခြင်းဖြစ်သည်။ လိမ်လည်ကောက်ကျစ်ခြင်း၊ သေရည်သေရက်၊ လက်နက်ခဲယမ်းမီးကျောက်တို့ကို ရောင်းဝယ်ခြင်းနှင့် သူတစ်ပါးကို ဘေးအန္တရာယ်ဖြစ်စေမည့်လုပ်ငန်းဆောင်တာများဖြင့် အသက်မွေးဝမ်းကျောင်းပြုခြင်းကိုရှောင်ကြဉ်ရမည်။

လူတစ်ဦး၏ အကောင်းဆုံးအရည်အသွေးမှာ မိမိ၏ အသက်အရွယ်၊ ဘဝဖြစ်တည်မှုအလိုက်လူ့ကျင့်ဝတ်များကို လေးစားလိုက်နာခြင်းဖြစ်သည်။ ကျင့်ဝတ်ကောင်းများကို ပြုစုပျိုးထောင်ရယူထားမှုကြောင့် သက်ဆိုင်ရာလူမှုကိစ္စများ၊ အသက်မွေးဝမ်းကျောင်းနှင့်ပတ်သက်သည့် အလုပ်များ၊ စည်းကမ်းလိုက်နာမှုများ၌ ချောမွေ့သက်သာစွာပြုမူဆောင်ရွက်နိုင်သောအကျိုးဆက်များကိုရရှိနိုင်၏။ ထို့ကြောင့်မင်္ဂလသုတ်တော်သည် ရွတ်ဖတ်ပူဇော်ရန်အတွက်သာမကဘဲ လူတို့၏ နှလုံးအိမ်တွင်စွဲမြဲစွာခံယူပြီး အမှန်တကယ်လက်တွေ့လိုက်နာကျင့်ကြံပွားများ အားထုတ်ရန်ဆုံးမထားခြင်းဖြစ်သည်။ လူ့ကျင့်ဝတ်များကို လိုက်နာဆောင်ရွက်ပါက မြင့်မြတ်သောဘဝကိုရရှိမည်မှာ ဧကန်မလွဲဖြစ်ပေသည်။ မြင့်မြတ်ခြင်းဟူသောသဘောတရားမှာ ကိုယ်ကျင့်တရားကောင်းခြင်း၊ စင်ကြယ်ခြင်းတို့ကြောင့် ပေါ်ပေါက်လာသောဂုဏ်ပုဒ်တစ်ခုပင်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါတော့သည်။

**ကိုးကား**

- **သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ ထုတ်ဝေသောဗုဒ္ဓဘာသာကောင်းတစ်ယောက်**
- **သင်္ဂဇာဆရာတော်ကြီး၏ကဗျာများ**

# မင်းဘူးမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းဘူး အောက်တိုဘာ ၁၆**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော သီးကုန်းကျေးရွာအုပ်စု ခရုကန်ကျေးရွာ၌ စီမံကိန်းရန်ပုံငွေ နဝမအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်နှင့် မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ ခရုကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးရခြင်းဖြစ်ကြောင်း၊ စီမံကိန်းရန်ပုံငွေများ မပျောက်ပျက်အောင် ကျေးရွာ ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက စနစ်တကျ ထိန်းသိမ်းရန်၊ အသင်းဝင်များက ချေးထားသော ရန်ပုံငွေများနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်နိုင်ရေး ကြီးကြပ်ဆောင်ရွက်ရန်နှင့် စာရင်းဇယားများ စနစ်တကျ ဆောင်ရွက်ကြရန်လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများ၊ မြစိမ်းရောင် ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက ခရုကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း နဝမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၉ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၃၇ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၇၆ ဦးကို ရန်ပုံငွေကျပ် ၄၅ ဒသမ ၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးအောင်ကိုကိုနှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများ၊ မြစိမ်းရောင် ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့် အသင်းသား၊ အသင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**ဝင်းမာ**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ယခုဘဏ္ဍာနှစ် စက်တင်ဘာလကုန်ထိ မြန်မာနယ်စပ်ကုန်သွယ်ရေးစခန်းများမှ ကုန်သွယ်ရေးပိုငွေ အမေရိကန်ဒေါ်လာ ၁၈၄၄ ဒသမ ၆၉၆ သန်း ရရှိအောင်ဆောင်ရွက်နိုင်ခဲ့




**နေပြည်တော် အောက်တိုဘာ ၁၆**

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် စက်တင်ဘာလကုန်ထိ မြန်မာနယ်စပ်ကုန်သွယ်ရေးစခန်းများမှ ကုန်သွယ်ရေးပိုငွေ အမေရိကန်ဒေါ်လာ ၁၈၄၄ ဒသမ ၆၉၆ သန်းရရှိအောင်ဆောင်ရွက်နိုင်ခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ စက်တင်ဘာလလကုန်ထိ နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၄၀၂၆ ဒသမ ၇၅၄ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ပို့ကုန် အမေရိကန်ဒေါ်လာ ၂၉၃၅ ဒသမ ၇၂၅ သန်း၊ သွင်းကုန်အမေရိကန်ဒေါ်လာ ၁၀၉၁ ဒသမ ၀၂၉ သန်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် အဆိုပါကာလအတွင်း မြန်မာနယ်စပ်ကုန်သွယ်ရေးစခန်းများမှ ကုန်သွယ်ရေးပိုငွေ အမေရိကန်ဒေါ်လာ ၁၈၄၄ ဒသမ ၆၉၆ သန်း ရရှိအောင် ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ပို့ကုန်အမေရိကန်ဒေါ်လာ ၁၈၄၈ ဒသမ ၉၃၁ သန်း၊ သွင်းကုန်အမေရိကန်ဒေါ်လာ ၈၇၀ ဒသမ ၅၇၈ သန်းဖြင့် ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၉၇၈ ဒသမ ၃၅၃သန်းရရှိအောင် ဆောင်ရွက်နိုင်ခဲ့သည်။

ထို့အတူ မြန်မာ-တရုတ် နယ်စပ် ကုန်သွယ်ရေးစခန်းများမှ ပို့ကုန်အမေရိကန်ဒေါ်လာ ၁၀၆၄ ဒသမ ၃၇၁ သန်း၊ သွင်းကုန် အမေရိကန် ဒေါ်လာ ၂၁၆ ဒသမ ၆၅၈ သန်းဖြင့် ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၈၄၇ ဒသမ ၇၁၃ သန်း၊ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ပို့ကုန် အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၅၇၉ သန်း၊ သွင်းကုန်အမေရိကန်ဒေါ်လာ သုည ဒသမ ၀၃၂ သန်းဖြင့် ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၅၄၇ သန်းနှင့် မြန်မာ-အိန္ဒိယနယ်စပ်ကုန်သွယ်ရေးစခန်းများမှပို့ကုန်အမေရိကန်ဒေါ်လာ ၅ ဒသမ ၈၄၄ သန်း၊ သွင်းကုန် အမေရိကန် ဒေါ်လာ ၃ ဒသမ ၇၆၁ သန်းဖြင့်ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၈၃ သန်းရရှိအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

SKL

## သံတောင်ကြီးမြို့နယ် မယ်ဇလီကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သံတောင်ကြီး အောက်တိုဘာ ၁၆**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာ စီမံကိန်းဝင်ကျေးရွာဖြစ်သည့် မယ်ဇလီကုန်းကျေးရွာကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဆဋ္ဌမအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက် ၉ နာရီက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဖြူမျိုးသွယ်နှင့် ဝန်ထမ်းများက ကျေးလက်နေပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေး အခက်အခဲများကို ကူစားပေးနိုင်ရန်နှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ပြောကြားပြီး ဝန်ထမ်းများက ရန်ပုံငွေများ စနစ်တကျလွှဲပြောင်းပေးအပ်ကြသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆဋ္ဌမအကြိမ်အဖြစ် သံတောင်ကြီးမြို့နယ် မယ်ဇလီကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၅ ဦးအတွက် ငွေကျပ် ၁၇၃ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦးအတွက် ငွေကျပ် ၆၉ သိန်း၊ အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ ၁၆ ဦးအတွက် ငွေကျပ် ၁၃၅ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၃ ဦးအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၇၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကျော်ဦး**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# ငပုတောမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၁၈၆ ဧက စိုက်ပျိုးမည်



**ငပုတော အောက်တိုဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်တွင် လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ်သီး ၁၈၆ ဧက လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

လာမည့်ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် ငပုတောမြို့နယ်၌ ငရုတ်သီးနှံ ၁၈၆ ဧကကို နိုဝင်ဘာလတွင် စိုက်ကွက်ပေါင်ဖော်မြေပြုပြင်မှုများပြုလုပ်ခဲ့ပြီး ဒီဇင်ဘာလ ပထမပတ်တွင် စတင်စိုက်ပျိုးမည်ဖြစ်ကြောင်း၊ အဆိုပါ ငရုတ်များကို ဒေသများရှိ စိုက်ပျိုးရေးသီးနှံဆိုင်များတွင် ထိုင်ဝမ်ငရုတ်မျိုးစေ့ ဝယ်ယူပြီး တောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ပူးပေါင်း၍ စနစ်တကျ ပျိုးထောင်စိုက်ပျိုးမည်ဖြစ်ပြီး စိုက်ပျိုးမည့်ငရုတ်မျိုးများသည် သက်တမ်းတိုပြီး အထွက်နှုန်းကောင်းသဖြင့် ကာလတိုအတွင်း ငွေပြန်ဝင်မည်ဖြစ်ကြောင်း သိရသည်။

"ငရုတ်သီးနှံကို နှစ်စဉ်ဆောင်းကာလမှာ စိုက်ပျိုးပါတယ်။ ငရုတ်သီးနှံက ဒေသခံတွေအတွက် အထူးတလည် သင်တန်းပေးတာတို့ နည်းပညာပေးတာတို့ ဆောင်ရွက်စရာမလိုတဲ့သီးနှံဖြစ်ပါတယ်။ လာမဲ့ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ငရုတ်သီးသန့် ၁၈၆ ဧကထိ စိုက်ဖို့လျာထားပြင်ဆင်နေပါတယ်။ ဒီနှစ် ငရုတ်လိုအပ်ချက်ကလဲ ရှိနေတဲ့အတွက် စိုက်တဲ့တောင်သူတွေ အဆင်ပြေမဲ့နှစ်ဖြစ်ပါတယ်။ ငရုတ်သီးဈေး လက်ရှိဈေးထက်မကျဘူးဆိုရင် စိုက်တဲ့သူအားလုံး ပိုအဆင်ပြေမှာဖြစ်ပါတယ်။ စိုက်ပျိုးရေးဌာနအနေနဲ့ကတော့ စိုက်ပျိုးသူတောင်သူတွေနဲ့ တွေ့ဆုံပြီး နည်းပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ငပုတောမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ်သီးကို တောင်သူတစ်ဦးလျှင် တစ်ဧကမှ သုံးဧကထိ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါဒေသတွင်ထွက်ရှိသည့် ငရုတ်သီးများကို နှစ်စဉ် ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချကြကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မိုင်းပျဉ်းမြို့နယ် နားလန်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**မိုင်းပျဉ်း အောက်တိုဘာ ၁၆**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံခရိုင် မိုင်းပျဉ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်နေပြည်သူများ၏ လယ်ယာထုတ်ကုန်များ ဈေးနှုန်းသက်သာစွာဖြင့် ဈေးကွက်သို့လွယ်ကူလျင်မြန်စွာ ပို့ဆောင်နိုင်စေရန်ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် နားလန်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကျိုင်းတုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းနိုင်၊ မိုင်းပျဉ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းလောင်မှိုင်းနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများနှင့်အတူ နားလန်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ဆွေးနွေးမှာကြားခဲ့သည်။



အဆိုပါကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း အရှည် တစ်မိုင် နှစ်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့်ကိုးလက်မရှိ ကျောက်ရောမြေခင်းခြင်းလုပ်ငန်းကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၄၉ ဒသမ ၇၅ သန်းဖြင့် တင်ဒါအောင်မြင်သည့် ရောင်စဉ်ပွင့်သစ်ကုမ္ပဏီက ဇွန်လပထမပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုအခါ လုပ်ငန်းများ ၆၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါကုန်ထုတ်လမ်း ဆောင်ရွက်ပြီးစီးပါက နားလန်းကျေးရွာနှင့် စုပုံကျေးရွာများရှိ အိမ်ခြေ ၄၀၊ လူဦးရေ ၉၈ ဦးတို့၏ တောင်ယာဧက ၈၀ ကျော်ကို အကျိုးပြုမည်ဖြစ်ကြောင်း ကျိုင်းတုံခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းနိုင်က ပြောပြ၍ သိရသည်။

**ကျော်စိုး**

# နတ်တလင်းမြို့နယ် ကျွန်းကတုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေလွှဲပြောင်းပေးအပ်

**နတ်တလင်း အောက်တိုဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် နတ်တလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) ရန်ပုံငွေလွှဲပြောင်းပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းက ကျွန်းကတုတ်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) မတည်ရန်ပုံငွေများဖြင့် နေကြာအပါအဝင် အခြားဆီထွက်သီးနှံများ စိုက်ပျိုးရန် မျိုးစေ့ဝယ်ခြင်း၊ စိုက်ပျိုးရေးသွင်းအားစုများဝယ်ယူခြင်း စသည်တို့အတွက် တောင်သူများအဆင်ပြေစေရန်ရည်ရွယ်၍ ရန်ပုံငွေလွှဲပြောင်းပေးအပ်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နတ်တလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်ထွန်းက နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသည့် နေကြာအပါအဝင် ဆီထွက်သီးနှံတိုး‌ချဲ့စိုက်ပျိုးရေးနှင့် ပံ့ပိုးဆောင်ရွက်ပေးမည့်အခြေအနေများ၊ စီမံကိန်းနှင့် ပတ်သက်၍ လိုက်နာရမည့် စည်းကမ်းများ၊ ကျေးရွာတွင် လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များ၊ အတိုးနှုန်းနှင့် ချေးငွေကာလ သတ်မှတ်ချက်များ၊ ဆီထွက်သီးနှံအတွက် စိုက်ပျိုးရေးသွင်းအားစုများနှင့် မျိုးစေ့များ ပံ့ပိုးပေးမည့် အခြေအနေများ စသည့်အကြောင်းအရာများကို ကဏ္ဍအလိုက် ရှင်းလင်းပြောကြားသည်။

ထို့နောက် နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုး၊ နတ်တလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်ထွန်းတို့က ကျေးရွာမြစိမ်းရောင်စီမံကိန်း လုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးထံ မတည်ရန်ပုံငွေကျပ် သိန်း ၁၀၀ လွှဲပြောင်းပေးအပ်ခဲ့ပြီး နတ်တလင်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ကျော်ဦးက နေကြာစိုက်ပျိုးမည့် တောင်သူများထံသို့ နေကြာမျိုးစေ့နှင့် မြေဩဇာတို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**သန္တာ**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁၆-၁၀-၂၀၂၂**

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၂၃၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၄၁၂၀၀၀ |
| **(ဖွဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ဧည့်ဗီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀/၁၂၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၅၈၃၅/၅၈၅၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၇၀၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၈၄၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၀၁၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၀၃၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၁၀၀ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြို့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေးသင်တန်းသားများအလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၁၂-၁၂-၂၀၂၂ ရက်နေ့တွင် အသက် ၁၆ နှစ်ပြည့်ပြီး ၁၉ နှစ် ၆ လထက်မကြီးရ။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

(င) အနည်းဆုံးအရပ်(၅)ပေ(၂)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၄၀)ထက်မကျော်ရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ (Myawady Webportal (www. myawady.net.mm/Sgt(male))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၈-၁၀-၂၀၂၂ ရက်နေ့မှ ၃၀-၁၁-၂၀၂၂ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှတင်ပြသည့်နေ့ မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ။

(င) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)(မိတ္တူ)။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်းထောက်ခံချက်။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ဌာနချုပ်များအစီအစဉ်ဖြင့် တပ်မတော်(ကြည်း)၊ အမှတ်(၁)အရာခံနှင့်အကြပ်ကြီး သင်ကျောင်းသို့ ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ ရုံးလုပ်ငန်းဆိုင်ရာတို့အပြင် ကွန်ပျူတာနှင့်အင်္ဂလိပ်စာဘာသာရပ်တို့ကို ၂ နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip,C.S(Diploma in Computer Studies)ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ(၂)နှစ်အတွင်း ခြေလျင်တပ်သားသစ်သင်တန်းကာလတွင် သတ်မှတ်ထားသော တပ်သားသစ်လစာ(၁၄၄၀၀၀) ကျပ်ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်းပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ သတ်မှတ်ထားသော တပ်သားအခြေခံ လစာ(၁၅၀၀၀၀)ကျပ်ကိုလည်းကောင်းရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း)အခြေခံ လစာ(၂၀၄၀၀၀)ကျပ်၊ အရည်အချင်းလစာ(၄၀၀၀)ကျပ်နှင့် စရိတ်များခံစားခွင့်ရရှိမည်။

၆။ လုပ်သက် ၂ နှစ်ပြည့်သည့်အခါ အဆင့်/အတန်းတိုးမြှင့်ရေးအတွက် ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ အောင်မြင်ပါက အောက်ပါအတိုင်း အဆင့်/အတန်းများတိုးမြှင့်ရရှိနိုင်ပြီး ယှဉ်တွဲဖော်ပြပါလစာနှင့် သတ်မှတ်စရိတ်များခံစားခွင့်ရှိမည်-

| အဆင့်အတန်း | အခြေခံ လစာ | အရည်အချင်း လစာ | ပေါင်း |
|---|---|---|---|
| (က) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (ဒုတိယတန်း) | ၂၀၄၀၀၀ | ၆၀၀၀ | ၂၁၀၀၀၀ |
| (ခ) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (ပထမတန်း) | ၂၀၄၀၀၀ | ၈၀၀၀ | ၂၁၂၀၀၀ |
| (ဂ) ဒုတိယအရာခံဗိုလ် (စာရေး/ကွန်ပျူတာ) | ၂၄၀၀၀၀ | ၈၀၀၀ | ၂၄၈၀၀၀ |
| (ဃ) အရာခံဗိုလ် (စာရေး/ကွန်ပျူတာ) | ၂၅၈၀၀၀ | ၈၀၀၀ | ၂၆၆၀၀၀ |

**မှတ်ချက်။** နှစ်တိုးလစာကို ၂ နှစ်လျှင်(၂၀၀၀)ကျပ်နှုန်းဖြင့် (၁၀၀၀၀)ကျပ်အထိခံစားခွင့်ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် ဆက်လက်ဖြေဆိုနိုင်သည်။

၈။ ဘွဲ့ရရှိပြီးသူ တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)များသည် စစ်မှုထမ်းသက် ၆ နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း၊ ဘွဲ့မရသေး သူများသည် စစ်မှုထမ်းသက် ၈ နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း ဗိုလ်လောင်းသင်တန်းသို့ လျှောက်ထားနိုင်သည်။

၉။ ထို့အပြင် ဘွဲ့ရရှိပြီးသူ တပ်ကြပ်ကြီး (စာရေး/ကွန်ပျူတာ)များသည် စစ်သံစစ်မှုထမ်းစာရေးအဖြစ် စိစစ်ရွေးချယ်ခံရပါက နိုင်ငံခြား ရှိ **မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)ရုံးများ**တွင် မိသားစုနှင့်အတူသွားရောက်၍ အမှုထမ်းဆောင်နိုင်ခွင့်ရှိသည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက နီးစပ်ရာ တပ်/ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

**Myanmar Mobile Money(MMM)** မှ လက်ရှိရယူနိုင်သောဝန်ဆောင်မှုများအပြင်

**Digital Mobile Money-DMM(App)** ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများကိုထပ်မံရယူနိုင်ပါပြီ။

ပြည်တွင်း/ပြည်ပမှ ပြည်တွင်းငွေလွှဲခြင်း၊ ဝန်ထမ်းလစာ/ပင်စင်လစာထုတ်ပေးခြင်း၊

လျှပ်စစ်မီတာခများ ပေးဆောင်ခြင်း၊ မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊

E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း၊ e-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊

နှစ်အတွင်း ကာလတိုချေးငွေလျှောက်ထားခြင်း၊ဒီဂျစ်တယ်လူမှုဘဝဆိုင်ရာ ဝန်ဆောင်မှုများပေးခြင်း



မြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်းအတွက်
**Customs Duty** များပေးဆောင်ရာတွင်
**MMM Service** အသုံးပြု၍
လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ပါပြီ။

အငြိမ်းစား လစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် –အမှတ်(၅၁)၊ ပိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း –၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၀၁၅၂၁

နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် –မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း –၀၉ ၃၁၀၀ ၁၅၃၄

မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း –၀၉ ၃၁၀၀ ၁၅၃၆

FDA ထောက်ခံချက်အမှတ် –1907 PC 0040

# ထာဝရလှပသော အပြုံးအတွက်

# DENTOMEC

သွားဆရာဝန်များ၏ထောက်ခံချက်ရရှိထားပါသည်။




ပင်ရင်းအရောင်းဌာန – ဖုန်း– ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် –မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

အမှတ်-၂၊ မြို့သစ်(၄)ရပ်ကွက်၊ မတ္တရာမြို့နယ်၊ အောင်မြေသာစံခရိုင်၊ မန္တလေးတိုင်းဒေသကြီးတွင် ကျွန်တော် ဦးငွေမင်း သည် အောက်ဖော်ပြပါ တံဆိပ်အမည် (၁)မျိုး-

(၁) **Super**

အမည်တံဆိပ်ဖြင့် သောက်ရေသန့်ထုတ်လုပ်ရောင်းချရန် စီစဉ်ထားရှိပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတစ်ဝန်းတွင်ရှိသော သောက်ရေသန့်စက်ရုံများမှ အမည်တူရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်၍ဖြစ်စေ၊ ဖုန်းဖြင့်ဆက်သွယ်၍ဖြစ်စေ ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက သတင်းစာကြေညာချက်နှင့်အတူ အသုံးပြုလိုသော အမှတ်တံဆိပ်အမည်ဖြင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ အမည်တူထောက်ခံချက် ဆက်လက်လျှောက်ထားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဆက်သွယ်ရန်-

ဦးငွေမင်း
၉/ မတရ(နိုင်)၁၀၆၀၇၉
ဖုန်း ၀၉-၇၉၃၈၄၄၈၃၃

## အထူးဝမ်းနည်းကြေကွဲခြင်း

မုံရွာမြို့ ကွေ့ကြီးရပ်ကွက်နေ (ဦးစောလှိုင်)+(ဒေါ်သောင်းမြ) သီဟ-ချည်မျှင်စက်၏သား၊ မန္တလေးမြို့ မဟာအောင်မြေမြို့နယ် တာရဲတန်းရပ်ကွက်နေ (ဦးမြသောင်း+ဒေါ်စန်းစန်း) (ရွှေငါး-စက်မှုလက်မှု)တို့၏ သားသမက်၊ ဒေါ်ဝင်းဝင်းမေ၏ ခင်ပွန်း၊
ကိုကျော်စိုးဟန်+မဆုမြတ်လှိုင်၊ ကိုဇော်ထက်အောင်+မထက်ထက်ဝင်း၊
ကိုသန့်ဇင်အောင်+မနန်းအေးအေးသင်းတို့၏ ဖခင်၊ မြေး (၅)ယောက်တို့၏ ဘိုးဘိုးကြီး

**ဦးအောင်ဝင်း (ခ) ဘမှုန် အသက် ၆၈ နှစ်**

သည် ၁၆-၁၀-၂၀၂၂ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဦးတင်အောင်+ဒေါ်စန်းဦး
DD ပင်လယ်စာရောင်းဝယ်ရေး
တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။

**သစ်ပင်စိုက်မှ အရိပ်ရ၏ ရိပ်ခိုနားနေ အပန်းပြေ၏**

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။
၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။
၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။
၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။
၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်**

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ် စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက် အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသား ယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲကျင်းပနိုင်ဖို့အတွက် တိုင်းပြည်ဟာ တည်ငြိမ်အေးချမ်းမှုရှိဖို့လိုပါတယ်။ ပြည်သူလူထုတစ်ရပ်လုံးအနေနဲ့ မည်သည့်ပုံစံနဲ့ မဆို ခြိမ်းခြောက်အကျပ်ကိုင်၊ ဖိအားပေးခံရမှုမရှိဘဲ မိမိဆန္ဒအတိုင်း မဲပေးဖို့လိုအပ်ပါ တယ်။ လာမယ့်အထွေထွေရွေးကောက်ပွဲမှာ တစ်နိုင်ငံလုံး လွတ်လပ်ပြီးတရားမျှတစွာ နေရာအနှံ့အကြားအလပ်မရှိ ကျင်းပနိုင်ရမှာဖြစ်ပါတယ်။ ရွေးကောက်ပွဲမှာတရားမျှတမှု နဲ့ ခြိမ်းခြောက်အကျပ်ကိုင်မှုတွေမရှိစေဖို့အတွက် လက်နက်ကိုင်ပဋိပက္ခတွေချုပ်ငြိမ်းဖို့ လိုအပ်ပါတယ်။ ရွေးကောက်ပွဲကျင်းပနိုင်ဖို့ နိုင်ငံရေးနဲ့ လုံခြုံရေးအခြေအနေ အမြန်ဆုံးတည်ငြိမ်ဖို့ ပြည်သူ့လုံခြုံရေးစနစ်ကို ကျွန်တော်တို့ မြှင့်တင်ဆောင်ရွက် သွားမှာဖြစ်ပါတယ်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဩဂုတ် ၁ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁ နှစ်နှင့် ၆ လ(၁၈လ) ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**

၁-၈-၂၀၂၂

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း

## ၂၀၂၂ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား





**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၂ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။**

**နေပြည်တော် အောက်တိုဘာ ၁၆**

၂၀၂၂ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊နိုင်ငံခြား သံတမန်များ၊ဌာနဆိုင်ရာအကြီးအကဲများ၊လယ်ယာ စီးပွားလုပ်ငန်းရှင်များ၊ ဆုရရှိကြသူများနှင့်တာဝန် ရှိသူများတက်ရောက်ကြပြီး နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနများမှ တာဝန် ရှိသူများက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက် ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ **စာမျက်နှာ ၂၀ ကော်လံ ၁ ☆**

## (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

၂၀၂၂ခုနှစ် (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဆုချီးမြှင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၈ ရက်တွင် နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနားကျင်းပပုံများကို အောက်တိုဘာ ၁၈ ရက် နံနက် ၈ နာရီ မိနစ် ၅၀ မှစတင်ပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV-HD၊ MRTV News၊ MWD၊ MWD Variety၊ MITV၊ Channel 7၊ 5 Plus၊ Channel 9၊ တိုင်းရင်းသား Channel၊ MOI Website၊ MOI Youtube၊ MRTV Website နှင့် မြန်မာ့အသံရေဒီယို၊ သဇင် FM၊ မန္တလေး FM၊ ပဒ္မဝတီ FM၊ ရွှေ FM၊ ပတ္တမြား FM၊ FM ပုဂံ၊ ချယ်ရီ FM နှင့် Star FM တို့မှ တိုက်ရိုက်(LIVE) ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

